# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၀၅]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးသည် လက်ဦးဆရာ၊ ဆရာမများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ပေါ်တွင် မူတည်

**၂၀၁၅ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာ**

**ဆရာ၊ ဆရာမအပေါင်းတို့ခင်ဗျား-**

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ကမ္ဘာ့ဆရာများနေ့တွင် ဆရာ၊ ဆရာမများ၏ အရေးပါမှုနှင့် ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း၌ ကျင်းပကြပါသည်။ မြန်မာလူ့အဖွဲ့အစည်းတွင် ရှေးယခင်ကတည်းက ဆရာ၊ ဆရာမများကို အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များအဖြစ်လည်းကောင်း၊ လေးစားအတုယူထိုက်သည့် ပုဂ္ဂိုလ်များအဖြစ်လည်းကောင်း ရှေ့တန်းတင် ဂုဏ်ပြုချီးမြှောက်သည့် အစဉ်အလာရှိပြီးဖြစ်ပါသည်။

မျက်မှောက်ကာလသည် ပညာခေတ်ကို ဖော်ဆောင်လျက်ရှိသော ရာစုနှစ်ဖြစ်သည်နှင့်အညီ ပညာရည်ပြည့်ဝသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် လိုအပ်ပေသည်။ ထိုသို့ တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသော

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး စီစဉ်ဆောင်ရွက်နေ



လာမည့်နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေတော့မည်။

ဒီတစ်ခါရွေးကောက်ပွဲကြီးသည် ယခင့်ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ ရွေးကောက်ပွဲအတွေ့အကြုံများအရ စည်းကမ်းစနစ်ကျနမှုရှိပြီး တရားမျှတမှုအရှိဆုံးနှင့် လွတ်လပ်မှုအရှိဆုံးဖြစ်အောင် ရွေးကောက်ပွဲတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့်လည်း မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး

*စာမျက်နှာ ၆ ကော်လံ ၁* ●

**ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး ဝန်ထမ်းများ အဆင့်လိုက် ခေါက်၊ ချုပ်တွဲလုပ်ငန်းများ ပြုလုပ်နေစဉ်။**

အမေးအရေး
မြင့်မောင်စိုး
ဓာတ်ပုံ-ကျော်သူဝင်း




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရွှေ့ပြောင်းလုပ်သားနှင့် အန္တရာယ်

ပြည်တွင်းမှလုပ်သားများသည် လုပ်ခလစာပိုမိုရရှိလိုသော ရည်ရွယ်ချက်ဖြင့် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ ဤသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ကြရာတွင် တရားဝင်လမ်းကြောင်းမှ သွားရောက်ကြသူများရှိသလို တရားမဝင်သွားရောက်သူများလည်း ရှိပါသည်။ အများစုမှာ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြသူများ ဖြစ်သည်။

ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ရာတွင် တရားမဝင်လမ်းကြောင်းမှ သွားရောက် အလုပ်လုပ်ကိုင်ခြင်းသည် အန္တရာယ်ကြီး လွန်းလှပေသည်။ လူမှောင်ခိုကူးခံရခြင်း၊ အလိမ်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရခြင်းစသော အန္တရာယ်များနှင့်ရင်ဆိုင်ရဖွယ်ရှိပါသည်။

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများအဖြစ် အဓိကသွားရောက်လေ့ရှိသောနိုင်ငံများမှာ လုပ်ခလစာပိုရနေသော အာဆီယံနိုင်ငံများတွင်ဖြစ်သည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၌ ဖြစ်သည်။ ထိုင်းနိုင်ငံသည် ရေမြေချင်းဆက်စပ်နေသည့်အလျောက် ရွှေ့ပြောင်းလုပ်သားများအဖြစ်သွားလာမှုမှာလည်း အများဆုံး ဖြစ်သည်။

ယခုအခါ နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးရေးကို အာဆီယံမူဘောင်များအတွင်းမှ အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်လာသည့်အလျောက် တရားမဝင်မြန်မာရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်ပို့ခံရမှု များပြားလာလျက်ရှိသည်။ မကြာသေးသည့်လများက ထိုင်းနှင့် မလေးရှားနိုင်ငံတို့၌ တရားမဝင်မြန်မာရွှေ့ပြောင်းလုပ်သားများအား နေရပ်ပြန်ပို့ရေး အစီအမံများကို တိုးချဲ့လုပ်ဆောင်လာသည်ကို သတိပြုမိသည်။ ယခုရက်ပိုင်းအတွင်း တရားမဝင်မြန်မာရွှေ့ပြောင်းလုပ်သား ၁၇ ဦးအား ထိုင်းနိုင်ငံ တောတောင်တစ်ခုအတွင်း လိမ်လည်စွန့်ပစ်သွားသည်ဆိုသော သတင်းတစ်ရပ်ကိုလည်း ကြားသိရသည်။ ဤဖြစ်ရပ်များက တရားမဝင်သွားရောက်သူများအဖို့ အလွန်အန္တရာယ်များသည်ကို သင်ခန်းစာယူဖွယ်ပင်ဖြစ်သည်။

ယနေ့အချိန်သည် အစိုးရချင်းဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည့်အလျောက် တရားဝင်ရွှေ့ပြောင်းသွားလာခြင်းကို အားပေးပြီး တရားမဝင်သွားလာလုပ်ကိုင်ခြင်းကို အားမပေးဘဲ တားဆီးမှုများ ပြုလုပ်လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်အောင်လည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် တရားမဝင်သွားရောက်နေခြင်းကို စွန့်လွှတ်ရတော့မည်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်မည်ဟု စိတ်ကူးထားလျှင် တရားဝင်သွားရောက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပြီး အန္တရာယ်ကင်းမည်ဆိုသည်ကို အသိပေးတင်ပြအပ်ပါကြောင်း။ ။

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၊ မဟာမိတ်တောင်သူလယ်သမားပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့်ရွှေFMတို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၆ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# စီမံခန့်ခွဲမှုသင်တန်းဆင်း

**မန္တလေး အောက်တိုဘာ ၄**

ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၆) သင်တန်းဆင်းအခမ်းအနားကို အောက်တိုဘာ ၂ ရက်က နဝရတ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**




# ကျေးရွာနေပြည်သူများအား မြေငှားဂရန်များပေးအပ်

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၄**

ကရင်ပြည်နယ်ကော့ကရိတ်ခရိုင်ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းရွှေဒိုးကျေးရွာအုပ်စု ရွှေဒိုးကျေးရွာမှ ဒေသခံပြည်သူများအား မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်က ရွှေဒိုးကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ခိုင်က အမှာစကားပြောကြားပြီး မြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေငှားဂရန်များကို ဒေသခံပြည်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ရာ အိမ်မြေပိုင်ရှင် ၁၃၉ ဦးရှိသည့်အနက် အိမ်မြေပိုင်ရှင် ၁၃၈ ဦးကို မြေငှားဂရန်များထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ရောဝတီမြစ် ကမ်းပါးပြို၍ နေအိမ်များ ပြောင်းရွှေ့ရ

**ဗန်းမော် အောက်တိုဘာ ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ဗန်းမော်မြို့နယ် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) မဲဆန္ဒနယ်ကိုယ်စားလှယ်လောင်း ဦးဇော်နော်တို့သည် အောက်တိုဘာ ၄ ရက်က ဗန်းမော်မြို့မှ ရောဝတီမြစ်တစ်ဖက်ကမ်း သပြေကုန်းကျေးရွာသို့ စက်လှေ (အမြန်ယာဉ်) ဖြင့် သွားရောက်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုး၊ ရပ်မိရပ်ဖများနှင့်အတူ ရောဝတီ မြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျပြီး နေအိမ်များပြောင်းရွှေ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သပြေကုန်းကျေးရွာသည် အိမ်ခြေ ၁၄၀ ရှိပြီး ၃၄ အိမ်ပျက်စီးပြောင်းရွှေ့ခဲ့ပြီးဖြစ်သည်။ နောက်ထပ် ၁၀ အိမ်ခန့် ပြောင်းရွှေ့ရန်ရှိ၍ ရေဘေးသင့်ပြည်သူများ အကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၆ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# နိုင်ငံတော်သည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ ပံ့ပိုးပေးလျက်ရှိသည်နှင့်အညီ ဆရာ ဆရာမများအနေဖြင့်လည်း မြန်မာ့ပညာရေး နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

◆ *ရှေ့ဖုံးမှ*

လူသားအရင်းအမြစ်များမွေးထုတ်ရေးသည် အဓိကပဓာနဖြစ်ပြီး အရည်အချင်းပြည့်ဝသော ဆရာများကသာ စွမ်းဆောင်ရည် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံများ၏ ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Sustainable Development Goals) တွင် ပညာရေးဆိုင်ရာရည်မှန်းချက်တစ်ခု ပါဝင်ပါသည်။ ယင်းရည်မှန်းချက်မှာ **'အားလုံးပါဝင်နိုင်ပြီး တန်းတူညီမျှသည့် အရည်အသွေးမြင့်ပညာရေးနှင့် တစ်သက်တာသင်ယူနိုင်မည့်အခွင့်အလမ်းကို အားပေးမြှင့်တင်ရေး'** ဖြစ်ပါသည်။ ထိုရည်မှန်းချက်ပြည့်မီရေးအတွက် ဆရာများ၏ အခန်းကဏ္ဍနှင့် အရည်အသွေးမြှင့်တင်ရန် လိုအပ်လာသည့်အတွက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်ကို **'လူ့အဖွဲ့အစည်း စဉ်ဆက်မပြတ် တိုးတက်ရေး၊ ဆရာ့စွမ်းရည်မြှင့်တင်ပေး'** **'Empowering Teachers, Building Sustainable Societies'** ဟု ဖော်ညွှန်းထားပါသည်။

မြန်မာနိုင်ငံ၌ အခြေခံပညာကဏ္ဍတွင် ကျောင်းသားဦးရေ ၈ ဒသမ ၈ သန်းနှင့် ဆရာဦးရေ(သုံးသိန်း)ကျော်ရှိပြီး အဆင့်မြင့်ပညာနှင့် သက်မွေးပညာကဏ္ဍတွင် ကျောင်းသားဦးရေ ခြောက်သိန်းကျော်နှင့် ဆရာဦးရေ နှစ်သောင်းကျော်ရှိပါသည်။ နှစ်စဉ်တိုးတက်လာသော ကျောင်းသားအရေအတွက်နှင့် ဆရာအင်အား အချိုးညီစေရေးအတွက် ဆရာများလေ့ကျင့်မွေးထုတ်ရေး၊ တိုးချဲ့ခန့်ထားရေး၊ ဆရာများ၏ လုပ်ငန်းခွင်ဘဝသာယာရေးနှင့် လူမှုဘဝအဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက အစီအမံများချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်၍ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း(CESR)ကို ပြည်တွင်း ပြည်ပ ပညာရှင်များပါဝင်သောအဖွဲ့က ဆောင်ရွက်ခဲ့ပြီး CESR အစီရင်ခံစာတွင် ပညာရေးကဏ္ဍကို နိုင်ငံတကာ အဆင့်မီပညာရေးဖြစ်အောင် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ပညာရေးမူဝါဒများနှင့် ပညာရေးဥပဒေကို ခိုင်ခိုင်မာမာချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်အကြံပြုခဲ့ပါသည်။ ယင်းအကြံပြုချက်အရ ပညာရေးဥပဒေကို ပညာရှင်များကရေးဆွဲ၍ အများဆန္ဒသဘောထားများရယူကာ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမျိုးသားပညာရေးဥပဒေကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။

အမျိုးသားပညာရေးဥပဒေအရ ကျင့်သုံးအကောင်အထည်ဖော်မည့် အမျိုးသားပညာရေးစနစ်တွင် မူကြိုပညာရေးနှင့် မူလတန်းပညာရေးသည် အခြေခံကျပြီး အရေးအကြီးဆုံးဖြစ်ပါသည်။ ပြဋ္ဌာန်းပြီးသည့် ဥပဒေနှင့်အညီ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်းကို သင်ရိုးအသစ်ပြောင်းလဲပြီး စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆင့်မြင့်ပညာရေးတွင်လည်း တက္ကသိုလ်၊ ကောလိပ်များသည် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး ဆရာ ဆရာမများသည် ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့်သင်ယူလေ့လာမှု လွတ်လပ်ခွင့်များ ရရှိမည်ဖြစ်ပါသည်။

ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးသည် လက်ဦးဆရာ ဆရာမများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ပေါ်တွင် မူတည်ပါသည်။ ထို့ပြင် ပညာရေးရည်မှန်းချက်များဖြစ်သည့် သာတူညီမျှသောပညာရေး၊ လူတိုင်းသင်ယူနိုင်ခွင့်ရှိသော ပညာရေးနှင့် အရည်အသွေးရှိသော ပညာရေးဖြစ်လာရန်မှာ ဆရာများ၏ ဩဇာတိက္ကမနှင့် စွမ်းဆောင်ရည်ပေါ်တွင် တည်မှီလျက်ရှိပါသည်။

နိုင်ငံတော်သည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ ပံ့ပိုးပေးလျက်ရှိသည်နှင့်အညီ ဆရာ ဆရာမများအနေဖြင့်လည်း မြန်မာ့ပညာရေး နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

**(သတင်းစဉ်)**

---

### ကမ္ဘာ့ဆရာ ဆရာမများနေ့ အခါသမယတွင် ပေးပို့သောပူးတွဲသဝဏ်လွှာ

# လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်တိုးတက်ရေး ဆရာ့စွမ်းရည်မြှင့်တင်ပေး

**၅-၁၀-၂၀၁၅**

နှစ်စဉ်ကမ္ဘာ့ဆရာဆရာမများနေ့တွင် ဆရာ ဆရာမများကိုလည်းကောင်း၊ မည်သည့်နေရာဒေသတွင်မဆို ကလေးသူငယ်များကို အရည်အသွေးမြင့်မားသော ပညာရေးဖြည့်ဆည်းပေးရာတွင် ဆရာဆရာမများပါဝင်ရသည့် ဗဟိုအချက်အချာ အခန်းကဏ္ဍကိုလည်းကောင်း ချီးကျူးဂုဏ်ပြုကြပါသည်။ ယနေ့တွင် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များအတွက် ၂၀၃၀ ပြည့်နှစ် လုပ်ငန်းစဉ်သစ်အတွက် ကမ္ဘာ့အသိုက်အဝန်းတစ်ရပ်လုံး စုစည်းလာချိန်တွင် ဆရာဆရာမများ၏ အခန်းကဏ္ဍမှာ အရေးကြီးဆုံးနေရာသို့ ရောက်ရှိလာပါသည်။

ကမ္ဘာတစ်ဝန်း ပညာရေးရည်မှန်းချက်သစ်ဖြစ်သည့် SDG 4 မှာ ၂၀၃၀ ပြည့်နှစ် ပညာရေးလုပ်ငန်းစဉ်၏ ဗဟိုအချက်အချာဖြစ်ပါသည်။ "အများပါဝင်ပြီး သာတူညီမျှရှိသော အရည်အသွေးမြင့်ပညာရေးဖြစ်စေရန် ဆော်ဩထားပြီးအားလုံးအတွက် တစ်သက်တာလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများကို အားပေးမြှင့်တင်ပါသည်။" ဤရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရေးမှာ ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးရေး လျာထားချက်များအားလုံး အောင်မြင်ရေးအတွက် အထူးအရေးကြီးပါသည်။ အင်အားတောင့်တင်းသော လူ့အဖွဲ့အစည်းများဖြစ်ရန်မှာ နိုင်ငံသားများပညာရေးကောင်းမွန်ပြီး အလုပ်သမားအင်အားစုမှာ လေ့ကျင့်ရေးကောင်းမွန်ရန် လိုအပ်ပါသည်။ သို့ရာတွင် ဆရာ ဆရာမများကိုခေါ်ယူခန့်ထားခြင်း၊ ပံ့ပိုးမှုပေးခြင်းနှင့် စွမ်းဆောင်နိုင်စေခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှသာ ဤအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ပါမည်။

ကလေးသူငယ်များ လေ့လာသင်ယူမှုတွင် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးသည် အရေးကြီးဆုံးအကြောင်းအချက်ဖြစ်သည်ဟု ပိုမို၍ အသိအမှတ်ပြုလာကြပါသည်။ သို့ဖြင့် ပညာရည်အဆင့် တိုးတက်ကောင်းမွန်ရန်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်းနှင့် ယနေ့ အသိပညာအခြေခံစီးပွားရေးတွင် လူငယ်များပါဝင်လုပ်ကိုင်နိုင်စွမ်းတိုးမြင့်ရန် လည်းကောင်း၊ ထုတ်လုပ်မှုစွမ်းအားနှင့် ကြွယ်ဝချမ်းသာမှုကို မြှင့်တင်ရာတွင် လည်းကောင်း ဆရာ ဆရာမများမှာ အရေးကြီးဆုံး အကြောင်းအချက်ဖြစ်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော ရပ်ရွာအသိုက်အဝန်းများနှင့် ပဋိပက္ခကြောင့် ထိခိုက်သောနိုင်ငံများတွင် အရည်အသွေးမြင့်မားသော ပညာရေးသည် ကလေးသူငယ်၏ဘဝကို ပြောင်းလဲသွားစေနိုင်ပါသည်။ ကြီးမားသော စိန်ခေါ်မှုအခက်အခဲများကို ကျော်လွှားနိုင်ရန် ကလေးသူငယ်များကို အထောက်အကူပြုလျက် ပိုမိုကောင်းမွန်သောဘဝ၊ ပိုမိုတောက်ပသော အနာဂတ်များဖြစ်စေရန် ကြိုတင်ပြင်ဆင်ပေးနိုင်ပါသည်။ သို့ရာတွင် ယခုအခါ ကမ္ဘာတစ်ဝန်း၌ ဆရာ ဆရာမအများအပြားမှာ တန်ဖိုးထားခြင်းမခံရဘဲ စွမ်းဆောင်နိုင်ခြင်းလည်း ကင်းမဲ့နေပါသည်။ အရည်အသွေးမြင့်မားသော ဆရာ ဆရာမများ မလုံလောက်မှု၊ လေ့ကျင့်သင်တန်းပေးမှု ရရှိထားသော ဆရာ ဆရာမ များညီမျှစွာ ပျံ့နှံ့တာဝန်ထမ်းဆောင်နေခြင်း မရှိမှု၊ သင်ကြားရေးအတွက် အမျိုးသားအဆင့် စံနှုန်းများမလုံလောက်မှု သို့မဟုတ် မရှိမှုတို့ တိုးပွားနေပါသည်။ ယင်းတို့အားလုံးမှာ ပညာသင်ယူနိုင်မှုနှင့် တတ်မြောက်မှုတွင် သာတူညီမျှမှုမရှိဘဲ လစ်ဟာချက်များကြီးမားနေရသည့် အဓိကအကြောင်းအချက်များဖြစ်ပါသည်။ အဆင်းရဲဆုံးဒေသများနှင့် ကျောင်းများ၊ အငယ်ဆုံးအတန်းများမှာ လိုအပ်ချက်အများဆုံးဖြစ်ပြီး ထိခိုက်မှုလည်း အများပြားဆုံးဖြစ်တတ်ပါသည်။ ဤအချက်မှာ အလွန်စိတ်မသက်မသာဖြစ်ဖွယ်ရာ လစ်ဟာချက်ဖြစ်ပါသည်။ ကလေးသူငယ်များကို ငယ်ရွယ်စဉ်တွင် ပညာသင်ကြားပေးနိုင်ခြင်းသည် ဖွံ့ဖြိုးရေးအတွက် အထူးအရေးပါသည်ဟု လေ့လာချက်များတွင် တွေ့ရှိရခြင်းကြောင့် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး မူလတန်းပညာရေး အောင်မြင်စွာ သင်ကြားနိုင်ရန် နိုင်ငံများအနေဖြင့် မူလတန်း ဆရာ ဆရာမ စုစုပေါင်း ၁၀ ဒသမ ၉ သန်းခေါ်ယူရန် လိုအပ်မည်ဟု ယူနက်စကို စာရင်းအင်းသိပ္ပံအနေဖြင့် ခန့်မှန်းထားပါသည်။ ဤအတွက် အရေးတယူမဆောင်ရွက်ပါက ပညာရေးပဋိပက္ခ ဖြစ်ပွားလာနိုင်ပါသည်။ ဖြစ်လာလတ္တံ့သော ပဋိပက္ခကို အသိအမှတ်ပြုသောအားဖြင့် "ဆရာ ဆရာမများနှင့် သင်ကြားရေးပညာရှင်များသည် စွမ်းဆောင်နိုင်ပြီးအရေအတွက် လုံလောက်စွာ ခန့်အပ်ထားရှိလျက် လေ့ကျင့်သင်တန်းပေးမှုကောင်းမွန်ပြီး ပရော်ဖက်ရှင်နယ်အဖြစ် အရည်အချင်းပြည့်မီသူများ၊ စိတ်အားထက်သန်သူများ ဖြစ်စေရန်နှင့် အရင်းအမြစ်ပြည့်စုံပြီး တွင်ကျယ်လျက် အုပ်ချုပ်မှုထိရောက်သော စနစ်များအတွင်း ပံ့ပိုးမှုရရှိစေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း" တောင်ကိုရီးယားနိုင်ငံ အင်ချွန်တွင် ကျင်းပပြုလုပ်ခဲ့သော ၂၀၁၅ ခုနှစ် ကမ္ဘာ့ပညာရေးဆွေးနွေးပွဲတွင် ခေါင်းဆောင်များက ကတိကဝတ်ပြုခဲ့ကြပါသည်။ နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပပြုလုပ်သော "ဖွံ့ဖြိုးရေးအတွက် ပညာရေး" ထိပ်သီးဆွေးနွေးပွဲတွင်လည်း အရည်အချင်းပြည့်မီသော ဆရာ ဆရာမများ မလုံလောက်မှုကို ဖြေရှင်းဆောင်ရွက်ရေးနှင့် ဆရာ ဆရာမများ ပညာရေးတွင် ရင်းနှီးမြှုပ်နှံရေးတို့ကို ထပ်မံ၍ အထင်အရှား ဖော်ပြခဲ့ပါသည်။

ယခုအခါ ၂၀၃၀ ပြည့်နှစ် ပညာရေးအစီအစဉ်ကို ဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်းအားဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အရည်အချင်းပြည့်မီသော ဆရာ ဆရာမများ တိုးတက်ရရှိနိုင်ရေး လုပ်ဆောင်ရန် သဘောတူညီကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် သေးငယ်သောဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံများတွင် ဆရာ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အပါအဝင်နည်းလမ်းများဖြင့် လုပ်ဆောင်ပါမည်။

ဤလုပ်ငန်းမှာ အရေးပါသော လုပ်ငန်းအဆင့်တစ်ရပ် ဖြစ်ပါသည်။ ယခုအခါ ယင်းကတိကဝတ်များအတိုင်း ပြည့်မီစေရန် ဆောင်ရွက်ရပါမည်။ ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထားလျက် ပညာရေးရည်မှန်းချက်ပန်းတိုင်သစ်နှင့် လျာထားချက်အားလုံးပြည့်မီနိုင်ရန် ကျောင်းတိုင်း၊ ရပ်ရွာတိုင်း၊ ကလေးသူငယ်တိုင်းအတွက် လုံလောက်စွာ အရည်အချင်းပြည့်မီပြီး ကောင်းစွာ ခန့်အပ်တာဝန်ပေးထားသည့် ဆရာ ဆရာမများ၊ စိတ်အားထက်သန်ပြီး ပံ့ပိုးမှုရရှိသော ဆရာ ဆရာမများရှိစေရန် ပိုမိုကြိုးပမ်းအားထုတ်ရမည် ဖြစ်ပါသည်။

ဆရာ ဆရာမများ၊ ဆရာ ဆရာမ အသင်းအဖွဲ့များနှင့် ဆွေးနွေးလျက် သင့်တင့်လျောက်ပတ်သော ဆွဲဆောင်မှုများဖြည့်ဆည်းပေးနိုင်ရေး ခိုင်မာသော မူဝါဒအစီအမံများနှင့် မဟာဗျူဟာများဖော်ထုတ်ရေးဆွဲရန် နိုင်ငံတော်အစိုးရများအနေဖြင့် ဆတက်ထမ်းပိုးကြိုးပမ်း ဆောင်ရွက်ရပါမည်။ လစာအားဖြင့် ယှဉ်ပြိုင်ဆွဲဆောင်နိုင်သော ပမာဏဖြစ်စေခြင်း၊ စိန်ခေါ်မှုရှိသော ပတ်ဝန်းကျင်များတွင် တည်ရှိသည့်ကျောင်းများတွင် သင်ကြားနိုင်ရန်နှင့် သင်ကြားရေးလုပ်ငန်းတွင် ဆက်လက်တည်မြဲစေရန် ရာထူးတာဝန်အဆင့်ဆင့် တိုးမြင့်သွားနိုင်မည့် ရှင်းလင်းသော လမ်းကြောင်းရှိစေခြင်းတို့ အပါအဝင် ဖြစ်ပါသည်။

ဆရာ ဆရာမများ စွမ်းဆောင်နိုင်မှုရှိစေရန် သင့်တင့်ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများ၊ အရင်းအမြစ်ပြည့်စုံပြီး အန္တရာယ်ကင်းရှင်းလျက် ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းပတ်ဝန်းကျင်များ၊ ယုံကြည်မှု၊ ပညာရှင်နှင့် ဆီလျော်သော ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်နှင့် ပညာရေးလွတ်လပ်ခွင့်တို့ကို ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

ဆရာ ဆရာမများ၏ အဆင့်အတန်းနှင့် စပ်လျဉ်း၍ အိုင်အယ်အို/ယူနက်စကို အကြံပြုချက်များ (၁၉၆၆ ခုနှစ်)၊ အဆင့်မြင့်ပညာသင်ကြားရေးပိုင်း ဆရာ ဆရာမများ၏ အဆင့်အတန်းနှင့် စပ်လျဉ်း၍ ယူနက်စကို၏ အကြံပြုချက်များ (၁၉၉၇ ခုနှစ်)နှင့် အစောပိုင်း ကလေးဘဝပညာရေးဝန်ထမ်းများအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ဖြစ်စေရေး အားပေးမြှင့်တင်ခြင်းဆိုင်ရာ အိုင်အယ်အိုမူဝါဒလမ်းညွှန်ချက်များ (၂၀၁၄ ခုနှစ်)တို့သည် ပညာရေးနယ်ပယ်အတွက် အထူးလိုအပ်သော နိုင်ငံတကာ စံနှုန်းများနှင့် သတ်မှတ်ချက်များဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးရေးပညာရေးအစီအစဉ်သစ် စတင်ပြီးနောက် ပထမအကြိမ် ကမ္ဘာ့ဆရာ ဆရာမများနေ့ အခါသမယတွင် ကမ္ဘာပေါ်ရှိ ဆရာ ဆရာမများကို တန်ဖိုးထားရန်၊ ပံ့ပိုးမှုပေးရန်နှင့် စွမ်းဆောင်နိုင်စေရန် ဆောင်ရွက်ကြရေး နိုင်ငံတကာအသိုက်အဝန်းကို တိုက်တွန်းနှိုးဆော်ပါသည်။ အားလုံးအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာလောကကြီးအဖြစ် တည်ဆောက်ရေး ရည်မှန်းချက်များအားလုံးပြည့်မီရေး ဆောင်ရွက်မည့် မျိုးဆက်သစ်ကလေးသူငယ်များကို ဆရာ ဆရာမများက ပညာသင်ကြားပေးကြရခြင်းကြောင့် ဖြစ်ပါသည်။

Irina Bokova ညွှန်ကြားရေးမှူးချုပ်၊ ယူနက်စကို
Guy Ryden ညွှန်ကြားရေးမှူးချုပ်၊ အိုင်အယ်အို
Anthony Lakeအမှုဆောင်ဒါရိုက်တာ၊ ယူနီဆက်
Helen Clark အုပ်ချုပ်ရေးမှူး၊ ယူအင်ဒီပီ
Fred van LEEUWEN အထွေထွေအတွင်းရေးမှူး၊ Education International

---

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၄** နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**



## ဂျပန်နိုင်ငံသားသေဆုံးမှု ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လုံခြုံရေးဆိုင်ရာ သတိပေးမှုမြင့်တက်

**ဒါကာ အောက်တိုဘာ ၄**

ဂျပန်နိုင်ငံသားတစ်ဦး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သေဆုံးမှုဖြစ်ပွားပြီးနောက် ယင်းနိုင်ငံရှိ ဂျပန်သံရုံးနှင့် အခြားတိုင်းပြည်များမှ သံရုံးအရာရှိများက ၎င်းတို့၏ နိုင်ငံသားများကို သတိနှင့်နေရန်နှိုးဆော်ထားသည်။

အောက်တိုဘာ ၃ ရက်က အသက် ၆၆ နှစ်ရှိ ကူနီအိုဟိုရှီသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းရှိ ရန်ပါးလ်တွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ ၎င်းကို အကြမ်းဖက်သမားအုပ်စုက ပစ်သတ်ခြင်းဖြစ်မည်ဟု ယူဆထားသည်။

၎င်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ်လနှောင်းပိုင်းတွင် ဝင်ရောက်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးစီမံကိန်းအတွက် အလုပ်လုပ်နေကြောင်း သက်ဆိုင်ရာ ရဲအဖွဲ့က ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အိုင်အက်စ်အကြမ်းဖက်သမားများသည် ၎င်းသေဆုံးမှုတွင် အဓိက ပါဝင်သူများဖြစ်ကြောင်း အဖွဲ့တစ်ဖွဲ့က အွန်လိုင်း၌ လွှင့်တင်ခဲ့သည်။ သို့သော်လည်း ယင်းဖော်ပြချက်အပေါ် မည်သည့်အတည်ပြုချက်မှ မရရှိသေးပေ။

ဘင်္ဂလားဒေ့ရှ် သံရုံးများက ၎င်းတို့၏ နိုင်ငံသားများကို သတိဝီရိယနှင့်နေရန်နှင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။ **(အင်န်အိတ်ချ်ကေ)**

## တရုတ်နိုင်ငံတောင်ပိုင်း မူဂျီရေး၌ တိုင်ဖွန်းမုန်တိုင်းဝင်

**ကွမ်ကျိုး အောက်တိုဘာ ၄**

ယခုနှစ်၏ ၂၂ ခုမြောက် တိုင်ဖွန်းမုန်တိုင်း မူဂျီရေးသည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်းတုံပြည်နယ်သို့ စက်တင်ဘာ ၄ ရက်က ဝင်ရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ မိုး/ဇလက သတင်းထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်း မုန်တိုင်းသည် ဇန်ကျန်ကမ်းရိုးတန်းမြို့ကို မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ဝင်ရောက်ခဲ့ပြီး တစ်စက္ကန့်လျှင် မီတာ ၅၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း လေ့လာစောင့်ကြည့်သူများက ပြောခဲ့သည်။

အဆိုပါမုန်တိုင်းသည် တနင်္လာနေ့အထိ ဆက်လက်တိုက်ခတ်မည်ဟု ခန့်မှန်းထားပြီး ကမ်းဝေးငါးဖမ်းသင်္ဘော ၃၈၉၀၀ ကို ကမ်းသို့ပြန်ကပ်ရန် သတင်းထုတ်ပြန်ထားသည်။

**(ဆင်ဟွာ)**

## ဆီးရီးယားကိုလေကြောင်းမှ တိုက်ခိုက်ရာတွင် ဗြိတိန်ပါဝင်ရေး လွှတ်တော်တွင်မဲခွဲမှု ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း တွန်းအားပေးဖွယ်ရှိ

**မန်ချက်စတာ အောက်တိုဘာ ၄**

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအနေဖြင့် ဆီးရီးယားရှိ အိုင်အက်စ်တို့အား စစ်ရေးအရ အရေးယူဆောင်ရွက်သွားရေး ဗြိတိသျှပါလီမန်၌ မဲခွဲဆုံးဖြတ်ရန် တွန်းအားပေးသွားဖွယ်ရှိကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာက ရေးသားသည်။

ဆီးရီးယားတွင် ဗြိတိသျှတပ်ဖွဲ့များ စစ်ရေးအရ တိုက်ခိုက်ဖွယ်ရှိကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။ ယခင်ကလည်း ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းအနေဖြင့် အီရတ်မှ ဆီးရီးယားအထိ လေကြောင်းတိုက်ခိုက်မှုကို လိုလိုလားလားရှိနေဖွယ်ရှိသည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြသည်။

ဒေးဗစ်ကင်မရွန်းသည် ၂၀၁၃ ခုနှစ်တွင် ဆီးရီးယား၌ တပ်အသုံးပြုရေး ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာတွင် ရှုံးနိမ့်သွားခဲ့သည်။ ဝန်ကြီးချုပ် ကင်မရွန်းသည် ဆီးရီးယား ပြည်တွင်းစစ်တွင် ရုရှားပါဝင်လာခြင်းဖြင့် ဗြိတိန်က အိုင်အက်စ်တို့အား တိုက်ခိုက်ရန်ကြိုးပမ်းမှုကို ဟန့်တားနိုင်လိမ့်မည်ဟု မယုံကြည်ကြောင်း အဆိုပါသတင်းစာက ဖော်ပြသည်။

မိမိတို့အနေဖြင့် အကြီးမားဆုံးသော အကြမ်းဖက်ခြိမ်းခြောက်မှုကို လက်တုံ့ပြန်သွားရမည်ဖြစ်ကြောင်း ဒေးဗစ်ကင်မရွန်း၏ ပြောကြားချက်ကို ကိုးကားပြီး ၎င်းသတင်းစာက ဖော်ပြသည်။

**(ရိုက်တာ)**

## ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှု အရှိန်မြှင့်သွားမည်ဟု ရုရှားဆို

**မော်စကို အောက်တိုဘာ ၄**

ဆီးရီးယားရှိ အိုင်အက်စ်တို့ကို အင်အားချည့်နဲ့သွားသည်အထိ လေကြောင်းတိုက်ခိုက်မှုကို အရှိန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားက ပြောကြားလိုက်သည်။ သို့သော်လည်း ရုရှား၏ လေကြောင်းတိုက်ခိုက်မှုမှာ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ကို ထောက်ကူပေးရန် ဖြစ်ကြောင်း အနောက်အုပ်စုက ပြောသည်။

ဆီးရီးယားအနောက်ပိုင်းတွင် အခြေစိုက်သည့် ရုရှားဂျက်လေယာဉ်များသည် ဆီးရီးယားနိုင်ငံတစ်ဝန်း ၇၂ နာရီအတွင်း အကြိမ် ၆၀ ကျော် တိုက်ခိုက်ခဲ့ကြောင်း ရုရှားကြည်းတပ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရုရှားက အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့များနှင့် ဒေသခံတိုက်ခိုက်ရေး သမားများရှိသော နေရာများကို လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။ ယင်းတိုက်ခိုက်ခြင်းကို အမေရိကန်နှင့် ၎င်း၏ မဟာမိတ်တို့က ဝေဖန်ပြောဆိုလျက်ရှိသည်။

ယင်းကဲ့သို့ ရုရှားတို့၏ လုပ်ဆောင်ချက်အပေါ် အမေရိကန်သမ္မတဘားရက် အိုဘားမားက ရုရှားသမ္မတ ဗလာဒီမာ ပူတင်အား သတိပေးပြောကြားလိုက်သည်။

ဆီးရီးယားတွင် ရုရှားက လေကြောင်းတိုက်ခိုက်မှုအကြိမ် ၂၀ လျှင် တစ်ကြိမ်သာ အိုင်အက်စ်တို့ကို ပစ်မှတ်ထားတိုက်ခိုက်သည်ကို တွေ့ရကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးက ပြောသည်။

**(ရိုက်တာ)**



## ဂွာတီမာလာ မြေပြိုမှု ရာချီ၍သေဆုံးဖွယ်ရှိ

**ဂွာတီမာလာ အောက်တိုဘာ ၄**

အနည်းဆုံး လူပေါင်း ၈၆ ဦး သေဆုံးသွားပြီဖြစ်သည့် ဂွါတီမာလာ မြေပြိုမှုတွင် ရာပေါင်းများစွာ သေဆုံးဖွယ်ရှိနေကြောင်း၊ ကယ်ဆယ်ရေးသမားများက အပျက်အစီးများကြားမှာ သေဆုံးသူများ၏ ရုပ်အလောင်းများကို ရှာဖွေနေကြဆဲဖြစ်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။ ကယ်ဆယ်ရေးအဖွဲ့များက ပေါက်တူးပေါက်ပြား ကိုယ်စီဖြင့် တူးဖော်လျက်ရှိရာ လူပေါင်း ၃၅၀ ခန့်မြေအောက်တွင် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။



အဆိုပါတူးဖော်မှုများပြုလုပ်ရာ နေရာများအနီး မိသားစုဝင်များ၊ ဆွေမျိုးများက သေဆုံးသူများ၏ ဓာတ်ပုံများ ကိုင်ဆောင်ကာ တန်းစီစောင့်ဆိုင်းနေကြသည်ဟု ဆိုသည်။ အချို့က ဓာတ်ပုံများကို ကိုင်ဆောင်လျက် ငိုကြွေးနေကြသည်။

"ဒီဖြစ်ရပ်က ကျွန်မတစ်သက်တော့ အဆိုးရွားဆုံးပါပဲ" ပျောက်ဆုံးမိသားစုဝင် ၂၀ ဦး၏ ရုပ်အလောင်းများကိုတွေ့ရန် စောင့်ဆိုင်းနေသော အသက် ၄၈ နှစ် အရွယ်ရှိ အိမ်အကူ မာရီယာအက်စ် ကိုဘာက ပြောသည်။ "ယခုအထိတော့ ကျွန်မယောက်မတော့ တွေ့ပြီ" ဟု ၎င်းက ပြောသည်။ **(ရိုက်တာ)**

## နိုင်ဂျီးရီးယား ဗုံးပေါက်ကွဲမှု လူ ၁၈ ဦးသေဆုံး၊ ၄၀ ဒဏ်ရာရ

**အဘူဂျာ အောက်တိုဘာ ၄**

နိုင်ဂျီးရီးယားမြို့တော် အဘူဂျာအနီးတွင် ဗုံးခွဲတိုက်ခိုက်မှု နှစ်ရပ်ကြောင့် ၁၈ ဦး သေဆုံးခဲ့ကာ အများအပြား ဒဏ်ရာရရှိသွားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုသည် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုဖြစ်နိုင်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက သံသယဖြစ်ခဲ့သည်။ အောက်တိုဘာလ ၂ ရက်နေ့ မြို့တော် အဘူဂျာအနီး မြို့နှစ်မြို့တွင် တစ်ပြိုင်နက်ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ ဗုံးတစ်လုံးမှာ ရဲစခန်းအနီးတွင် ပေါက်ကွဲခဲ့ပြီး အခြားဗုံးတစ်လုံး မှာ ကားမှတ်တိုင်အနီး၌ ပေါက်ကွဲခဲ့သည်။ စုစုပေါင်း အယောက် ၄၀ ဒဏ်ရာရရှိသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်မှာ မည်သူမည်ဝါ၏ လက်ချက်ဟု မသိရသေးပေ။ သမ္မတဘူဟာရီသည် ၎င်းသမ္မတဖြစ်သည့် မေလမှစ၍ ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်နှိမ်နင်းရန် ကတိပေးခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## မြို့တော်နယူးဒေလီတွင် တစ်နေ့လျှင် ကားခိုးမှုပေါင်း ၈၄ မှုထိရှိ

**နယူးဒေလီ အောက်တိုဘာ ၄**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ တစ်နေ့လျှင် မော်တော်ယာဉ်ခိုးမှု ၈၄မှုထိရှိကြောင်း ပီတီအိုင်သတင်းတစ်ရပ်က ဖော်ပြထားသည်။ ယာဉ်ရပ်နားနေရာ မလုံလောက်ခြင်း၊ ကားပိုင်ရှင်များ၏ အလိုအလျောက်သူခိုးဖမ်းစက်တပ်ဆင်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ ဒေလီရဲစခန်း၌ ယခုနှစ် စက်တင်ဘာ ၁၂ ရက်နေ့ထိ လာရောက်တိုင်ကြားသော မော်တော်ယာဉ်ခိုးမှုပေါင်း ၂၀၄၁၇ ထိရှိကြောင်း သိရသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ် တွင် အမှုပေါင်း ၁၅၅၃၀ မှုရှိကြောင်း သိရသည်။ ယမန်နှစ်နှင့် ယခုနှစ် နှိုင်းယှဉ်ကြည့်လျှင် ယခုနှစ်တွင် ခိုးမှုပေါင်း ၃၈ ရာခိုင်နှုန်း မြင့်တက်လျက် ရှိကြောင်းသိရသည်။ **(ပီတီအိုင်)**

# ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓ မြိတ်မြို့သို့ သွားရောက်လေ့လာ

**မြိတ် အောက်တိုဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။

မဟာချက်ကရီသီရိဒ္ဓ မင်းသမီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူလေးများက မြိတ်လေဆိပ်တွင် ကြိုဆိုကြသည်။

ထို့နောက် မဟာချက်ကရီသီရိဒ္ဓ မင်းသမီးနှင့်အဖွဲ့သည် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီး သိမ်တော်ကြီးဘုရားသို့ သွားရောက်ပြီး ပန်း၊ ဆီမီး၊ ရေချမ်းဆက်ကပ်



ပူဇော်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဘုရားဂေါပကမှ ဘုရားသမိုင်းကြောင်းအား ရှင်းလင်းပြောကြားပြီး အမှတ်တရလက်ဆောင် ပန်းချီကားကို မဟာချက်ကရီ သီရိဒ္ဓမင်းသမီးအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ မဟာချက်ကရီ သီရိဒ္ဓမင်းသမီးနှင့် အဖွဲ့အား မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလှသန်းက မြိတ်မြို့ ဗိုလ်ချုပ်လမ်းရှိ Hotel GRAND JADE တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် မဟာချက်ကရီ သီရိဒ္ဓမင်းသမီးနှင့်အဖွဲ့သည် မြိတ်မြို့ အလယ်ကျွန်းရပ်ကွက်ရှိ တောကျောင်းပရိယတ္တိစာသင်တိုက်သို့သွားရောက်ပြီး ပဓာန နာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသအား သွားရောက်ဖူးမြော်ပြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားနှင့် သိမ်များအား လေ့လာကြည့်ရှုသည်။

ထို့နောက် မဟာချက်ကရီသီရိဒ္ဓ မင်းသမီးနှင့်အဖွဲ့သည် မြိတ်တောင်ကျေးရွာအုပ်စုရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အရှေ့သိမ်ကျောင်းသို့ သွားရောက်ကာ ဆရာတော် ဦးဩဘာသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားနှင့်သိမ်တို့ကို လေ့လာကြည်ညိုသည်။

ဆက်လက်ပြီး မဟာချက်ကရီ သီရိဒ္ဓမင်းသမီးနှင့်အဖွဲ့သည် မြိတ်မြို့အတွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြပြီး ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာရာ တာဝန်ရှိသူများက မြိတ်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ညနေ ၆ နာရီတွင် မဟာချက်ကရီ သီရိဒ္ဓမင်းသမီးနှင့်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ဇေယျာဝတီမြို့ဟောင်းနှင့် ကမ္ဘောဇသာဒီနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၄**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဇေယျာဝတီမြို့ဟောင်းသို့ ရောက်ရှိကာ အုတ်မြို့ရိုး တူးဖော်ထိန်းသိမ်းထားရှိမှု၊ ဇုန်နယ်နိမိတ်ကျောက်စာတိုင်များ စိုက်ထူ၍ ထိန်းသိမ်းထားမှုနှင့် မြို့ဟောင်းအဝင် ကွန်ကရစ်ဆိုင်းဘုတ် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဇေယျာဝတီမြို့ဟောင်းရှိ အဘယမုနိ(ဝါ) စန္ဒမဥ္ဇူစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရင့်နောင် မင်းတရားကြီး၏ စစ်ထွက်အောင်မြေ သမိုင်းကျောက်စာတိုင် ရေးသားစိုက်ထူခြင်းကို ကြည့်ရှုစစ်ဆေးသည်။

ဇေယျာဝတီမြို့ဟောင်းသည် တောင်ငူဘုရင် မင်းကြီးညို တည်ဆောက်ခဲ့သော တောင်ငူအရန်မြို့ (၅၂)မြို့၌ အပါအဝင်ဖြစ်ခဲ့ပြီး ဘုရင့်နောင်မင်းတရားကြီးက အေဒီ ၁၅၅၁ ခုနှစ်တွင် အုတ်မြို့ရိုး၊ ရေကျုံးတို့ဖြင့် အခိုင်အမာ ပြန်လည်တည်ဆောက်ခဲ့သော ထင်ရှားသည့် ခံတပ်မြို့တစ်မြို့ဖြစ်သည်။ တပင်ရွှေထီးမင်းတရားကြီး (အေဒီ ၁၅၃၁-၁၅၅၀) ကံတော်ကုန်ပြီးနောက် ဟံသာဝတီ နေပြည်တော်၏ လက်အောက်ခံနယ်ပယ်များတွင် ဝါးအစည်းပြေသကဲ့သို့ မညီမညွတ်ရှိနေချိန်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဇေယျာဝတီမြို့ဟောင်းနေရာ၌ အောင်မြေအဖြစ် ဗိုလ်ဝင်ခံတော်မူပြီးနောက် တောင်ငူနှင့်ဟံသာဝတီကို တိုက်ခိုက်အောင်မြင်၍ နိုင်ငံတော်ကို စည်းရုံးထူထောင်နိုင်ခဲ့သည်။ ဇေယျာဝတီမြို့ဟောင်းသည် ဘုရင့်နောင်မင်းတရားကြီး၏ စစ်ထွက် အောင်မြေနေရာနှင့် အတူ မြို့ရိုး၊ ကျုံးနှင့် သမိုင်းအထောက်အထားများ ပြည့်စုံစွာ ကျန်ရှိနေသည့် ခံတပ်မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက ဇေယျာဝတီမြို့ဟောင်း ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အုတ်မြို့ရိုးနှင့် ကျုံးများတည်တံ့ခိုင်မြဲရေးအတွက် အလေးထားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်သို့ ရောက်ရှိပြီး မြေနန်းပြာသာဒ်ဆောင်နှင့် ရှေးဟောင်းသုတေသနပြတိုက်၌ ပြည်တွင်း/ပြည်ပ ဧည့်သည်များ လာရောက်ကြည့်ရှုသည့်အခါ သမိုင်းကြောင်း အစဉ်အလာတို့ကို ရှင်းလင်းပြသရန် တပ်ဆင်ထားသည့် Audio System လက်တွေ့အသုံးချမှုအခြေအနေ၊ ပြည်တွင်း ပြည်ပ ဧည့်သည်ဝင်ရောက်မှုအခြေအနေနှင့် ပြတိုက်၌ ပြသပစ္စည်းများ ခင်းကျင်းထားရှိမှု၊ မီးအလင်းစနစ် Lighting System တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အရွယ်မရောက်သေးသော ကလေးများအား တပ်သားသစ်စုဆောင်းခြင်းမှ ကာကွယ်မည့်စာချုပ်ကို မြန်မာနိုင်ငံကလက်မှတ်ရေးထိုးခဲ့သည့်အပေါ် ဥရောပသမဂ္ဂက ကြိုဆို

**ကျော်သဲအိမ်**

လက်နက်ကိုင်ပဋိပက္ခတွင် အရွယ်မရောက်သေးသော ကလေးများ ပါဝင်နေမှုအပေါ် ပိတ်ပင်ဟန့်တားသည့် Optional Protocol to the Convention on the Rights of the Children စာချုပ်ကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့်အပေါ် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးများမှ အကြီးအကဲများက ဝမ်းမြောက်စွာကြိုဆိုကြကြောင်း သိရသည်။

မြန်မာနိုင်ငံက စာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးလိုက်ခြင်းအားဖြင့် ကမ္ဘာပေါ်တွင်ဖြစ်ပွားနေသည့် အရွယ်မရောက်သေးသော ကလေးများအား တပ်သားသစ်စုဆောင်းခြင်းမှ ပိုမိုကာကွယ်နိုင်မည်ဖြစ်သည်။

ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းဦးစားပေးလုပ်ငန်းများတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ရောက်ရှိနေသော ကလေးများ၏ အခွင့်အရေးဖော်ဆောင်မှုသည်လည်း ပါဝင်နေဆဲဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများသည် ကလေးများအပေါ် ဆိုးကျိုးသက်ရောက်နေဆဲဖြစ်ပြီး ကလေးများ၏ အသက်ရှင်ရပ်တည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အလမ်းများ ဖော်ဆောင်ရေးတို့တွင် ကြီးမားသော အန္တရာယ်တစ်ရပ်ဖြစ်နေကြောင်း ဆိုသည်။

စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးလိုက်ခြင်းသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပေရာ အစိုးရအနေဖြင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို ပိုမိုလုပ်ဆောင်သွားရန် ဥရောပသမဂ္ဂက အားပေးတိုက်တွန်းပါသည်။ ထို့အပြင် ဥရောပသမဂ္ဂအနေဖြင့် အဆိုပါစာချုပ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအား လိုအပ်သောကူညီပံ့ပိုးမှုများပေးအပ်ရန် အသင့်ရှိကြောင်းလည်း ဆိုသည်။ **(ဂျီအင်န်အယ်လ်အမ်)**

# အမေရိကန်နှင့် ကနေဒါနိုင်ငံသား အများဆုံးလိုက်ပါလာသည့် ကမ္ဘာလှည့်အပျော်စီးသင်္ဘောရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၄**

အမေရိကန်နှင့် ကနေဒါနိုင်ငံသားများ အများဆုံး လိုက်ပါလာသော ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘော Insignia သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

အဆိုပါ သင်္ဘောတွင် သင်္ဘောအမှုထမ်း ၄၀၇ ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၆၃၅ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။

ယင်းသင်္ဘောသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှ ထွက်ခွာလာပြီး ခရီးလှည့်လည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Destination Asia Co,.Ltd. ၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ကမ္ဘာလှည့်ခရီးသည်အချို့သည် ပုဂံ၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်နှင့် သန်လျင်မြို့များသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ အဆိုပါ ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘောဆိုက်ရောက်စဉ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေသည် သင်္ဘောကပ္ပတိန်နှင့် ကမ္ဘာလှည့်ခရီးသည်များအား ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ဆက်စပ်ဌာနအသီးသီးမှလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် မြန်မာနိုင်ငံ၌ သုံးရက်ခန့် နေထိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၆ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့ခရီးသွား လုပ်ငန်း၏ ပွင့်လင်းရာသီအစတွင် ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘောကြီးများ ပြန်လည်စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ၂၀၁၂ ခုနှစ်၌ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာလှည့်ခရီးသည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း ဝင်ရောက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့လှည့်ခရီးသည် ၃ ဒသမ ၀၈ သန်းအထိ တိုးတက်ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ၄ ဒသမ ၅ သန်း ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**သတင်း- ခင်မောင်ထွေး**
**ဓာတ်ပုံ- ဟိုတယ်/ခရီး**



# တွေ့ဆုံမေးမြန်း

● *ရှေ့ဖုံးမှ*

အောင်မြင်စွာ ကျင်းပရန် ကြိုးပမ်းနေမှုများကို ပြည်တွင်း လေ့လာစောင့်ကြည့်သူများသာမက နိုင်ငံတကာ အသိုင်းအဝိုင်းကပါ အထူးအလေးထား စိတ်ဝင်စားလျက်ရှိသည်။

ဒီတစ်ခါရွေးကောက်ပွဲကြီးသည် မြန်မာ့ရွေးကောက်ပွဲသမိုင်းတွင် ကောင်းမွန်သောမှတ်ကျောက်အတင်ခံရသည့် ရွေးကောက်ပွဲကြီးအဖြစ် ကျန်ရစ်နေစေရန် ရွေးကောက်ပွဲတာဝန်ရှိသူ အသီးသီးက ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။

ဤသို့ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကဏ္ဍအလိုက် ကြိုးပမ်းအားထုတ်လျက်ရှိရာတွင် ဆန္ဒမဲရှင် မဲလက်မှတ်များ (ဝါ) မဲပြားများ ပုံနှိပ်ရိုက်နှိပ်ဖြန့်ချိရေးအပိုင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မဲပြားများ ပုံနှိပ်ရိုက်နှိပ်ရေးလုပ်ငန်းသည် အလွန်လျှို့ဝှက်စွာ လုပ်ကိုင်ရသော လုပ်ငန်းတစ်ခုဖြစ်ပြီး စည်းကမ်းစနစ်ကို လိုက်နာဆောင်ရွက်ရသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

မဲပြားများ အကောင်းဆုံး အရည်အသွေးဖြစ်အောင် ရိုက်နှိပ်ခြင်း၊ မဲပြားများအချိန်မီပြီးစီးရေး၊ မဲပြားများ အလေအလွင့်အပျောက်အရှမရှိအောင် ဆောင်ရွက်ရေးစသော လုပ်ငန်းစဉ်များသည် စိတ်ဝင်စားဖွယ်ရာပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း လာမည့်ရွေးကောက်ပွဲကြီးအတွက် မဲဆန္ဒရှင်လက်မှတ်များကို တာဝန်ယူပုံနှိပ်ရိုက်နှိပ်ရေးလုပ်ငန်းဆောင်ရွက်နေသော ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဦးကိုကိုနိုင်
(အထွေထွေမန်နေဂျာ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း)

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကိုကိုနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲလက်မှတ်များကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တာဝန်ယူရိုက်နှိပ်ပေးနေတယ်လို့ သိရပါတယ်။ ဘယ်အချိန်ကစရိုက်ပြီး ဘယ်တော့လောက်အပြီး ရိုက်နှိပ်ရမှာပါလဲခင်ဗျာ။**

ဖြေ ။ ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာလ ၇ ရက်နေ့မှာ စတင်အပ်နှံလာတဲ့အတွက် စက်တင်ဘာလ ၁၁ ရက်နေ့မှာ စတင်ပုံနှိပ်နေပါတယ်။ ကျွန်တော်တို့ ဦးဆောင်ညွှန်ကြားရေးမှူးက(၁၇-၉-၂၀၁၅)ရက်နေ့မှာ ပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တဲ့ အတိုင်း အောက်တိုဘာလ ၂၀ ရက်နေ့ ဝန်းကျင်မှာ ပြီးစီးနိုင်အောင် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ပုံနှိပ်ထုတ်လုပ်မှု အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး အချိန်မီပြီးစီးရေးဟာလည်း ကော်မရှင်မှ အမှာစာ စာရင်းအပေါ် ချိန်ဆဆောင်ရွက်ရတာဖြစ်ပါတယ်။

**မေး ။ ဒီရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲလက်မှတ်အမျိုးအစား ဘယ်နှမျိုးလောက် ရိုက်နှိပ်ပေးဖို့ စီစဉ်ထားပါသလဲခင်ဗျာ။**

ဖြေ ။ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲအမျိုးအစား ၃၂၆ မျိုး၊ အမျိုးသားလွှတ်တော်အတွက် ၁၆၈ မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် ၂၉ မျိုးအပါအဝင် ၆၆၅ မျိုး စုစုပေါင်း ဆန္ဒမဲလက်မှတ်အမျိုးအစား ၁၁၅၉ မျိုး ပုံနှိပ်ထုတ်ဝေပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

**မေး ။ လာမယ့်ရွေးကောက်ပွဲကြီးမှာ မဲလက်မှတ်တွေကို အတုပြုလုပ်လို့မရအောင်၊ လုံခြုံမှုအပြည့်အဝရှိအောင် ဘယ်လိုစီစဉ်ဆောင်ရွက်ထားသလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ။**

ဖြေ ။ မဲလက်မှတ်တွေအတုပြုလုပ်လို့မရအောင် ပြုလုပ်ရာမှာ ၂၀၁၀ နဲ့ယှဉ်ပြီး ပြောပါ့မယ်။ ကျွန်တော်တို့ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ဆန္ဒမဲလက်မှတ်တွေအတွက်သုံးတဲ့ စက္ကူက အညိုရောင်ဖြစ်ပြီး အထူ ၁၀၅ GSM ရှိပါတယ်။ ဘာလုံခြုံရေးအမှတ်အသားမှ မပါပါဘူး။ ပုံနှိပ်တဲ့အခါမှသာ လုံခြုံရေးအမှတ်အသားကို ထည့်သွင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဒီ ၂၀၁၅ ရွေးကောက်ပွဲကြတော့ စက္ကူမှာကိုက လုံခြုံရေးအမှတ်တံဆိပ်ပါပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အမှတ်တံဆိပ်ပါတဲ့ ရေစာထည့်သွင်းထားပါတယ်။ မဲလက်မှတ်ရိုက်မယ့် ဒီစက္ကူဟာ အဝါရောင်ရှိတဲ့ ဝူဖရီးစက္ကူဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံက အထူးအော်ဒါမှာယူတင်သွင်းခဲ့တာဖြစ်ပါတယ်။ စက္ကူအထူအနေနဲ့ ၈၀ GSM ရှိပါတယ်။ ကုမ္ပဏီနဲ့စာချုပ်စဉ်ကတည်းက လုံခြုံရေးအရ ပေါက်ကြားမှုမရှိအောင် အသေအချာ စာချုပ်ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် မဲလက်မှတ်စက္ကူတွေကို အတုပြုလုပ်လို့မရအောင် အကောင်းဆုံးဆောင်ရွက်ထားတာဖြစ်ပါတယ်။ အဲ့ဒီလို စက္ကူကို အသုံးပြုပြီးမှ ဆန္ဒမဲလက်မှတ်အမျိုးအစားအလိုက် လုံခြုံရေးအမှတ်အသားများ ခွဲခြားပုံနှိပ်တာဖြစ်ပါတယ်။

**မေး ။ မဲလက်မှတ်တွေအချိန်မီပြီးစီးရေး ဘယ်နှနေရာခွဲပြီး ဆောင်ရွက်နေပါသလဲခင်ဗျား၊ တစ်နေရာမှာ ဘယ်နှမျိုးစီလောက် ရိုက်နှိပ်နေပါသလဲခင်ဗျာ။**

ဖြေ ။ ဆန္ဒမဲလက်မှတ်တွေကို ပုံနှိပ်တာအနေနဲ့ကတော့ ၂၀၁၀ ခုနှစ်ကအတိုင်း ရန်ကုန်နဲ့ နေပြည်တော် နှစ်ခြမ်းခွဲပြီး ပုံနှိပ်ပါတယ်။ အကြမ်းဖျင်းအနေနဲ့ နေပြည်တော်မှာဆိုရင် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့အတွက် ဆန္ဒမဲလက်မှတ်တွေရိုက်ပါတယ်။ ဆန္ဒမဲလက်မှတ်အားလုံးရဲ့ ၄၀ ရာခိုင်နှုန်းကို နေပြည်တော်မှာရိုက်ပါတယ်။ အမျိုးအစားအရပြောရမယ်ဆိုရင် ဆန္ဒမဲလက်မှတ်အမျိုးအစား ၄၁၈ မျိုးရှိပါတယ်။ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုးခုအတွက် ရန်ကုန်မှာ ရိုက်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၆၀ ရာခိုင်နှုန်းရှိပါတယ်။ အမျိုးအစားအရ ပြောဆိုမယ်ဆိုရင် ၇၄၁ မျိုး ရှိပါတယ်။

**မေး ။ ဆန္ဒမဲလက်မှတ်ရိုက်တဲ့ ကုန်ကျစရိတ် ဘယ်လောက်ရှိနိုင်ပါသလဲခင်ဗျာ။ ဘယ်ဘတ်ဂျက်နဲ့ ဆောင်ရွက်ဖို့ စီစဉ်ထားပါသလဲခင်ဗျာ။**

ဖြေ ။ ဆန္ဒမဲလက်မှတ်ကုန်ကျစရိတ်ကို တွက်ချက်တဲ့အခါ အဓိကသုံးစွဲရတဲ့ ကုန်ကြမ်းတွေဖြစ်တဲ့ စက္ကူနဲ့ ပလိတ်ပြားဖိုး၊ အထွေထွေကုန်ကျစရိတ်တွေအပေါ်မှာ တွက်ချက်ရတာဖြစ်တဲ့အတွက် ရက် ၄၀ လုံးပုံနှိပ်ပြီးမှ တွက်ချက်နိုင်မှာဖြစ်ပါတယ်။ စက်ကြီးတွေ အသုံးပြုပြီး ရိုက်နှိပ်ရတာဖြစ်တဲ့အတွက် လျှပ်စစ်မီတာခတွေ၊ အထွေထွေကုန်ကျစရိတ်တွေ အသေးစိတ်တွက်ချက်ပြီးမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။



ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး ဝန်ထမ်းများ အဆင့်လိုက် ခေါက်၊ ချုပ် တွဲလုပ်ငန်းများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

**မေး ။ အခုမဲလက်မှတ်နဲ့ ၂၀၁၀-၂၀၁၂ မဲလက်မှတ်တွေနဲ့ ဘယ်လိုကွာခြားမှု ရှိပါသလဲခင်ဗျာ။ ဘယ်စနစ်က ကောင်းပါသလဲခင်ဗျာ။**

ဖြေ ။ ဒီ ၂၀၁၅ ရွေးကောက်ပွဲဆန္ဒမဲလက်မှတ်တွေကတော့ ပိုကောင်းတယ်လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စက္ကူအနေအထားအရလည်း ကောင်းတယ်။ ရေစာဆိုတဲ့ လုံခြုံရေးအမှတ်တံဆိပ်တွေလည်း ထည့်သွင်းထားတယ်။ ၂၀၁၀ မဲလက်မှတ်တွေကြတော့ စက္ကူက အညိုရောင်ဖြစ်ပြီး အထူစားဖြစ်တယ်။ ဒါပေမယ့် လုံခြုံရေးအမှတ်အသားတွေက ပုံနှိပ်တဲ့အခါမှ ထည့်တာဖြစ်တဲ့အတွက် ဒီ ၂၀၁၅ ဆန္ဒမဲလက်မှတ်တွေကတော့ အရည်အသွေးလည်း ပိုကောင်းတဲ့အပြင် စက္ကူမှာကိုက လုံခြုံရေးရေစာသုံးထားတဲ့အတွက် ပိုပြီးလုံခြုံစိတ်ချမှုအပြည့်အဝရှိပါတယ်။

စစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးဆောင်ရွက်ပါတယ်။

ဒီလိုဆောင်ရွက်ရတဲ့ အချိန်ကလည်း တိုတောင်းတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဝေးလံခေါင်ဖျားတဲ့ဒေသတွေကို ပို့ဆောင်ပေးဖို့အတွက် အရင်ဆုံးလမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေဖြစ်တဲ့ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်စတဲ့ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေအတွက် စပြီးတော့ ပုံနှိပ်ဖို့ဆောင်ရွက်ပါတယ်။

**မေး ။ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေအတွက် မဲလက်မှတ်တွေ မြန်နိုင်သမျှမြန်အောင် ပုံနှိပ်ရေးလုပ်ငန်းဆောင်ရွက်နေတယ်ဆိုတော့ ဘယ်တော့လောက်များ စတင်ပြီး မဲလက်မှတ်တွေပို့နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါသလဲခင်ဗျာ။**

ဖြေ ။ ဆောင်ရွက်ပြီးတဲ့ မဲလက်မှတ်တွေကို (၁-၁၀-၂၀၁၅) ရက်ကစပြီး ဝေးလံခေါင်ဖျားတဲ့ဒေသတွေကို စတင်ထုတ်ပေးနိုင်ဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို သူတို့ အပ်နှံထားတဲ့ အမှာစာအတိုင်း ပြန်ကြားရေးဝန်ကြီးရုံးကနေတစ်ဆင့် ညှိနှိုင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွေကို ညွှန်ကြားပြီး (၁-၁၀-၂၀၁၅) ရက်နေ့ကစပြီး ဝေးလံတဲ့ဒေသတွေအတွက် ဆန္ဒမဲလက်မှတ်တွေ ထုတ်ပေးသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။



သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပေးပို့မည့် ရိုက်နှိပ်ပြီးဆန္ဒမဲလက်မှတ်များကို စာရင်းပြုစုပြီး စနစ်တကျ ထိန်းသိမ်းထားသည်ကို တွေ့ရစဉ်။

ဆက်လက်၍ ဆန္ဒမဲလက်မှတ်များ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့်ပတ်သက်ပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမန်နေဂျာ(ပုံနှိပ်) တာဝန်ထမ်းဆောင်နေသည့် ဦးထွန်းထွန်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဦးထွန်းထွန်းနိုင်
(မန်နေဂျာ (ပုံနှိပ်) ပုံနှိပ်ရေး နှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်း)

**မေး ။ ဒီ ၂၀၁၅ ရွေးကောက်ပွဲ ဆန္ဒမဲလက်မှတ်တွေကို အကောင်းဆုံးဖြစ်အောင် စီစဉ်ထုတ်လုပ်မှုအဆင့်ဆင့်နဲ့ ပတ်သက်ပြီးတော့ ရှင်းပြပေးပါခင်ဗျား။**

ဖြေ ။ ဒီ ၂၀၁၅ ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေရိုက်ဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အမှာစာတွေရရှိတဲ့အခါ ကိုယ်စားလှယ်လောင်းအမည်စာရင်း၊ မဲလက်မှတ်စောင်ရေ အမှာစာရင်း ဦးစွာစစ်ဆေးပါတယ်။ ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပေးပို့ထားတဲ့ ကိုယ်စားလှယ်လောင်းအမည်စာရင်းတွေ၊ ပါတီလိုဂိုတံဆိပ်တွေမှန် မမှန် မူရင်းကော်ပီနဲ့တိုက်ဆိုင်စစ်ဆေးပါတယ်။

အဲ့ဒီမှာ စက်တွေရဲ့အနေထားအပေါ် မူတည်ပြီး ဆန္ဒမဲလက်မှတ်မှာပါတဲ့ကိုယ်စားလှယ်လောင်း ဦးရေအပေါ် မူတည်ပြီး ပုံတွဲတွေခွဲရပါတယ်။ ခွဲပြီးတော့အကြမ်းဖျင်းအနေနဲ့ ကွန်ပျူတာမှာ မဲလက်မှတ်ပုံစံတွေ ပြုလုပ်ပါတယ်။ ထွက်ရှိလာတဲ့မဲလက်မှတ်ပုံစံတွေကို ကျွန်တော်တို့ရဲ့ စာပြင်တွေ၊ စာစစ်အဖွဲ့တွေက ကိုယ်စားလှယ်လောင်းအမည်၊ ပါတီလိုဂိုတံဆိပ်၊ မဲဆန္ဒနယ် အစရှိတဲ့ စာသားတွေ မှန် မမှန် အဆင့်ဆင့် စစ်ဆေးမှုတွေ ပြုလုပ်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ချထားတဲ့အရာရှိက နောက်ဆုံး Final Check လုပ်ပါတယ်။ ဒီကမှတစ်ဆင့် ကွန်ပျူတာမှာ ပလိတ်ပြားထုတ်ပါတယ်။ ပလိတ်ပြားတွေကို စက်တင်ပုံနှိပ်လုပ်ငန်းကို ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အဆင့်တိုင်းမှာ သိုလှောင်ရုံရောက်တဲ့အဆင့်အထိ အဆင့်ဆင့်

**မေး ။ ပြည်ပမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအတွက် ဆန္ဒမဲပေးနိုင်အောင် ဆန္ဒမဲလက်မှတ်တွေ ရိုက်နှိပ်ထုတ်လုပ်မှုအပိုင်းကိုလည်း သိပါရစေခင်ဗျား။**

ဖြေ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ ပြည်ပမှာ နိုင်ငံတော်ရဲ့ တရားဝင်စေလွှတ်မှုနဲ့ တရားဝင်ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအတွက် ဆန္ဒမဲပေးဖို့ ဆန္ဒမဲအမျိုးအစား ပြည်သူ့လွှတ်တော်က ၈၉၄ မျိုး၊ အမျိုးသားလွှတ်တော် ၈၁၂ မျိုး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ၁၇၅၈ မျိုး စုစုပေါင်း ၃၄၆၄ မျိုး အမှာစာပေးပို့အပ်နှံထားပါတယ်။

ဒီဆန္ဒမဲလက်မှတ်တွေကို ကျွန်တော်တို့ ဦးဆောင်ညွှန်ကြားရေးမှူး သတင်းစာရှင်းလင်းပွဲမှာ ပြောကြားထားတဲ့အတိုင်း အမှာစာရပြီး ၁၄ ရက်အတွင်း အပြီးဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ပြည်ပရောက် မြန်မာနိုင်ငံသားမဲဆန္ဒရှင်တွေအတွက် (၆-၁၀-၂၀၁၅)ရက်ကစပြီး ဆန္ဒမဲလက်မှတ်တွေကို လွှဲပြောင်းပေးပို့နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

ဆန္ဒမဲလက်မှတ်များကို ပုံနှိပ်ထုတ်လုပ်ရာတွင် အမှားအယွင်းမရှိစေရေး စနစ်တကျဆောင်ရွက်နေသော



ဦးသန်းနိုင်
(လက်ထောက်ညွှန်ကြားရေးမှူး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နေပြည်တော်ပုံနှိပ်စက်ရုံတွင် ပူးတွဲတာဝန်ချထားသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*

# ပညာရေးကဏ္ဍဘတ်ဂျက်ကို တိုးမြှင့်ပေးထားသဖြင့် နေရာအလိုက် ထိထိရောက်ရောက်အသုံးပြုရန် လိုအပ်

**ရန်ကုန် အောက်တိုဘာ ၄**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရန်ကုန်တက္ကသိုလ် ပြုပြင်ပြောင်းလဲမှုများကို ယခုအစိုးရသစ်လက်ထက်တွင် ပြန်လည်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍဘတ်ဂျက်အနေဖြင့် ယခင်ကထက် တိုးမြှင့်ပေးလျက်ရှိသကဲ့သို့ တံခါးဖွင့်မူဒါဝါဒကျင့်သုံးသည့်အတွက် နိုင်ငံတကာ အထောက်အပံ့များလည်း ရရှိနေပါကြောင်း၊ သို့ဖြစ်၍ ဘတ်ဂျက်ငွေများကို နေရာအလိုက် ထိထိရောက်ရောက် အသုံးပြုရန် လိုအပ်ပါကြောင်း။

အစိုးရသစ်ကာလ စတင်တာဝန်ယူစဉ်က အခြေခံပညာရေးကဏ္ဍတွင် မူလတန်းကိုသာ အခမဲ့ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ အလယ်တန်းနှင့် အထက်တန်းအဆင့်ကိုပင် အခမဲ့ ပညာသင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပညာတော်သင်နှင့် ပညာသင်ထောက်ပံ့ကြေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ အနာဂတ်တွင် လူတော်များ ပေါ်ထွက်လာစေရန် ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ကို ရှေးမူမပျက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ဆောင်နိုင်သမျှ ပြန်လည်တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားနှင့် ကျောင်းသူများ နေထိုင်မှုအဆင်ပြေစေရေးနှင့် ကျောင်းနေပျော်ရေးအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင်များကိုလည်း ပြုပြင်မွမ်းမံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ ပရိဘောဂ ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ထို့ပြင် တက္ကသိုလ်များ ဆေးရုံကိုလည်း ပြန်လည်ပြုပြင်မွမ်းမံပေးထားပြီးဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်စေလွှတ်လျက်ရှိပြီး လူငယ်လူရွယ် ၁၁၆ ဦးကို အမေရိကန်၊ ယူကေ၊ ဂျာမနီ၊ သြစတြေးလျ၊ ထိုင်း၊ တရုတ် အစရှိသည့် နိုင်ငံများသို့ ရွေးချယ်စေလွှတ်လျက် ရှိပါကြောင်း၊ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုသည် ပညာရေးဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏အနာဂတ် ပညာရေးအခန်းကဏ္ဍအတွက် မြော်မြင်ဆောင်ရွက်နေပါကြောင်း။

ဆရာ ဆရာမများသည် ကမ္ဘာကို အလှဆင်သူများဖြစ်ပြီး ဆရာ့အလုပ်သည် အလွန်မွန်မြတ်ပါကြောင်း၊ နိုင်ငံတည်ဆောက်ရာတွင် ပညာရေးအခန်းကဏ္ဍသည် အဓိကပါဝင်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပညာရှင်၊ ပညာတတ်များမွေးထုတ်ပေးရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် သင်ကြား၊ သင်ယူမှုပိုင်းဆိုင်ရာများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပါမောက္ခ ဆရာ ဆရာမများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသားဆောင်နှင့် ကျောင်းသူဆောင်များ ပြုပြင်မွမ်းမံပြီးစီးမှုကိုလိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ ရန်ကုန်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ပါမောက္ခ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

*စာမျက်နှာ ၆ မှ*

**မေး ။ မဲဆန္ဒလက်မှတ်များကို ပုံနှိပ်ထုတ်ဝေရာမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပူးပေါင်းပါဝင်ဆောင်ရွက်နေတဲ့ အပိုင်းလေးကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ကျွန်တော်တို့ ဒီမှာတာဝန်ချထားတာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုပေးပို့ထားတဲ့ စာမူနဲ့ နောက်ဆုံးပုံနှိပ်ဖို့စီစဉ်ထားတဲ့ စာမူနဲ့တိုက်ဆိုင်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်၊ မဲဆန္ဒနယ်မြေ၊ ပါတီအမည်၊ ပါတီတံဆိပ်တွေ မှန် မမှန် တိုက်ဆိုင်စစ်ဆေး အတည်ပြုပေးရတာဖြစ်ပါတယ်။ စာရင်းဇယားများ မမှားယွင်းရအောင် ရွေးကောက်ပွဲကော်မရှင်နဲ့ ချိတ်ဆက်ညှိနှိုင်းပေါင်းစပ်ပြီး အချိန်မီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဖန် ဆန္ဒမဲလက်မှတ်ထုတ်လုပ်ရေးစက်ရုံများ၌ လုံခြုံရေးတင်းကျပ်စွာဆောင်ရွက်ထားမှုနှင့် မဲပြားများ စနစ်တကျသိုလှောင်သိမ်းဆည်းထားမှုနှင့်ပတ်သက်၍ နေပြည်တော်စက်ရုံမှူး ဦးမင်းကိုကိုနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။



**ဦးမင်းကိုကို (နေပြည်တော်စက်ရုံမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း)**

**မေး ။ လက်ရှိဆန္ဒမဲလက်မှတ်တွေ ရိုက်နှိပ်ထုတ်ဝေလျက်ရှိရာမှာ ပုံနှိပ်စက်အင်အား၊ ဝန်ထမ်းတာဝန်ချထားဆောင်ရွက်မှုအပိုင်းနဲ့ လုံခြုံရေးဆောင်ရွက်ထားမှုအပိုင်းလေးကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ သာမန်အားဖြင့် ဝန်ထမ်းကတော့ မနက် ၈ နာရီကနေညနေ ၄ နာရီခွဲ တာဝန်ထမ်းဆောင်ကြတာပေါ့။ ဒီကာလမှာတော့ အရေးကြီးကာလဖြစ်တဲ့အတွက် နံနက် ၇ နာရီ ကနေ ည ၁၁ နာရီ ဝန်းကျင်အထိ လိုအပ်ချက်အရ တာဝန်ချထားဆောင်ရွက်ပါတယ်။ စက်အင်အားကတော့ နေပြည်တော်မှာ ပတ်လည်စက်နှစ်လုံး၊ ရန်ကုန်မှာ သုံးလုံးနဲ့ ဆောင်ရွက်နေပါတယ်။

စုစုပေါင်း နေပြည်တော်မှာ ဝန်ထမ်း ၂၀၀၊ ရန်ကုန်မှာ ဝန်ထမ်း ၄၀၀ နီးပါးနဲ့ ဆောင်ရွက်နေပါတယ်။ ဆန္ဒမဲလက်မှတ်တွေ အချိန်မီပြီးစီးရေး ဆန္ဒမဲလက်မှတ်အမျိုးအစား ၁၁၅၉ မျိုးအထိရှိတဲ့အတွက် တစ်နေ့ ၂၈ မျိုးကနေ ၂၉ မျိုးအထိ ပြီးစီးအောင် အချိန်နဲ့တစ်ပြေးညီ စီစဉ်ဆောင်ရွက်နေပါတယ်။

လုံခြုံရေးပိုင်းအနေနဲ့ကတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ပြင်ပလုံခြုံရေးနဲ့ အတွင်းပိုင်းလုံခြုံရေး ဖြစ်ပါတယ်။ ဒီအတွက် လုပ်ငန်းမစတင်ခင်ကပင် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အပြင်လုံခြုံရေးအဖြစ် ရဲတပ်ဖွဲ့ဝင်များက ၂၄ နာရီ ဆောင်ရွက်ပေးပါတယ်။ အတွင်းပိုင်းလုံခြုံရေးအဖြစ် ဒီမှာတာဝန်ချထားတဲ့ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံသမားတွေအားလုံး လုံခြုံရေးမပေါက်ကြားစေဖို့ လက်ကိုင်ဖုန်းတွေ၊ ကင်မရာတွေ၊ မိမိုရီစတစ်တွေလုံးဝ ယူဆောင်လာခွင့်မပြုပါဘူး။ လုံခြုံရေးဂိတ်မှာ စစ်ဆေးမှုခံယူပြီးမှ လုပ်ငန်းခွင် ဝင်ရောက်ရတာဖြစ်ပါတယ်။

**မေး ။ ရိုက်နှိပ်ပြီးသွားတဲ့ ဆန္ဒမဲလက်မှတ်တွေကို လုံခြုံစိတ်ချစွာ သိုလှောင်သိမ်းဆည်းထားမှု အပိုင်းကိုလည်း ရှင်းပြပေးပါခင်ဗျား။**

ဖြေ ။ ကျွန်တော်တို့ နေပြည်တော်စက်ရုံမှာ နောက်ဆုံးရိုက်နှိပ်ပြီးစီးသွားတဲ့ ဆန္ဒမဲလက်မှတ်တွေကို တစ်အုပ်ကို ဆန္ဒမဲလက်မှတ်အရွက်ရေ ၅၀ နှုန်းနဲ့ ချုပ်ထားတဲ့ စာအုပ်ငယ်လေးတွေကို စာအုပ်အမှတ်စဉ်ရိုက်၊ ၂၅ အုပ်ကို တစ်စည်းစည်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် ဂိုဒေါင်ထဲမှာ ထားရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် သက်ဆိုင်ရာလွှတ်တော်၊ မြို့နယ်အလိုက် ခွဲခြားထားပြီး မရောအောင် စနစ်တကျ သိုလှောင်ထားရှိပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်စသည်ဖြင့် ခွဲခြားထားပါတယ်။ ပြီးတော့ ပြည်သူ့လွှတ်တော်မှာဆိုရင် စာအုပ်အနှောင့်အဖုံးကအစိမ်း၊ အမျိုးသားလွှတ်တော်ဆိုရင် အပြာရောင်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဆိုရင် စာအုပ်အနှောင့်က အညိုရောင်၊ တိုင်းရင်းသားဆိုရင် အဝါရောင်စသည်ဖြင့် ဆန္ဒမဲလက်မှတ် စာအုပ်တွေကိုလည်း အရောင်နဲ့ခွဲခြားထားတဲ့အတွက် လုံးဝမှားစရာမရှိပါဘူး။ ထို့အပြင် ပုံနှိပ်သဘောတရားအရ စတင်ပုံနှိပ်စဉ်ရရှိလာတဲ့ အရည်အသွေးကောင်းမွန်မှုမရှိတဲ့ မဲလက်မှတ်စာဖောင်များကို စနစ်တကျရေတွက် ကြိုးစည်းအိတ်စွပ်သိုလှောင်ထားရှိပြီး ဆန္ဒမဲလက်မှတ်များ ရွေးကောက်ပွဲကော်မရှင်ကို လွှဲပြောင်းပြီးချိန်တွင် တာဝန်ရှိသူများနှင့် အဖွဲ့ဖွဲ့စည်းပြီး ဖျက်ဆီးသွားမှာဖြစ်ပါတယ်။

လာမည့် ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးနိုင်သူအရေအတွက် ၃၂ သန်းကျော်ရှိကြောင်း သိရပါသည်။ ဆန္ဒမဲပေးသူတစ်ဦးအနေဖြင့် အနည်းဆုံးကိုယ်စားလှယ်လောင်းသုံးဦးကို ရွေးချယ်ပေးရမည်ဖြစ်သည့်အတွက် ဆန္ဒမဲလက်မှတ်သုံးခု အနည်းဆုံးထည့်ပေးရမည်ဖြစ်ပါသည်။

တိုင်းရင်းသားကိုယ်စားလှယ်ရှိသည့် မဲဆန္ဒမြေများတွင် ဆန္ဒမဲလက်မှတ်လေးခု အသုံးပြုရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များကို ရွေးချယ်မဲပေးရမည်ဖြစ်ပါသည်။

ထိုမဲဆန္ဒရှင်ပြည်သူအားလုံး လွယ်ကူချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေးနှင့် အမှားအယွင်းမရှိအောင် ဆောင်ရွက်ရသောလုပ်ငန်းသည် လွယ်လွယ်ကူကူမဟုတ်ပါ။ သို့သော်လည်း အကောင်းဆုံးနှင့် အမြန်ဆုံးဖြစ်အောင် ကြိုးစားအားထုတ်လျက်ရှိကြောင်းကို ပြည်သူအပေါင်း သိရှိနိုင်ကြစေရန် စေ့ငုရေးသားတင်ပြအပ်ပါကြောင်း။ ။



**ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး နေပြည်တော်တွင် ပုံနှိပ်စက်ကြီးများဖြင့် ရိုက်နှိပ်နေသည်ကို တွေ့ရစဉ်။**



# အမျိုးစောင့်ဥပဒေပေါ်ပေါက်လာခြင်း အထိမ်းအမှတ် ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)က ဦးဆောင်ကျင်းပသော ညီညွတ်မျှတငြိမ်းချမ်းမှုကို ဖော်ဆောင်သည့် အမျိုးစောင့်ဥပဒေပေါ်ပေါက်လာခြင်း အထိမ်းအမှတ်ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းကစတင်၍ ရန်ကုန်မြို့အမျိုးသား အားကစားပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတအင်းစိန်မြို့ရွာမပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက ဘဒ္ဒန္တတိလောကာဘိဝံသက အဖွင့်ဩဝါဒစကားကို မြွက်ကြားတော်မူသည်။

ယင်းနောက် ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဝါးခင်းကုန်းဆရာတော် ဘဒ္ဒန္တတိက္ခက ဩဝါဒစကားများ မြွက်ကြားတော်မူသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ကိုယ်စား တာဝန်ပေးခံရသူ အတွင်းရေးမှူး ဒေါက်တာ သာညဏ်က ဝမ်းမြောက်စကားလျှောက်ထားခြင်း၊ အမျိုးစောင့်ဥပဒေလေးရပ်အကြောင်း အကျဉ်းချုပ်ကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီနေအောင်က ဖတ်ကြားတင်ပြခြင်း၊ မဟာဂီတ အကဲဖြတ်ပညာရှင် ရွှေကူနန်းနွဲ့နွဲ့ကိုယ်တိုင်ရေးသားသီဆိုပူဇော်သော“စိန်လွန်တမျှမဘာသ”အမည်ရှိ ရတုပိုဒ်စုံကို စောင်း ဦးအောင်သန်းနှင့် တွဲဖက်သီဆိုပူဇော်ခြင်း၊ အမျိုးစောင့်ဥပဒေဆိုင်ရာ သိလိုသည့်မေးခွန်းများကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ မဟာဌာနမှူး ငါးကျမ်းပြန်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မပိယက ပြန်လည်ဖြေကြားခြင်း၊ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို) အတွင်းရေးမှူး မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ပဓာနမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူမြစေတီဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိက နိဂုံးချုပ်ဩဝါဒစကားမိန့်ကြားခြင်းတို့ကို အစီအစဉ်အတိုင်းကျင်းပခဲ့ပြီး အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ သဘောထားကို ထုတ်ပြန်ကြေညာခဲ့သည်။

အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)က ဦးဆောင်ကျင်းပသည့် အဆိုပါအခမ်းအနားသို့ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့များ၊ သံဃာတမန်များ၊ ဘာသာပေါင်းစုံအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအပါအဝင် လူဦးရေ တစ်သိန်းကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဇော်ကြီး(ပဏ္ဏိတ)**

# အခြေခံပညာယဉ်ကျေးလိမ္မာသင်တန်း မြို့နယ်အဆင့်ဆုချီးမြှင့်ပွဲကျင်းပ

**တွံတေး အောက်တိုဘာ ၄**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ တွံတေးမြို့နယ်သာသနာနုဂ္ဂဟအသင်းကကြီးမှူးဖွင့်လှစ်ခဲ့သော ၂၀၁၇-၂၀၁၆ ခုနှစ် အခြေခံယဉ်ကျေးလိမ္မာသင်တန်း မြို့နယ်အဆင့်တွင် အဆင့်လိုက် အောင်မြင်ခဲ့သော သင်တန်းသား သင်တန်းသူများနှင့် နည်းပြဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၄ ရက်က တွံတေးမြို့နယ် ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌဦး ရွှေဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ဂုဏ်ထူးဆောင်သာသနာနုဂ္ဂဟအသင်းဝင်တံဆိပ်များ ပေးအပ်ခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်း၊ ဆုရသင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းများဖြင့် ဂုဏ်ပြုခြင်းတို့ကို ပြုလုပ်ခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

# သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား အက်စ်တိုးနီးယားသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အက်စ်တိုးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးသာအောင်ညွန့်အား မောရစ်ရှပ်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မောရစ်ရှပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# နေရာကွက်၍ မိုးကြိုးနိုင်

**နေပြည်တော် အောက်တိုဘာ ၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## ကျွန်းလှမြို့နယ် အခြေခံပညာကျောင်းများ စာသင်ခုံများ ခွဲဝေရရှိမည်

**ကျွန်းလှ အောက်တိုဘာ ၄**

နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရန် စာသင်ခုံများ ခွဲပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ အခြေခံပညာကျောင်းများကိုလည်း စာသင်ခုံများခွဲဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၇၉၆ သန်း တန်ဖိုးရှိ စာသင်ခုံ အမြင့် ၁၃၈ စုံ၊ ခုံအနိမ့် ၂၂၉ စုံ စုစုပေါင်း ၃၆၇ စုံ ခွဲဝေရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာသင်ခုံများအား အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၀ ကျောင်း၊ မူလတန်းလွန်ကျောင်းသုံးကျောင်း၊ မူလတန်းကျောင်းရှစ်ကျောင်း၊ မူလတန်းကျောင်းခွဲလေးကျောင်းတို့ကို ခွဲဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဆင်းရဲချို့တဲ့မိသားစုဝင်များအား ဆန်နှင့် ပဲဆီများပေးအပ်

**ဟားခါး အောက်တိုဘာ ၄**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ဆင်းရဲချို့တဲ့ပြီး မိသားစုဝင်ကလေးများသော အိမ်ထောင်သည်များကို ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဆန်နှင့် ပဲဆီသန့်များ ထောက်ပံ့ပေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက်က အဆိုပါရပ်ကွက်၌ တစ်အိမ်တက်/ဆင်း ကိုယ်တိုင်ကိုယ်ကျ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာ၌ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက စာနာသောစိတ်ထား ကြင်နာသော ကရုဏာတရားများဖြင့် ဆင်းရဲချို့တဲ့သော မိသားစုဝင်များကို နှစ်သိမ့်အားပေးခြင်း၊ လိုအပ်ချက်များကို မေးမြန်းကာ ကူညီ ဆောင်ရွက်ပေးခြင်းစသည်တို့ကို ပြုလုပ်ခဲ့ကြပြီး ဟားခါးမြို့ (၆) ရပ်ကွက်ရှိ ဆင်းရဲချို့တဲ့သော မိသားစုဝင်များကို အလားတူ ဆက်လက်ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ပေါင်းတည် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ပေါင်းတည်မြို့နယ်အတွင်း ကျေးရွာအုပ်စုလေးအုပ်စုမှ လေဘေးသင့်ပြည်သူ ၈၂ ဦးအား ထောက်ပံ့ငွေနှင့် လေဘေးကယ်ဆယ်ရေးပစ္စည်းများပေးအပ်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဖေက လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ထောက်ပံ့ငွေကျပ် ၆၇၈၉၆၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လူအသုံးအဆောင်ပစ္စည်း ကိုးမျိုးတို့ကို လေဘေးသင့်ပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော ကျေးရွာချင်းဆက်တံတား ၅၂ စင်း ပြုပြင်တည်ဆောက်ပြီးစီး

**ကောလင်း အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သော ကျေးရွာချင်းဆက် တံတား ၅၂ စင်းကို ပြုပြင်တည်ဆောက်ပြီးဖြစ်သည်။



ပျက်စီးခဲ့သော တံတားများကို တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားမှုဖြင့် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့မှကြီးကြပ်၍ ဒေသခံများနှင့် ပူးပေါင်းပြီး ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပြုပြင်တည်ဆောက်ပြီးသော တံတားများမှာ ကျောက်ပြင်သာအုပ်စုတွင် ကိုးစင်း၊ သပြေအိုင်အုပ်စုတွင် ရှစ်စင်း၊ အင်ပင်သာနှင့် တောင်ဘို့လှအုပ်စုတွင် ငါးစင်းစီ၊ ညောင်ဝန်းနှင့် တောင်ကြားအုပ်စုတွင် လေးစင်းစီ၊ ဆည်တိုနှင့် ဥမင်ကုန်းအုပ်စုတွင် သုံးစင်းစီ၊ ပဒုမ္မာနှင့် အင်ပင်လှအုပ်စုတွင် နှစ်စင်းစီ၊ ဆင်ကုန်း၊ သရက်ခုံ၊ ယားတောင်၊ ယွန်းအိုး၊ ကြာအင်း၊ ဝါးရုံခုံ၊ တောင်ပုံအုပ်စုတို့တွင် တစ်စင်းစီဖြစ်သည်။ ၎င်းအပြင် ကောလင်းမြို့နယ် လမ်းဦးစီးဌာနမှ ကျွန်းလှ-ကောလင်း ခရိုင်ချင်းဆက် လမ်းပေါ်ရှိ ပေ ၁၀၀ နှင့် ပေ ၅၀ အရှည်ရှိ သံဘေလီတံတား နှစ်စင်းကိုလည်း တည်ဆောက်ပြီး ဖြစ်သည်။ ပျက်စီးခဲ့သော လမ်းတံတားများကို အမြန်ဆုံးပြီးစီးအောင် ပြုပြင်ဆောက်လုပ် နိုင်ခဲ့ခြင်းကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲမရှိ ဆက်သွယ်သွားလာလျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

## သဘာဝဘေးကျရောက်ခဲ့သော ရေမျက်ကျေးရွာတွင် သောက်သုံးရေအတွက် စက်ရေတွင်းများတူးဖော်

**စဥ့်ကူး အောက်တိုဘာ ၄**

စဥ့်ကူးမြို့နယ် ခူလယ်ကျေးရွာအုပ်စုရေမျက်ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုကြောင့် စိမ့်စမ်းရေသွယ်တန်းမှု ပိုက်လိုင်းများ ပျက်စီးခဲ့ပြီး သောက်သုံးရေအတွက် အခက်အခဲများရှိနေခဲ့ကြောင်း သိရသည်။

အဆိုပါ ရေမျက်ကျေးရွာပြည်သူများ ရေအခက်အခဲ မဖြစ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာန ခွင့်ပြုရန်ပုံငွေဖြင့် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်နိုင်ခန့်က တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းကျော်ဇောက တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

## ကျောင်းကုန်းမြို့နယ်အတွင်း ယာယီပိတ်ထားသောကျောင်းများမှ နှစ်ကျောင်းပြန်ဖွင့်

**ကျောင်းကုန်း အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ယာယီပိတ်ထားသော စာသင်ကျောင်းကိုးကျောင်းအနက် အမကအုန်းပင်စုနှင့် အမကဂန့်ဂေါ ကျောင်းနှစ်ကျောင်းသည် အောက်တိုဘာ ၁ ရက်က ပြန်လည်ဖွင့်လှစ်နိုင်ပြီ ဖြစ်သည်။

ကျန်ရှိသော ကျောင်းခုနစ်ကျောင်းသည် ဖွင့်လှစ်နိုင်ခြင်း မရှိသေးပေ။ အမက အုန်းပင်စုကျောင်းသည် ပတ်ဝန်းကျင်တွင် ရေများရှိနေသေးသဖြင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်စိုးရိမ်၍ မိဘများက ကျောင်းသို့ လိုက်လံပို့ဆောင်ပေးနေရသည်။ ယခုပိတ်ရက်များကို ဖြည့်စွက်အစားထိုး သင်ကြားပေးမည်ဖြစ်ကြောင်းပညာရေးဌာနမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**






ရန်ကုန်-ကျောက်ဖြူလမ်း (တောင်ကုတ်-မအီအပိုင်း) ၄က်ပျောချောင်းတံတား (၂/၁၅) ပေ ၁၂၀ ဘေလီထိုးနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



ရန်ကုန်-ကျောက်ဖြူလမ်း (တောင်ကုတ်-မအီအပိုင်း) ၄က်ပျောချောင်းတံတား (၂/၁၅) ပေ ၁၂၀ ယာယီဘေလီတည်ဆောက်ပြီးစီး၍ မော်တော်ယာဉ်များ သွားလာနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

# ပန်းများပွင့်လာစေမည့် ငြိမ်းချမ်းရေး မှတ်တိုင်သစ်များ

Special Report...
ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

**နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။**

**၂၀၁၁ ခုနှစ်မှ ယနေ့အထိ ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးဖြစ်စဉ်၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်ရှိအခြေအနေကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)တွင် ပါဝင်သည့် MPC ၏ အထူးအကြံပေးဖြစ်သူ ဦးလှမောင်ရွှေ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းအကောင်အထည်ဖော်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဌာနညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးနှင့် ဥပဒေအကြံပေး ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်တို့နှင့် သတင်းအဖွဲ့တို့ အောက်တိုဘာလ ၁ ရက်နေ့က တွေ့ဆုံပြီး (အောက်ပုံ)စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်၍ ဆွေးနွေးခဲ့ကြသည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**



**သတင်းအဖွဲ့ ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်က မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် ဘယ်လောက်ထိ အရေးပါ ပါသလဲ။ ၂၀၁၅ ခုနှစ် ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေး ကတိကဝတ်ပြုချက်နဲ့ NCA စာချုပ်က ဘယ်လိုတွေများ ဆက်စပ်မှုရှိနေသလဲ ဆိုတာ ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် ။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ NCA ရဲ့ အရေးပါမှုဖြစ်စဉ်က အလွန်များပါတယ်။ ဒီထဲမှာမှ အရေးကြီးတဲ့အချက်သုံးချက်ကို ထောက်ပြချင်ပါတယ်။ ပထမက တိုင်းရင်းသားလက်နက်ကိုင်တွေအားလုံး လက်နက်ကိုင်ရတဲ့ အကြောင်းရင်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်လို့။ ဒီနိုင်ငံရေးပြဿနာတွေထဲမှာ ပထမအချက်က ဖက်ဒရယ် ပြည်ထောင်စုကို ထူထောင်နိုင်ဖို့၊ ဒုတိယအချက်က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရချင်တယ်။ တတိယအချက်က ဒီမိုကရေစီစနစ်ကို အခြေခံတဲ့နိုင်ငံကို ထူထောင်ချင်တယ်။ ဒီဟာတွေကို မလုပ်နိုင်လို့ နှစ် ၆၀ ကျော် လက်နက်ကိုင်လာကြတယ်။

ဒီကိစ္စတွေကို ဖြေရှင်းနိုင်ဖို့က NCA ကို လက်မှတ်ထိုးမယ်၊ နောက် နိုင်ငံရေးဆွေးနွေးပွဲတွေကနေ ရလာတဲ့ ရလဒ်ကနေ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ထောင်မယ်ဆိုတဲ့ အကြောင်းကိစ္စတွေက NCA ရဲ့ ဦးတည်ချက်ထဲမှာ ပါပါတယ်။ အဲ့ဒီတော့ NCA သာ မထိုးရင် တိုင်းရင်းသားတွေ လက်နက်ကိုင်ရခြင်းအကြောင်းကို ဖြေရှင်းဖို့ လမ်းမရှိနိုင်ပါဘူး။

အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ကတိကဝတ်ပြုခြင်း (DoC)က NCA အတွက် ဘာလုပ်ပေးနိုင်လဲလို့မေးလာရင် ဖြေရမယ့်အချက်နှစ်ချက်ရှိပါတယ်။ အစိုးရဘက်က တိုင်းရင်းသားတွေ အပေါ်မှာ နိုင်ငံရေးအရ ရွေးကောက်ပွဲမတိုင်ခင်မှာ အမြတ်ထုတ်ချင်လို့ ဖိအားပေးနေတယ်လို့ ပြောဆိုချက်တွေက မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ DoC လက်မှတ်ထိုးခဲ့တဲ့ ၂၀၁၅ ဖေဖော်ဝါရီ ၁၂ ရက်ကနေ ရွေးကောက်ပွဲကျင်းပမယ့် နိုဝင်ဘာလ ၈ ရက်နေ့အထိဆိုရင် ကြာမြင့်ချိန် ကိုးလကြာပါတယ်။ လက်မှတ်ရေးထိုးပွဲမှာ တက်ရောက်ကြတဲ့သူတွေအနေနဲ့ အဲ့အချိန်တုန်းက နောက်ထပ် လေးလ၊ ငါးလအတွင်းမှာ NCA လက်မှတ် ထိုးနိုင်မယ်လို့ ထင်ခဲ့ကြတယ်။ အခုဆိုရင် အချိန်ရွေ့ရင်းနဲ့ အောက်တိုဘာလကို ရောက်လာပြီ။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပမယ့် အချိန်နဲ့ဆိုရင် တစ်လကျော်ပဲ အချိန်ကျန်ပါတော့တယ်။

NCA နဲ့ DoC က ဆက်စပ်မှုရှိပါတယ်။ ဒုတိယအချက်က သမ္မတကြီးကိုယ်တိုင် ဦးဆောင်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးတွေ အပါအဝင် အစိုးရအဖွဲ့ဝန်ကြီးတွေ၊ တပ်မတော်ခေါင်းဆောင်တွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေ ပါတယ်။ နောက်ပြီးတော့ နိုင်ငံရေးပါတီ ၅၆ ပါတီ ပါဝင်ပြီး ကတိကဝတ်ပြုထားခဲ့ကြတာ ဖြစ်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ကျွန်တော်တို့ နိုင်ငံထဲမှာရှိနေတဲ့ နိုင်ငံသားတွေကို လေးစားတဲ့အနေနဲ့ D NCA ကို ရွေးကောက်ပွဲမတိုင်ခင်မှာ လက်မှတ်ရေးထိုးနိုင်ဖို့ အားပေးကြဖို့လိုပါတယ်။ ကြိုးစားလုပ်ဆောင်ကြဖို့ လိုပါတယ်။ NCA ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။

**သတင်းအဖွဲ့ ။ NCA စာချုပ်နဲ့ ပတ်သတ်ပြီး လက်မှတ်ထိုးချင်တဲ့ တိုင်းရင်းသားအဖွဲ့တွေရှိသလို မထိုးချင်တဲ့အဖွဲ့တွေလည်း ရှိနေတဲ့အပေါ်မှာ သဘောထားမှတ်ချက်က ဘယ်လိုရှိနေတယ်ဆိုတာကို သုံးသပ်ပေးစေလိုပါတယ်။**

ဦးလှမောင်ရွှေ။ ဒီနေရာမှာ ပြန်ကြည့်ရင် တိုင်းရင်းသားတွေ လုပ်နေတဲ့ ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ NCA ကို ထိုးကို ထိုးချင်တယ်ဆိုတဲ့ အချက်ကလည်း ဝမ်းသာဖို့ကောင်းပါတယ်။ တိုင်းရင်းသားတွေကစပြီး အဆိုပြုပြီး တိုင်းရင်းသားတွေကပဲ ထိုးချင်တယ်။ အခုဟာက အားလုံး မပါဝင်သေးလို့သာ မထိုးနိုင်သေးတာ။ လက်မှတ်မထိုးဘူးလို့ ဘယ်အဖွဲ့အစည်းကမှ မပြောဘူး။ အားလုံးပါဝင်ရင် ထိုးကို ထိုးကြမယ်ဆိုတော့ တိုင်းရင်းသားအားလုံးက လက်မှတ်ထိုးချင်နေတာကို တွေ့ရတယ်။

ဒုတိယကတော့ အစိုးရဘက်က အားလုံးကို ပါဝင်စေချင်တယ်ဆိုတာကို သမ္မတကြီးက အကြိမ်ကြိမ် ပြောခဲ့ပါတယ်။ အားလုံးပါဝင်ဖို့ဆိုတာ လက်တွေ့ဆန်တဲ့ အဆင့်လိုက် သွားဖို့ဆိုတဲ့ ချဉ်းကပ်မှုနဲ့ လုပ်ဖို့လိုတယ်။ အထူးသဖြင့်တော့ ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်တွေပြောသလို အစိုးရဘက်ကလည်းပြောတယ်။ အဆင့်လိုက်နဲ့ အရှိတရားအပေါ်မှာ အခြေခံတဲ့ Progressive realization ကို အဓိကထားပြီး သွားနေတာ တွေ့ရတယ်။ အစိုးရဘက်က ဖိတ်ကြားထားတာက သူနဲ့ တစ်ဖွဲ့ချင်းဆွေးနွေးပြီးတော့ နှစ်ဖက်ကြားမှာ သဘောတူညီချက် ရှိထားပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့ကို အပစ်အခတ်ရပ်စဲရေးထိုးဖို့ ဖိတ်ထားတယ်။

ဒီ ၁၅ ဖွဲ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ဝင်က ၁၁ ဖွဲ့ရှိတယ်။ ဒီ ၁၁ဖွဲ့ထဲကမှ ပြီးခဲ့တဲ့ ရက်တွေမှာ လက်မှတ်ထိုးဖို့ အကြောင်းပြန်လာတာခုနစ်ဖွဲ့ရှိပါတယ်။ နောက်ထပ် SD အဖွဲ့ဝင် မဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့ လေးဖွဲ့ကိုလည်း အစိုးရဘက်က ဖိတ်ကြားထားတာ တွေ့ရတယ်။ RCSS အနေနဲ့က DoC ကို ဖေဖော်ဝါရီလမှာ လက်မှတ်ရေးထိုးထားတယ်။ RCSS ဟာလည်း လက်မှတ်ထိုးမယ်ပြောတဲ့အတွက် အနည်းဆုံးတော့ ရှစ်ဖွဲ့က လက်မှတ်ထိုးဖြစ်ပါလိမ့်မယ်။

ဖိတ်ကြားထားတဲ့အထဲမှာ SD အဖွဲ့ဝင် မဟုတ်တဲ့ "ဝ"၊ မိုင်းလားနဲ့ နာဂ အဖွဲ့တွေကတော့ တစ်ဖွဲ့ချင်းစဉ်းစားပြီး အကြောင်းပြန်ဖို့ ဖြစ်ပါတယ်။ NCCT အဖွဲ့ဝင်တွေထဲမှာ လေးဖွဲ့ကတော့ အားလုံးပါဝင်မှ လက်မှတ်ထိုးမယ် ပြောတယ်။ သူတို့က လက်မှတ်မထိုးဘူး မပြောဘူး။ KIO၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီ တိုးတက်ရေးပါတီ၊ ရှမ်းပြည်မြောက်ပိုင်းအဖွဲ့တို့ပါ။ ကျန်တဲ့ SD အဖွဲ့ဝင် ခြောက်ဖွဲ့ကတော့ သူတို့ကလည်း လက်မှတ်ထိုးချင်ပါတယ်။

စက်တင်ဘာလ ၉ ရက်နေ့က နိုင်ငံတော်သမ္မတနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့တာကို ပြန်ပြီးတော့ ရှင်းပြချင်ပါတယ်။ ကျန်တဲ့ခြောက်ဖွဲ့နဲ့ပတ်သက်ပြီး အစိုးရရဲ့ သဘောထားကို သမ္မတကြီးက ပြန်ပြီးတော့ ရှင်းပြခဲ့ပါတယ်။ လက်မှတ်ထိုးချင်ပြီး ဖိတ်ကြားမခံရတဲ့အဖွဲ့ သုံးဖွဲ့ရှိပါတယ်။ အဲ့ဒါကတော့ LDU လို့ခေါ်တဲ့ လားဟူအဖွဲ့၊ WNO လို့ခေါ်တဲ့ "ဝ" ရဲ့ အခြားတစ်ဖွဲ့နဲ့ ANC လို့ခေါ်တဲ့ ရခိုင်အမျိုးသားကောင်စီတို့ပါ။ သူတို့က ဒီအစိုးရလက်ထက်မှာ တိုက်ပွဲတစ်ပွဲမှ မရှိခဲ့ဘူး။ သူတို့ ထိန်းချုပ်ထားတဲ့ နယ်မြေအနေနဲ့လည်း မရှိဘူး။ တပ်ဖွဲ့အနေနဲ့ အများကြီး မရှိတဲ့အတွက် ပဋိပက္ခလည်းအများကြီး မရှိတော့ NCA ထိုးမယ့်အစား နိုင်ငံရေးဆွေးနွေးပွဲမှာ ဝင်ရောက်ဆွေးနွေးဖို့ အစိုးရဘက်က ကမ်းလှမ်းတာတွေ့ရပါတယ်။

**သတင်းအဖွဲ့ ။ လတ်တလောမှာ NCA စာချုပ်က ပျက်ပြယ်သွားပြီဆိုပြီး ပြည်တွင်း ပြည်ပမှာ ထုတ်လွှင့်နေတာတွေ ရှိနေတယ်။ ဒါတွေအပေါ်မှာ သဘောထား အမြင်လေး ပြောပြပေးစေလိုပါတယ်။**

ဦးအောင်နိုင်ဦး။ NCA စာချုပ်ဟာ မပျက်ပြယ်တဲ့အပြင် ပိုပြီးတော့ အခြေအနေကောင်းလာပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အောက်တိုဘာလ ၃ ရက်နေ့နဲ့ ၄ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင် အင်အားစု ၁၅ ဖွဲ့လုံးကို အစိုးရက ဖိတ်ခေါ်ထားပါတယ်။ ပြီးတော့ လက်မှတ်ထိုးဖို့ ကိစ္စတွေကို တိတိကျကျ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်လိုက်တာနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပိုပြီးတော့ ခိုင်မာသွားတဲ့သဘောမျိုးကို တွေ့ရပါတယ်။ ဒါဟာ အရေးကြီးတဲ့ ခြေလှမ်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ဆိုတာ (Joint Venture) နှစ်ဦးနှစ်ဖက်ပေါင်းပြီး လုပ်ရတဲ့ကိစ္စဖြစ်ပါတယ်။ ဒီတော့ ဖျက်ချင်တယ်ဆိုရင် နှစ်ဖက်စလုံးက ဖျက်ဖို့ဖြစ်ပါတယ်။

လက်တွေ့မှာ ဖြစ်ပျက်နေတာက ဘယ်ဘက်ကမှ ဖျက်ဖို့ပြောနေတာ မဟုတ်ကြပါဘူး။ လက်နက်ကိုင် တိုင်းရင်းသားအင်အားစုတွေကလည်း ဘယ်သူကမှ မထိုးဘူးလို့ မပြောပါဘူး။ မထိုးနိုင်သေးတဲ့ အဖွဲ့တွေက အဆင်သင့် မဖြစ်သေးဘူးလို့သာ ပြောတာပါ။ NCA စာချုပ်ဟာ အချောဖြစ်သွားပါပြီ။ ဒီစာချုပ်မှာ ဘုံသဘောတူညီချက်အများစုကို အခြေခံပြီး ဆောင်ရွက်ထားတာ ဖြစ်တဲ့အတွက် စာချုပ်ချုပ်ဆိုတာနဲ့ ခိုင်မာသွားမယ့်အပြင် မထိုးဘဲကျန်နေတဲ့သူတွေအတွက်လည်း လက်မှတ်ထိုးဖို့ လမ်းစတွေ ပွင့်သွားမယ်။

NCA လက်မှတ်ထိုးရင် ဘာအကျိုးကျေးဇူးရှိမလဲဆိုရင် မတရားအသင်းကနေ ပယ်ဖျက်ပေးရုံသာမက လက်မှတ်လာထိုးတဲ့အချိန်မှာ မတရားအသင်း မဟုတ်တော့ဘဲနဲ့ တရားဝင်အဖွဲ့အစည်းအနေနဲ့ လာထိုးမှာဖြစ်တယ်။ ဒီတော့ အစိုးရကလည်း တရားဝင်၊ လက်နက်ကိုင် အင်အားစုကလည်း တရားဝင်ဆိုတော့ အလွန်ကောင်းသွားမယ့် အနေအထားဖြစ်တယ်။ နောက်တစ်ခုက လက်မှတ်ထိုးတဲ့သူတွေဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ အရေးကြီးတဲ့ ကဏ္ဍတွေကနေ ပါသွားမယ့် သဘောရှိတယ်။ မပါသေးတဲ့ သူတော့ ခဏစောင့်ရမယ်။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲနဲ့ NCA ပျက်သွားပြီဆိုတာ လုံးဝမဟုတ်ဘူး။ လာမယ့် ရှေ့တစ်ပတ်၊ ၁၀ ရက်အတွင်းမှာ လက်မှတ်ထိုးဖို့ ပိုပြီးခိုင်မာတဲ့လုပ်ငန်းစဉ်တွေကိုတွေ့ရမှာ ဖြစ်ပါတယ်။

**သတင်းအဖွဲ့ ။ NCA လက်မှတ်ရေးထိုးပြီးရင် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်မယ်လို့ ထင်မြင်ယူဆပါသလဲ။**

ဒေါက်တာမင်းဇော်ဦး ။ NCA ကို လက်မှတ်ထိုးပြီးရင် NCA ထဲမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ တိတိကျကျ တောင်းဆိုထားတဲ့ အချိန်ဇယားရှိတယ်။

ပထမဆုံးက လက်မှတ်ထိုးတဲ့အဖွဲ့တွေမှာပါတဲ့ တပ်တွေရှိနေတဲ့နေရာကို ဒီစာချုပ်ကို လက်မှတ်ထိုးပြီးကြောင်း အကြောင်းကြားရမယ်။ စာချုပ်မှာပါဝင်တဲ့ အချက်အလက်တွေကို ပြောပြရမယ်။ ပြီးရင် နှစ်ဖက်စလုံးကနေပြီး လက်မှတ်ထိုးတဲ့ ကိုယ်စားလှယ်တွေက အစည်းအဝေးတစ်ခုလုပ်ပြီး တိုက်ပွဲတွေဖြစ်လာရင် ဘယ်လို လျှော့ချမလဲ၊ ဘယ်လိုရှောင်ရှားမလဲဆိုတဲ့ ယန္တရား (ပစ်ခတ်တိုက်ခိုက်မှု စောင့်ကြည့်ရေးပူးတွဲကော်မတီ) တစ်ရပ်ကို ဖွဲ့စည်းရမယ်။ ဒါဟာ NCA ထဲမှာ ထည့်ထားပြီးသားဖြစ်တယ်။

နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပနိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးပွဲကော်မတီကို ပူးတွဲပြီးလုပ်ရမယ်။ ဒီကော်မတီအားလုံးဟာ အစိုးရတစ်ဖက်တည်းက တာဝန်ယူလုပ်ရမှာ မဟုတ်ဘူး။ အစိုးရရော၊ တိုင်းရင်းသားလက်နက်ကိုင်ရော၊ ပြည်သူလူထု ကိုယ်စားလှယ်အချို့နဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ ပေါင်းပြီးတော့ ပူးတွဲပြီး ဆောင်ရွက်မယ့် ကော်မတီတွေ၊ ယန္တရားတွေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပွဲ လုပ်ပြီးတာနဲ့ အစိုးရဘက်က ဘယ်နှဖွဲ့ပဲထိုးထိုး NCA မှာ ပါဝင်တဲ့ ကတိကဝတ်အတိုင်း အချိန်ဇယားကို အကောင်အထည်ဖော်ရမှာ ဖြစ်တယ်။

**သတင်းအဖွဲ့ ။ ဒါဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့ တိုက်ပွဲတွေကို ဘယ်လိုနည်းလမ်းတွေနဲ့ လျှော့ချလို့ ရနိုင်မယ်ထင်ပါသလဲ။ ဘယ်လိုနည်းလမ်းနဲ့ လျှော့ချလို့ ရနိုင်မယ်ဆိုတဲ့ အကြံဉာဏ်မျိုးပေးချင်ပါသလဲ။**

ဒေါက်တာမင်းဇော်ဦး ။ ကျွန်တော်တို့ NCA ကို စဉ်းစားရာမှာ တိုက်ပွဲတွေမဖြစ်အောင်၊ လျှော့ကျအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ စဉ်းစားချက်က ပါပြီးဖြစ်ပါတယ်။ ဒ့ါအတွက်ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (JMC) ကို ဖွဲ့စည်းသွားမယ်။

အခု အဓိကဖြစ်နေတဲ့ တိုက်ပွဲတွေရဲ့ ၉၀ ရာခိုင်နှုန်းက တိုင်းရင်းသားတပ်တွေနဲ့ အစိုးရတပ်တွေအကြားမှာ နယ်မြေသတ်မှတ်ချက် တိတိကျကျ မရှိတဲ့အပေါ်မှာ ထိတွေ့မှုတွေ ဖြစ်တာများတယ်။ နယ်မြေသတ်မှတ်ရေး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးမည်ဟုဆုံးဖြတ်ခြင်းအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကျင်းပ

**မြဝတီ အောက်တိုဘာ ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ထီးမယ်ဝါးခီးကျေးရွာ ပင်လုံအားကစားကွင်းတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးမည်ဟုKNU၊DKBA၊KNU/KNLA(PC) လက်နက်ကိုင်အဖွဲ့သုံးဖွဲ့မှ ဆုံးဖြတ်ခြင်းအား ဒေါနအရှေ့ခြမ်းစစ်ဘေးဒဏ်သင့် ပြည်သူများ၏ ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့ အောက်တိုဘာ၄ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် သဘာပတိ ဦးစောဌေးမြင့်အောင်က အမှာ စကားပြောကြားပြီး ဖလူးကျေးရွာအုပ်စုမှ လူထုကိုယ်စားလှယ် ဦးစောထူးဒိုသန်းက ကြိုဆိုထောက်ခံဆွေးနွေးခြင်း၊ မဲထော်သလေးကျေးရွာအုပ်စုမှ လူထုကိုယ်စားလှယ် ဦးစောထွေးတင်က ကြိုဆိုထောက်ခံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသည့် ပြည်သူလူထုကလည်း ကြိုဆိုထောက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဖလူးကြီးကျေးရွာ၊ ဖလူးလေးကျေးရွာ၊ အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ ရသေ့ဂူ၊ ထီးမယ်ဝါးခီး၊ ကျောက်ခတ်၊ မဲထော်သလေး၊ လေးကေ့ကော်၊ ပဟိကလော်ကျေးရွာများမှ ဒေသခံကျေးရွာပြည်သူလူထု ၁၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ကိစ္စကို JMC မှာ ဒီကိစ္စတွေ ဆွေးနွေးညှိနှိုင်းပြီး ပစ်ခတ်တိုက်ခိုက်တာတွေ လျှော့ချဖို့ အစီအစဉ်တွေလည်းရှိပြီးသား၊ ယန္တရားတွေလည်း ရှိပြီးသား။ ဒါကိုသာ လုပ်နိုင်ရင်ဖြစ်တဲ့ တိုက်ပွဲတွေရဲ့ ၈၀ ရာခိုင်နှုန်းကို အချိန်ခြောက်လအတွင်းမှာ လျှော့ချသွားလို့ရတယ်။ ဒီလို လုပ်နိုင်ဖို့ အဓိက အရေးကြီးတာက JMC ထဲမှာ ပါဖို့ လိုတယ်။ JMC ထဲမှာပါဖို့က NCA ကို လက်မှတ်ထိုးတဲ့ အဖွဲ့အစည်းဖြစ်ဖို့လိုပါတယ်။

**သတင်းအဖွဲ့ ။ NCA လက်မှတ်ထိုးဖို့ အောက်တိုဘာမှာ ဖြစ်နိုင်မယ်လို့ ပြောထားတာနဲ့ပတ်သက်ပြီး အခု ဆက်လုပ်မယ့် အစီအစဉ်တွေရှိရင်လည်း သိချင်ပါတယ်။**

ဦးအောင်နိုင်ဦး ။ အချက်သုံးချက်ကို ပြောချင်တယ်။ အားလုံးပါဝင်ပြီး လက်မှတ်ရေးထိုးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ကွဲပြားနေတဲ့ သဘာဝတွေ၊ တစ်ဖက်နဲ့တစ်ဖက် မတူညီဘဲ ထူးခြားတဲ့အနေထားတွေ၊ ဒေသချင်း ကွဲပြားမှုတွေပေါ်မှာ မူတည်ပြီးတော့ အားလုံးပါဝင်ရေးကို စောင့်နေမယ်ဆိုရင် လက်တွေ့ကျကျ စဉ်းစားရင်တော့ ဘယ်တော့မှ ပြီးမယ့်သဘောမရှိဘူး။

အစိုးရအနေနဲ့ကလည်း လက်တွေ့ဆန်ဆန် စဉ်းစားဖို့လိုတယ်။ ရတဲ့အဖွဲ့နဲ့ လက်မှတ်စထိုးထားဖို့လိုတယ်။ ဒါကြောင့်မို့လည်း အခြေခံကောင်းတွေ တည်ဆောက်နိုင်ဖို့အတွက် လက်မှတ်ထိုးဖို့ အဆင်သင့်ဖြစ်ပြီဆိုတဲ့ အဖွဲ့တွေနဲ့ ထိုးဖို့ အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ နောက်တစ်ချက်က လက်ရှိအစိုးရ သက်တမ်းက ခြောက်လလောက်ပဲကျန်တယ်။ အဲ့ဒီတော့ ဖေဖော်ဝါရီလမှာ ထိုးခဲ့တဲ့ DoC မှာ ရွေးကောက်ပွဲမတိုင်ခင်မှာ NCA လက်မှတ်ထိုးဖို့ ရအောင်လုပ်ပါမယ်ဆိုတာကို သမ္မတကြီးက ကတိပေးထားတာရှိပါတယ်။ ဒီကတိကို အကောင်ထည်ဖော်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လည်း NCA ကို မဖြစ်ဖြစ်အောင် လက်မှတ်ထိုးမယ့် သဘောဖြစ်ပါတယ်။

သို့သော်လည်းပဲ အချိန်က သိပ်မကျန်တော့တဲ့အတွက် ဒီကတိထဲမှာ ဘာလုပ်ဖို့ ပြောထားလဲဆိုတော့ ဒီလုပ်ငန်းစဉ်ကို ခိုင်မာသွားအောင် လုပ်ဖို့လိုတယ်။ NCA စာချုပ်ပါ ရက်စွဲတွေအတိုင်း ရက်ပေါင်း ၆၀ အတွင်းမှာ မူဘောင်ရေးဆွဲရမယ်။ ရက် ၉၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးပွဲ လုပ်ရမယ်ဆိုတဲ့ အခါကျတော့ အခု အောက်တိုဘာမှာ လက်မှတ်ရေးထိုးဖြစ်တယ်ဆိုရင် လာမယ့်နှစ် ဇန်နဝါရီလမှာ နောက်ဆုံးထားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို မဖြစ်ဖြစ်အောင် လုပ်ရမှာဖြစ်ပါတယ်။ ဒီကတိကဝတ်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ခိုင်မာအောင် အုတ်မြစ်ချတယ်လို့လည်း ပြောလို့ရတယ်။ ဒါဟာ အာမခံချက်ကို ခိုင်ခိုင်မာမာ ပေးတဲ့သဘောပါပဲ။

လက်မှတ်ထိုးမယ့် အစိုးရဘက်ပိုင်းကိုကြည့်ရင် နိုင်ငံတော်ခေါင်းဆောင်တွေကပဲ ထိုးကြမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ ၊ ပြည်တွင်းက အချို့ပါတီ အင်အားစုတွေလည်း ပါဝင်ကြမယ့်အပြင် နိုင်ငံတကာကလည်း အသိသက်သေတွေလာကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံမှာ အရေးကြီးဆုံးပုဂ္ဂိုလ်တွေက အာမခံထားတဲ့၊ သေသေချာချာ လက်မှတ်ထိုးမှာ ဖြစ်တဲ့အတွက် ဘယ်သူကမှ ဒီစာချုပ်ကို ချိုးဖောက်လို့ရမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြောချင်တာက ဒီစာချုပ်လက်မှတ်ထိုးပြီးရင် အစိုးရဘက်က ချိုးဖောက်လို့မရသလို တိုင်းရင်းသားတွေဘက်ကလည်း ချိုးဖောက်လို့ မရပါဘူး။ ဒါကို ပိုပြီးခိုင်မာအောင် လွှတ်တော်မှာ တင်သွင်းပြီး အတည်ပြုမှာဖြစ်တဲ့အတွက် နောင်တက်လာမယ့်အစိုးရကလည်း ဒီကိစ္စကို မဖြစ်မနေ ဆက်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရသစ် တက်လာတဲ့ အခါမှာလည်း NCA စာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့သူတွေ အများကြီး ပါဝင်လာဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အာမခံချက် အပြည့်အဝရှိတဲ့ စာချုပ်လို့ ပြောချင်ပါတယ်။

**သတင်းအဖွဲ့ ။ လက်ရှိဆောင်ရွက်နေတဲ့ ပကတိငြိမ်းချမ်းရေးဖြစ်စဉ်အခြေအနေနဲ့ ပြင်ပမှာ ကောလာဟလတွေ ဖြစ်နေတဲ့ အခြေအနေလေးကို သုံးသပ်ပြောပြပေးစေလိုပါတယ်။**

ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် ။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ဘယ်လောက်ထိ ခက်ခဲတယ်ဆိုတာကို နားမလည်တဲ့သူတွေအနေနဲ့ နိုင်ငံတော်သမ္မတကြီးက ရွေးကောက်ပွဲမှာ အနိုင်ရချင်လို့၊ အမှတ်လိုချင်လို့ဆိုတဲ့ စဉ်းစားချက်တွေလည်း ရှိနေတယ်။ တကယ်တမ်းက သမ္မတက ခုချိန်ထိ သမ္မတပြန်လုပ်မယ် ၊ မလုပ်ဘူးဆိုတာကို မပြောခဲ့ဘူး။ ဒီတော့ သူ့ကို သမ္မတဖြစ်စေခဲ့တဲ့ USDP ပါတီရဲ့ အနိုင်ရခြင်း၊ မရခြင်းဆိုတာတွေ ဟာလည်း သူ့အတွက် အရေးကြီးချင်မှကြီးမယ်။ သူ့အနေနဲ့ ငြိမ်းချမ်းရေးကို တစိုက်မတ်မတ် လုပ်ချင်တယ်။ သူ့ရဲ့ အစိုးရသက်တမ်းမကုန်မီမှာ နိုင်ငံရေးဆွေးနွေးပွဲဆိုတာကို စခဲ့နိုင်ရင် နောက်အစိုးရတွေဟာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရှေ့က အစိုးရလက်လွှဲခဲ့တဲ့ လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ဖို့ တာဝန်ရှိပါတယ်။

ဒါကြောင့် အချိန်ကာလနဲ့ တွက်ချက်ကြည့်မယ်ဆိုရင် အခု အောက်တိုဘာလ ပထမအပတ်မှာ NCA လက်မှတ်ထိုးနိုင်ရင် ထိုးပြီးတာနဲ့ ၂၄ နာရီအတွင်းမှာ နှစ်ဖက်တပ်တွေကို အကြောင်းကြားရမယ်။ ဒါဆိုရင် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့်ရွေးကောက်ပွဲကို အေးအေးချမ်းချမ်းနဲ့ လုပ်နိုင်မှာပါ။

ဒုတိယအချက်က ရက် ၃၀ အတွင်း၊ ရက် ၆၀ အတွင်း၊ ရက် ၉၀ အတွင်းမှာ လုပ်ရမယ့်ကိစ္စတွေရှိနေပါတယ်။ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲအတွက် ဒါတွေဟာ အရေးကြီးတဲ့ အချက်တွေပါ။ ရွေးကောက်ပွဲပြီးသွားလို့ ရက် ၆၀ အတွင်းမှာ လုပ်ရမယ့် ကိစ္စတွေဟာလည်း ရွေးချယ်ခံထားရတဲ့ အနိုင်ရပါတီတွေအနေနဲ့ ငြိမ်းချမ်းရေးကို သူတို့လက်ထက်မှာ ဘယ်လိုသယ်ဆောင်သွားမလဲဆိုတာကို စဉ်းစားဖို့ အချိန်ရပါတယ်။

ရက် ၉၀ ပြည့်တဲ့အခါမှာ နိုင်ငံရေးဆွေးနွေးပွဲစနိုင်မယ်ဆိုရင် အရွေးမခံရတဲ့သူတွေကလည်း အရွေးခံရတဲ့ သူတွေကို လက်လွှဲလိုက်နိုင်မယ်။ အဲ့ဒီတော့ သမ္မတ ဦးသိန်းစိန်အနေနဲ့ ဒီလောက်ခက်ခဲတဲ့ လုပ်ငန်းကို လုပ်ဆောင်တာဟာ နောက်တစ်ခါ ရွေးကောက်ခံဖို့နဲ့ သူ့ပါတီအနိုင်ရဖို့ လုပ်နေတာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ DoC ကို လက်မှတ်ထိုးခဲ့တဲ့ အချိန်တုန်းကလည်း သူ့အနေနဲ့ ရွေးကောက်ပွဲမစခင် ကိုးလအလိုကတည်းက ဒီကိစ္စကို စဉ်းစားခဲ့လို့ရှိရင် သမ္မတအနေနဲ့ DoC ကို ထိုးခဲ့မှာမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ပြောရရင် သူ့မှာ ကြိုတင်ပြီး စီမံထား၊ ပြင်ဆင်ထားတာတွေမရှိဘူး။ စိတ်ရိုးရိုးသားသားနဲ့ DoC ကို လက်မှတ်ထိုးခဲ့တာပါ။

ကျွန်တော်တို့ နောက်ဆုံးအနေနဲ့ ကတိကဝတ်ပြုစာချုပ်မှာ လက်မှတ်ထိုးတဲ့သူတွေက မြန်မာပြည်မှာ ထင်ပေါ်ကျော်ကြားတဲ့သူ လူ ၁၀၀ သာ ရွေးမယ်ဆိုရင် သူတို့အကုန်လုံးပါတယ်။ ဒီကတိကဝတ်အတိုင်း ဒီရွေးကောက်ပွဲမတိုင်ခင်မှာ NCA လက်မှတ်ထိုးဖို့ဆိုတာ အားလုံးနဲ့ ဆိုင်ပါတယ်။ အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုးရေးကိစ္စဆိုတာ သမ္မတတစ်ဦးတည်းနဲ့ သက်ဆိုင်တဲ့ ကိစ္စမဟုတ်ဘူးလို့ပဲ ပြောချင်ပါတယ်။

**NCA ဆိုင်ရာ သမိုင်းဝင်နေ့စွဲများ**

| | |
|---|---|
| ၂၀၁၃ နိုဝင်ဘာ ၂ | NCA ရေးဆွဲရန်အတွက် လိုင်ဇာထိပ်သီးညီလာခံတွင် သဘောတူညီမှုရရှိခဲ့သည်။ |
| ၂၀၁၄ မတ် ၈ | UPWC နှင့် NCCT တို့အကြား NCA ညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့သည်။ |
| ၂၀၁၄ ဧပြီ ၈ | နှစ်ဖက်မှ တင်ပြလာသည့် NCA စာချုပ်များကို စာချုပ်တစ်ခုတည်း (NCA Single Text) အဖြစ် ပေါင်းစည်းရေးသားနိုင်ခဲ့သည်။ |
| ၂၀၁၅ မတ် ၃၁ | NCA မူကြမ်းရရှိခဲ့သည်။ |
| ၂၀၁၅ ဇွန် ၂ | လောခီးလာထိပ်သီးညီလာခံကို ကျင်းပနိုင်ခဲ့ပြီး စာချုပ်အချောသတ်နိုင်ရန်အတွက် စတင်နိုင်ခဲ့သည်။ |
| ၂၀၁၅ ဩဂုတ် ၇ | NCA စာချုပ် အပြီးသတ်နိုင်ခဲ့သည်။ |
| ၂၀၁၅ စက်တင်ဘာ ၉ | နိုင်ငံတော်သမ္မတနှင့် ထိပ်သီးခေါင်းဆောင်များ ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပြီး NCA စာချုပ်ကို အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံတော်သမ္မတမှ ဖိတ်ခေါ်ခဲ့သည်။ |

**NCA စာချုပ်ပါလက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်းဆောင်ရွက်ရမည့်ကိစ္စများ**

| | |
|---|---|
| ၂၄ နာရီ | သဘောတူလက်မှတ်ရေးထိုးပြီးကြောင်း အောက်ခြေအဆင့်ဆင့်သို့အသိပေးရန် |
| ၅ ရက် | စာချုပ်ပါအချက်အလက်များကို အောက်ခြေအဆင့်ဆင့်သို့ရှင်းလင်း အသိပေးရန် |
| ၁၄ ရက် | **ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်း အစည်းအဝေး**<br>❖ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ဖွဲ့စည်းခြင်း<br>❖ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု(UPDJC)ဖွဲ့စည်းခြင်း<br>❖ တိကျသော အချိန်ဇယားရေးဆွဲခြင်း |
| ၃၀ ရက် | စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များစောင့်ကြည့်ရေးကော်မတီလုပ်ငန်းလမ်းညွှန် |
| ၆၀ ရက် | ➢ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်း<br>➢ အားလုံးပါဝင်ရေးမူဖြင့် ပါဝင်သင့်ပါဝင်ထိုက်သူများနှင့်အချိုးအစားသတ်မှတ်ခြင်း<br>➢ မည်သို့ ဆွေးနွေးမည် သတ်မှတ်ခြင်း |
| ၉၀ ရက် | **နိုင်ငံရေးဆွေးနွေးပွဲများစတင်ခြင်း**<br>❖ ပြည်ထောင်စုညီလာခံကျင်းပခြင်း<br>❖ ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း<br>❖ ပြည်ထောင်စုသဘောတူစာချုပ်အကောင်ထည်ဖော်ခြင်း |

# တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄ –** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရွာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို လာမည့် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ ပြုလုပ်သွားမည်

သတင်း-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

ရန်ကုန် အောက်တိုဘာ ၄

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲကို ၂၀၁၅ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC -2) ၌ ကျင်းပရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နှစ်ဖက်သဘောတူညီခဲ့ကြသည်။**

အောက်တိုဘာ ၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲတွင် ယင်းကဲ့သို့ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ယင်းကြိုတင်ညှိနှိုင်းဆွေးနွေးပွဲတွင် အစိုးရနှင့် တိုင်းရင်းသားများဘက်မှ တစ်ဖက်လျှင် ကိုယ်စားလှယ် ၁၀ ဦးစီပါဝင်သည့် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပရေး ပူးတွဲကော်မတီ" ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ယနေ့ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တက်ရောက်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် "ငြိမ်းချမ်းရေးကောင်စီ (KNLA-PC)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) တို့ ဖြစ်ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် NCA စာချုပ်ရေးဆွဲပြီးပြီဖြစ်၍ ဆက်လက်အကောင်အထည်ဖော်နိုင်ရန်လိုအပ်ချက်ဖြစ်သည့် လက်မှတ်ရေးထိုးရေးအတွက် ညှိနှိုင်းသည့်ပွဲဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့် အဖွဲ့များရှိနေသေးသည့်အပေါ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အား ဆက်သွားရန်အတွက် လက်မှတ်ထိုးမည်ဆိုသည့် အဖွဲ့များသည်လည်း ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်ချခဲ့ရကြောင်း၊ NCA ဆိုသည့် နာမည်နှင့် NCA စာချုပ်ပါ အချက်များအားလုံးနီးပါးကို သဘောတူညီအဆိုပြုခဲ့သည်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့်လည်း မြောက်ပိုင်းရှိအဖွဲ့များ လက်မှတ်ရေးထိုးရန် အဆင်သင့် မဖြစ်သေးသည့်အပေါ်တွင် NCA ဆက်သွားရေးဆုံးဖြတ်ရသည်မှာ လွယ်ကူသည့် ဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ NCA လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလမ်းပြမြေပုံကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပြီဆိုပါက အဆင်သင့်မဖြစ်သေးသည့်အဖွဲ့များလည်း ဝိုင်းဝန်းပါဝင်လာကြမည်ဟု ယုံကြည်ကြောင်း။

လက်မှတ်မထိုးနိုင်သေးသည့် အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးမလိုလားသူများဟု မသတ်မှတ်ရန်နှင့် လက်တွဲခေါ်နိုင်ရန် သမ္မတကြီးက ပြောကြားထားပါကြောင်း၊ NCA ကို ၁၅ ဖွဲ့လုံး ပါဝင်လက်မှတ်ရေးထိုးရန် အခက်အခဲဖြစ်နေသည့် အကြောင်းရင်းများတွင် အားလုံးပါဝင်ရေး အပြင် အခြားအခက်အခဲများလည်းရှိနေသည်ကို မိမိတို့နားလည်ပါကြောင်း၊ မိမိတို့အနေဖြင့် ကျန်ရှိနေသေးသည့်အဖွဲ့များ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လက်တွဲနိုင်ရန် NCA စာအုပ်ကိုဖွင့်ထားပြီး အဆင်သင့်ဖြစ်သည့် အချိန်တွင် လာရောက်လက်မှတ်ထိုးနိုင်ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်သည့်အပေါ်တွင် နိုင်ငံတကာမှ အသိအမှတ်ပြုကြမည်ဖြစ်သလို လူထုကလည်း ကြိုဆိုကြမည်ဖြစ်၍ မိမိတို့အားလုံးအတွက် တောက်ပြောင်သည့် သမိုင်းပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ကိုယ်စား KNU မှ ပဒိုစောကွယ်ထူးဝင်းက NCA ရည်ရွယ်ချက်သည် နိုင်ငံတွင်း၌ ဖြစ်ပွားခဲ့သည့် နှစ်ပေါင်းကြာရှည်သည့် ပဋိပက္ခများကို ဖြေရှင်းပြီး ငြိမ်းချမ်းသာယာသည့် နိုင်ငံတည်ဆောက်ရန်ဖြစ်ကြောင်း၊ NCA စာချုပ်သည် တိုင်းပြည်အတွင်း နေထိုင်နေကြသည့် ပြည်သူအားလုံး၏ အကျိုးစီးပွားကိုရည်ရွယ်ကာ လုပ်ဆောင်ခဲ့သည့် စာချုပ်ဖြစ်ပါကြောင်း၊ NCA စာချုပ်အသက်ဝင်လာရန်အတွက် လက်မှတ်ရေးထိုးပြီးနောက် အကောင်အထည်ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ ယနေ့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် စတင်လှုပ်ရှားသည့် သမိုင်းဝင်နေ့ရက်တစ်ရက်ပင်ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးရန် အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးခြင်းမပြုနိုင်သေးသည့် အဖွဲ့များလည်းရှိပါကြောင်း၊ ၎င်းတို့ပါဝင်လာနိုင်ရန် အတွက်လည်း နှစ်ဖက်စလုံးမှ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ၅၁သန်းကျော်သော ပြည်သူများအားလုံးသည် ငြိမ်းချမ်းရေးအား အလွန်တရာမှ ဆာလောင်မွတ်သိပ်နေကြောင်း၊ တစ်ဖက်နိုင်ငံတွင်ရောက်ရှိနေသည့် ပြည်သူများ သို့မဟုတ် မြန်မာနိုင်ငံအစွန်အဖျား၌ လက်ရှိမဖွံ့ဖြိုးသေးသည့် လက်နက်ကိုင်အဖွဲ့အစည်းများအောက်တွင် နေကြရသည့် ပြည်သူများလည်း ရှိပါကြောင်း၊ အဆိုပါဒေသများမှ ပြည်သူများသည် ငြိမ်းချမ်းရေးအား အလွန်တရာငတ်မွတ်တောင့်တနေကြကြောင်း။



**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။**

ငြိမ်းချမ်းရေးအား အကောင်အထည်ဖော်ပေးမည့်လူများသည် ယခုခန်းမရှိ စားပွဲများ၌ ထိုင်နေကြသည့်သူများဖြစ်သည်ကိုမေ့မထားသင့်ကြောင်း၊ မိမိတို့အားလုံးသည် လက်တွေ့ ငြိမ်းချမ်းရေးကို တည်ဆောက်ပေးမည့် နေရာတွင် အဓိကပါဝင်သည့် ဇာတ်ကောင်များဖြစ်သောကြောင့် ပြင်းပြသည့် ဆန္ဒနှင့် ကောင်းမွန်သော ရည်ရွယ်ချက်များထားကာ ရှေ့တိုးသွားရန် တင်ပြလိုကြောင်း၊ ယခုရရှိထားသည့် အခြေအနေများကို အမြန်ဆုံးအကောင်အထည်ဖော်၍ ရှေ့ကိုတိုး ကြိုးပမ်းပေးပါဟု နိဂုံးချုပ်ပြောကြားလိုကြောင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ALP ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်က NCA လက်မှတ်ထိုးရန်ကျန်နေသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း လက်မှတ်မရေးထိုးနိုင်ဟု မပြောထားကြောင်း၊ ထိုက်သင့်သည့် အခြေအနေများပေါ်တွင် လက်မှတ်ရေးထိုးရန် သဘောထားပေးထားသဖြင့် အစိုးရဘက်နှင့် NCA လက်မှတ်ရေးထိုးမည့်အဖွဲ့များက ကျန်အဖွဲ့များ မြန်မြန်ပါဝင်လာနိုင်စေရန် ဆွဲခေါ်ရန်လိုအပ်ကြောင်း၊ အစိုးရဘက်အနေဖြင့်လည်း လက်တွေ့လုပ်ဆောင်ပြရန် လိုအပ်ပြီး လက်တွေ့လုပ်ဆောင်ပြပါမှ လက်မှတ်မထိုးဘဲ ကျန်နေသည့်အဖွဲ့များကို ဆွဲခေါ်ရာရောက်မည်ဟု မိမိအနေဖြင့်ယူဆကြောင်း၊ NCA လက်မှတ်ထိုးပွဲလုပ်ရန် အကောင်ထည်ဖော်ရာတွင် အစိုးရဘက်က ပူးတွဲကော်မတီဖွဲ့ရန် သဘောထားရှိခြင်းကို ဝမ်းသာပါကြောင်း၊ NCA လက်မှတ်ထိုးပြီးပါက NCA တွင် ပါဝင်သည့် အချက်အလက်များကို နှစ်ဖက်စလုံးမှ ချိုးဖောက်၍မရဘဲ နှစ်ဖက်သဘောတူညီမှုရအောင်လုပ်ပြီးမှ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုမှသာ စစ်မှန်သည့် ငြိမ်းချမ်းရေးဆိုသော အနေအထားကိုရရှိမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်ပန်ကြားလိုသည်မှာ တိုင်းရင်းသားခေါင်းဆောင်များဘက်မှရော၊ အစိုးရဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားများဘက်မှပါ NCA စာချုပ်တွင် ပါဝင်သည့် သဘောထားအတိုင်းသာ ဆောင်ရွက်ကြရန်တိုက်တွန်းကြောင်း၊ NCA လက်မှတ်ရေးထိုးပွဲသည် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် တံခါးဖွင့်ပေးမည့် သမိုင်းစာမျက်နှာတစ်ခုပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း ပြောကြားသည်။

အစည်းအဝေးကို ညနေ ၆ နာရီတွင် အဆုံးသတ်ခဲ့ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ရဲဘော်မျိုးဝင်းတို့က သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပြီး တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

## ရေဘေးပြန်လည်ထူထောင်ရေးရန်ပုံငွေ အမေရိကန်၊ ဂျပန်အဆိုတော်များ ဖျော်ဖြေ

**ရန်ကုန် အောက်တိုဘာ ၄**

ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ Yangon Runway Girls Collection ဂီတဖျော်ဖြေပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မိုင်ဒါကွင်း၌ ကျင်းပခဲ့သည်။

ထိုဖျော်ဖြေပွဲကြီးတွင် ဖက်ရှင်ရှိုးအစီအစဉ်များ ဂျပန်ရိုးရာယဉ်ကျေးမှုအကများ၊ အမေရိကန်အဆိုတော် ရှောင်ကင်းစတန်၊ ဆမ်မီ၊ ဂျပန်အမျိုးသမီးအဆိုတော်အဖွဲ့ Yanakiku၊ မြန်မာနိုင်ငံမှ အဆိုတော် စန္ဒီမြင့်လွင်နှင့် အမွန်းတို့ ပါဝင်သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းဖျော်ဖြေပွဲမှရရှိလာသည့် ရန်ပုံငွေများကို ရေဘေးသင့်ပြည်သူများအတွက် သင့်လျော်သည့်ဒေသများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



❖ *ကျောဖုံးမှ*

အာကာ၊ ဒဏ်ရာရနေသည့် ဂိုးသမား ဘုန်းသစ္စာမင်းနေရာ၌ ဆန်းဆက်နိုင်တို့ဝင်ရောက်ကစားသည်မှ လွဲ၍ အောင်ဇင်ဖြိုး၊ ဇင်ဖြိုးအောင်နှင့် ရဲရင့်အောင်၊ စိုးမိုးထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း တီမောနှင့် ပွဲကဲ့သို့ပင် ဂိုးကံခေခဲ့ပြန်သည်။ ၂၂ မိနစ်တွင်အာကာ၊ ၃၅ မိနစ်တွင် ဈာနေရသူတို့၏ ကန်ချက်များတိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းအစတွင် ဟောင်ကောင်အသင်း ကစားပုံပြန်ကောင်းလာခဲ့ပြီး ၇၂ မိနစ်တွင် ငန်ချောက်ဖန်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဦးဆောင်ဂိုးပေးလိုက်ရသောကြောင့် မြန်မာအသင်းတိုက်စစ်အားမြှင့်လာခဲ့သော်လည်း ဟောင်ကောင် နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ၈၈ မိနစ်ကျမှမြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ကွင်းလယ်လူစစ်မင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ချေပဂိုးပြန်ရခဲ့၍ မြန်မာအသင်းစိတ်ဓာတ်တင်းမာပြီး မြန်မာပရိသတ်၏ အားပေးမှုနှင့်အတူ တရစပ် ကြိုးစားလာရာ ပွဲပြီးခါနီးတွင် အောင်မိုးသူက ခေါင်းတိုက်သွင်းယူခဲ့၍မြန်မာအသင်း အဖိုးတန်အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။

ပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းက တီမောအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဗီယက်နမ်အသင်းမှာ ခြေအသာဖြင့် တောက်လျှောက်ဖိကစားပြီး လေးမိနစ်တွင် ငုယင်ထရန်ဒီ၊ ခုနစ်မိနစ်တွင် ငုယင်ကွမ်ဟိုင်တို့က သွင်းယူခဲ့ပြီး တီမောအတွက် ချေပဂိုးကို ပွဲပြီးခါနီး၌ ခရုဇ်က သွင်းယူခဲ့သည်။

ယနေ့ပွဲစဉ်များ အပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲကစားကိုးမှတ်၊ မြန်မာအသင်းက ခုနစ်မှတ်ရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရေး အပြိုင်ဖြစ်နေပြီး မြန်မာအသင်းသည် အနိုင်ရမှသာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ လေးပွဲကစား ငါးမှတ်ရ တီမောအသင်း၊ သုံးပွဲကစား တစ်မှတ်ရ ဟောင်ကောင်အသင်းနှင့် သုံးပွဲကစား အမှတ်မရသေးသည့် ဘရူနိုင်းအသင်းတို့သည် ခြေစစ်ပွဲမအောင်ခဲ့ပေ။

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပထမပွဲအဖြစ် ဟောင်ကောင်နှင့် ဘရူနိုင်း၊ ဒုတိယပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# အထက်ပုဇွန်တောင် လမ်းမကြီးပေါ်၌ ကားသုံးစီး ဆင့်ကဲတိုက်

**ရန်ကုန် အောက်တိုဘာ ၄**

အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီခွဲခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီး စက်ဆန်းရပ်ကွက် ၉ လမ်း ဟိန္ဒူဘုရားကျောင်းရှေ့ ကားလမ်းပေါ်တွင် ယာဉ်သုံးစီး ဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။ အထက်ပုဇွန်တောင်လမ်းမကြီးပေါ် တောင်ဘက်မှ မြောက်ဘက်သို့မောင်းနှင်လာသော တိုယိုတာ ကယ်လ်ဒီးနားအမျိုးအစား အနက်ရောင်အငှားယာဉ်BB/---- သည် မြောက်ဘက်မှတောင်ဘက်သို့ မောင်းနှင်လာသော ရေသန့်ဘူးများ တင်ဆောင်လာသည့် အဖြူရောင် တောင်းအေ့စ်အမျိုးအစား လိုက်ထရပ်ယာဉ် 8K/---- နှင့် လမ်းလယ်ကောင်တွင် မျက်နှာချင်းဆိုင် တိုက်မိကြသည်။ ရေသန့်ကားမှာ လဲကျတိမ်းမှောက်သွားပြီး မြောက်ဘက်မှ တောင်ဘက်သို့မောင်းနှင်လာသော ဒန်ပေါက်အိုးများ တင်ဆောင်လာသည့် အဖြူရောင်တိုယိုအေ့စ် အမျိုးအစား လိုက်ထရပ်ယာဉ် 9F/----- ကို အငှားယာဉ်က ထပ်မံတိုက်မိပြန်သည်။ ကားသုံးစီးပျက်စီးသွားခဲ့ပြီး ရေသန့်ကားပေါ်မှ ၁၉ နှစ်ရွယ် လူငယ်တစ်ဦး လွင့်စဉ်ရေမြောင်းထဲ ပြုတ်ကျ၍ ဒဏ်ရာအနည်းငယ်ရသွားခဲ့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**





# အရှိန်မထိန်းနိုင်သောယာဉ် လမ်းဘေးရပ်ထားသော ယာဉ်သုံးစီးကို ဝင်ရောက်တိုက်မိ

**ရန်ကုန် အောက်တိုဘာ ၄**

အောက်တိုဘာ ၄ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်က ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း ဆက်ပိုင်ထွန်း မောင်းနှင်လာသော ယာဉ်အမှတ် 8A/------တောင်းအေ့စ်ခဲရောင်ယာဉ်သည် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ငုဝါလမ်း အိမ်အမှတ်-၅၈ ရှေ့ အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရပ်ထားသော ယာဉ်အမှတ် 6H/-------,1E/-----,4C/------ ယာဉ်တို့အား ဆက်လက်တိုက်မိသဖြင့် တောင်းအေ့စ်ယာဉ်မှာ ဦးခေါင်းပိုင်ပျက်စီး ရှေ့လေကာမှန်ကွဲသွားပြီး 6H/------ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ညာမီးသီးကွဲပြီး၊ 4C/------ယာဉ်နှင့် 1E/----------ယာဉ်တို့မှာ ကားဘော်ဒီပိုင်း အနည်းငယ်ပျက်စီးခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူ ကိုညီညီထွန်းနှင့် ယာဉ်မောင်းဆက်ပိုင်ထွန်းတို့မှာဒဏ်ရာများရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာ (မစိုးရိမ်ရ) အဖြစ်တင်ပို့ကုသထားပြီး ယာဉ်မောင်းကိုအလုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**နေပြည်တော် အောက်တိုဘာ ၄**

အောက်တိုဘာ ၃ ရက် ညနေ ၃ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ထန်းတောကျေးရွာ မူလတန်းကျောင်းရှေ့ ဆားလင်းကြီး- ညောင်ပင်ကြီး ကားလမ်းတွင် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

စစ်ဆေးချက်အရ ညောင်ပင်ကြီးဘက်မှ ဆားလင်းကြီးဘက်သို့ တုံအလယ်ကျေးရွာနေ မျိုးချစ်(၂၁ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်သည် ရှေ့မှမောင်းနှင်နေသော ယာဉ်ကိုကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်ဘက်မှ ထန်းတောကျေးရွာနေ ကျော်နိုင်ဝင်း (၃၀ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်ကိုဝင်ရောက်တိုက်မိ၍ ကျော်နိုင်ဝင်းနှင့် မျိုးချစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မျိုးချစ်ကို ဆားလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# တစ်ရွာတည်းသားချင်း အရက်အတူသောက်ရာမှ လူသတ်မှုဖြစ်ပွား

**အောင်လံ အောက်တိုဘာ ၄**

အောင်လံမြို့နယ်တွင် တစ်ရွာတည်းသားချင်း အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး လက်လွန်သွားသည့်လူသတ်မှု အောက်တိုဘာ ၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က ဦးသိန်းအေးနှင့်စိုးမြိုင်တို့ စိုးမြိုင်၏နေအိမ်အောက်ထပ်တွင် အရက်အတူသောက်ရာမှ စကားများကြပြီး ဦးသိန်းအေးက နေအိမ်ရှေ့သို့ထွက်သွားစဉ် လမ်းမပေါ် အရောက် ဦးစိုးမြိုင်သည် နောက်မှ ဓားဖြင့်လိုက်ခုတ်သဖြင့် ဦးသိန်းအေး ဒဏ်ရာများရရှိပြီး ဆေးရုံသို့ ပို့ဆောင်ဆေးကုသစဉ် သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း တရားလို၏တိုင်ကြားချက်အရ သိရသည်။

ဦးသိန်းအေးသေဆုံးမှုနှင့်ပတ်သက်၍ စိုးမြိုင်ကို အရေးယူပေးပါရန် ဦးသိန်းအေး၏သားဖြစ်သူ ကိုလှမိုးက တရားလိုပြုတိုင်ကြားခဲ့သဖြင့် အောင်လံမြို့နယ် ဒုရဲဗိုလ်နယ် မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

# စဉ့်ကိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၄**

စက်တင်ဘာ ၃၀ ရက်က စဉ့်ကိုင် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စဉ့်ကိုင်မြို့ မြို့မရပ်ကွက်နေ စိုးနိုင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ရာဇာကျော်၊ ခိုင်မင်းဇော်နှင့် အာကာတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၇၈ ပြား၊ ရေစိုအရည်ပျော်နေသည့် စိတ်ကြွရူးသွပ်ဆေးပြားအခဲ ၀ ဒသမ ၀၁၄ ကီလို၊ မော်တော်ယာဉ်တစ်စီးနှင့် ငွေစက္ကူရောရာ ၇၀၀၀ ကျပ်တို့ကို သိမ်းဆည်းရမိသဖြင့် စိုးနိုင် (၄၇နှစ်)၊ ရာဇာကျော် (၂၇နှစ်)၊ ခိုင်မင်းဇော် (၁၈နှစ်)နှင့် အာကာ (၁၆နှစ်)တို့ လေးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပင်လောင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၄**

အောက်တိုဘာ ၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့အဝင် လွယ်ပြားလမ်းဆုံ ပင်လောင်း-အောင်ပန်းသွား ကားလမ်းပေါ်တွင် ပင်လောင်းဘက်မှ အောင်ပန်းဘက်သို့ ရဲဝင်းကျော် မောင်းနှင်လာသည့် ယာဉ်အမှတ် 2G/----TOYOTA CALDING မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် ရဲဝင်းကျော်(ခ)မောင်စံ (၂၉ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တန်ဖိုးမြင့်ဖုန်းတစ်လုံး လိုက်လံရောင်းချနေသူကို မသင်္ကာ၍ အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက မကွေးမြို့ ပြည်တော်သာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ "သဘာဝ" လက်ဖက်ရည်ဆိုင်အနီး ဖုန်းတစ်လုံး လိုက်လံရောင်းချနေသော မသင်္ကာဖွယ်လူတစ်ဦးကို စစ်ဆေးခဲ့ရာ မကွေးမြို့ အိုးဘိုရပ်ကွက်နေ ခန့်ဇေယျာထွန်း(၁၉ နှစ်)ဖြစ်ပြီး ၎င်းလိုက်လံရောင်းချနေသည့် ဆင်းကဒ်ပါSAMSUNG A-5 အမျိုးအစား မိုဘိုင်းဖုန်းကိုပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ခိုင်လုံစွာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ခန့်ဇေယျာထွန်းအား မကွေးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၄**

အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရန်ကြီးအောင်ကျေးရွာ ကလေး-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၆၀/၁-၂)ကြားတွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

စစ်ဆေးချက်အရ ဂန့်ဂေါမြို့မှ ကလေးမြို့သို့ တောင်စည်းကျေးရွာနေ အောင်နိုင်ဝင်း (၃၃ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ ဇော်မင်းလွင်(၃၂ နှစ်) လိုက်ပါလာသည့်ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်ဘက်မှ ကျော်ရွာကျေးရွာနေ အောင်ကျော်မိုး (၄၅ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ စိန်မင်းထွန်း (၃၅ နှစ်) လိုက်ပါသော ဆိုင်ကယ်တို့ အရှိန်မထိန်းနိုင်ဘဲတိုက်မိခဲ့ရာ အောင်နိုင်ဝင်း၊ ဇော်မင်းလွင်၊ အောင်ကျော်မိုးနှင့် စိန်မင်းထွန်းတို့တွင်ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း အောင်ကျော်မိုးနှင့် အောင်နိုင်ဝင်းတို့နှစ်ဦးအား မြောက်စည်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အသည်းမာပြီး ဇွဲပါပါယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည့် မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲ

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်) ကစီစဉ်သည့် မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။


စောဖြိုးဝေနှင့် ရွှေဖားစည်တို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

အဆိုပါ သုံးချီစိန်ခေါ်ပွဲများတွင် အောင်နေဦး(ဒို့ရိုးရာ)နှင့် ကျော်စွာဝင်း(မန္တလေးယူနိုက်တက်)၊ စိန်ကျော်စိုးဟန်(ရွှေဒေါ်ပုံ)နှင့် ကျော်ကျော်နိုင်(ရွှေဖူး)၊ သပြေအောင် (ရွှေသောင်းရင်း)နှင့် ကျော်နိုင်ထွန်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ သွေးသစ်မောင် (အဖြူရောင်သွေးသစ်)နှင့် မင်းထက်အောင် (ဒို့ရိုးရာ)၊ ကောင်းကောင်း (မြိုင်ကလေး ဘိလပ်မြေစက်ရုံ)နှင့် ရန်တိုင်းအောင် (အလင်းရောင်)တို့ အသည်းမာပြီး ဖွဲပါပါယှဉ်ပြိုင် ထိုးသတ်ကြသော်လည်း အရှုံးအနိုင် မပေါ်ဘဲ ပူးတွဲသရေကျခဲ့ကြသည်။

လေးချီပွဲတွင် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ရွှေဖားစည် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ပွဲဖြစ်သည်။ ရွှေဖားစည်သည် အရပ်ပုပြီး ကျစ်လျစ်မာကျောကာ ငါးချီစိန်ခေါ်ပွဲထိုးခဲ့သူ စောဖြိုးဝေကို သရေကျအောင် ထိုးနိုင်ခဲ့သည်။ နောက်တစ်ပွဲဖြစ်သည့် ဖူးသစ် (မြိုင်ကလေးဘိလပ်မြေစက်ရုံ) က ကျော်ဇင်(ရွှေသောင်းရင်း)ကို ဒုတိယအချီ ၁ မိနစ် ၄၈ စက္ကန့်၌ အလဲထိုး အနိုင်ရရှိသွားသည်။ မြန်မာမီဒီယာဂရု(ပ်) က လက်ဝှေ့ကလပ်များကို တစ်နှစ်စာ ဆန် ၁၂ အိတ်အတွက် ငွေကျပ် ၂၆၄၀၀၀ ထောက်ပံ့ကာ လက်ဝှေ့ကလပ်ပေါင်း ၂၆ ခုသို့ ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# အာရှကာယဗလ/ ကာယကြံ့ခိုင်မှုပြိုင်ပွဲ မြန်မာ ရွှေနှင့် ငွေရရှိ

**ရန်ကုန် အောက်တိုဘာ ၄**

ဥဇဘက်ကစ္စတန်နိုင်ငံ တာ့ရှ်ကင့်မြို့၌ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိကျင်းပခဲ့သော (၄၉)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာအားကစားသမားများသည် ရွှေတစ်ခု၊ ငွေတစ်ခု ရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး စင်တီမီတာ ၁၆၀ အောက်၌ နန့်လောင်ခမ်းက ရွှေတစ်ခု၊ အမျိုးသား ၆၀ ကီလိုတန်းတွင် ထွန်းမင်းက ငွေတစ်ခု၊ အမျိုးသမီး စင်တီမီတာ ၁၆၀ အထက်တွင် ချယ်ရီမောင်က အဆင့်ငါး ရရှိခဲ့သည်။

အဆိုပါအားကစားအဖွဲ့သည် အောက်တိုဘာ ၆ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

ခြေစစ်ပွဲများအတွက် ကစားသမား ၂၄ ဦး ရွေးချယ်ခဲ့သော်လည်း စည်သူအောင် (ရတနာပုံ)မှာ ရောက်ရှိလာခြင်းမရှိ၍ အသင်းနှင့်အတူလိုက်ပါသွားခြင်းမရှိဘဲ မူလရွေးချယ်ထားသည့် ဖြိုးကိုကိုသိန်းနေရာတွင်လည်း အောင်ဇော် (ဟံသာဝတီ)ကို အစားထိုးရွေးချယ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်သက်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် မစ္စတာ လူကာ၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမားကျော်ဇင်ဖြိုး(မကွေး)၊ မျိုးမင်းလတ်(ကမ္ဘောဇ)၊ ရန်အောင်လင်း (ဟံသာဝတီ)၊ နောက်တန်း ခင်မောင်လွင်၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ ဇော်လင်း(ကမ္ဘောဇ)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်ရဲထွန်း(ရတနာပုံ)၊ နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ အလယ်တန်း ဆောင်လမန်(ချင်း)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ကျော်မင်းဦး၊ သီဟဇော်(ဧရာဝတီ)၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ ရှိုင်းသူရ (ရတနာပုံ)၊ ရှေ့တန်း ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ(ရတနာပုံ)နှင့် မောင်မောင်လွင်(ဟံသာဝတီ)တို့ ပါဝင်ကြသည်။





# အဲဗာတန်နှင့် လီဗာပူး ပြိုင်ဆိုင်မှုပြင်းထန်သော်လည်း အရှုံး/အနိုင်မပေါ်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၈) အောက်တိုဘာ ၄ ရက် (တနင်္ဂနွေနေ့) ညပိုင်းတွင် အဲဗာတန်နှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ပွဲချိန် ၄၂ မိနစ်တွင် ဒန်နီအင့်၏ခေါင်းတိုက်ဂိုးဖြင့် လီဗာပူးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် အဲဗာတန်တိုက်စစ်မှူး လူကာကူက ချေပဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း အနိုင်ဂိုး မရရှိခဲ့ပေ။ ဘောလုံးပိုင်ဆိုင်မှုမှာ ကွာခြားမှုမရှိဘဲ မာဆေးဆိုက်ဒါဘီပွဲဖြစ်သည်နှင့်အညီ ပြိုင်ဆိုင်မှုပြင်းထန်သော်လည်း အရှုံး/အနိုင်မပေါ်ဘဲ သရေဖြင့်သာ နှစ်သင်းစလုံး ကျေနပ်လိုက်ရသည်။

အဲဗာတန်အသင်းသည် ရမှတ် ၁၃ မှတ်ရရှိထားပြီး လီဗာပူးအသင်းမှာ ၁၂ မှတ် ရရှိထားသည်။ ပရီမီယာလိဂ်ပွဲစဉ် (၉)ကို အောက်တိုဘာ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး အဲဗာတန်က မန်ယူအသင်းကို အိမ်ကွင်း၌ ဧည့်ခံကစားရမည်ဖြစ်ကာ လီဗာပူးသည် စပါးကွင်းသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ-ရေးသည်**

**စီးရီးအေ ပွဲစဉ်(၇)**

| | | |
|---|---|---|
| အမ်ပိုလီ | ၁-၀ | ဆက်ဆူအိုလို |
| ပါလာမို | ၂-၄ | ရိုးမား |
| ဆမ်ဒိုးရီးယား | ၁-၁ | အင်တာ |
| အူဒီးနိစ် | ၁-၁ | ဂျီနိုအာ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၈)**

| | | |
|---|---|---|
| ရှော်လ်ကေး | ၀-၃ | ကိုလုံး |

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အောက်တိုဘာ (၃/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**တိုက်ခန်းရောင်းမည်**
မြလေးနွယ် ၂လမ်း၊ မြေညီခြေရင်း (11.5'x50'x9') သဒ္ဒါရုံမှတ်တိုင်၊ ဒေါပုံမြို့နယ် (သိန်း ၄၇၀)
ဖုန်း-၀၉-၂၅၀၆၆၆၀၅၃၊ ၀၉-၂၅၀၁၅၃၄၈၅

**ဖခင်အမည်မှန်**
သာကေတမြို့နယ်၊ ပညာရွှေပြည်ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မယွန်းစန္ဒီနွယ်(ခ)ဝင်းသီရိမိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်မိုး ၁၂/ဒပန(နိုင်)၀၀၁၀၁၂ ဖြစ်ပါသည်။

**မိဘအမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ ပြင်စလူမြို့နယ်ခွဲ၊ ကုက္ကိုလ်အုပ်စု၊ ကညင်ကွင်းကျေးရွာ၊ အလက (ခွဲ) တတိယတန်းမှ မချိုမီကို၊ ပထမတန်းမှ မောင်အောင်ဘုန်းသန့်တို့၏ မိဘအမည်မှန်မှာ ဦးမြင့်ဇော် ၁၄/ပစလ(နိုင်)၀၂၅၈၃၀၊ ဒေါ်မြတ်လေးမွန် ၁၄/လပတ(နိုင်)၁၃၇၀၃၇ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ကြည့်မြင်တိုင်မြို့နယ်၊ အထက (၃) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ပြည့်ဖြိုးဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇေယျာစိုး ဖြစ်ပါကြောင်း။ **ဦးကျော်ဇေယျာစိုး ၁၂/ဒဂန(နိုင်) ၀၂၃၀၉၆**

**ဒေါ်မာလာအေးနှင့် ၄င်း၏ခင်ပွန်းအပါအဝင် အများသိစေရန်**
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၈၊ ခုနစ်လွှာ၊ ခြေရင်းခန်းကို ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်မာလာအေးနှင့် ၄င်းခင်ပွန်းတို့သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်စွာနိုင် ၁၄/မမန(နိုင်)၁၅၂၆၄၄ ထံမှ ငွေကျပ်သိန်းတစ်ရာ ချေးငှားထားရာ၌ ဒေါ်မာလာအေးနှင့် ခင်ပွန်းဖြစ်သူတို့မှ ၄င်းပိုင်အထက်ဖော်ပြပါအခန်း၏ စာချုပ်စာတမ်းမူရင်းများကို အာမခံအဖြစ် ကျွန်ုပ်မိတ်ဆွေထံပေးအပ်ထားသည့်အပြင် သိန်းတစ်ရာပြန်လည်မပေးဆပ်နိုင်ပါက ကျွန်ုပ်၏မိတ်ဆွေစိတ်ကြိုက် အထက်ပါတိုက်ခန်းကို ရောင်းချခွင့်ပေးထားပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်ပြီး ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းအပြင် အခြားနည်းတစ်နည်းဖြင့် မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်ကြသူများ၏ တာဝန်ပင်ဖြစ်ကြောင်း ဒေါ်မာလာအေးနှင့် ခင်ပွန်းအပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၂၅၄၂၁၄၄၂၉၊ ၀၉-၇၈၂၁၆၁၅၉၃

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/၄၊ လူနေရပ်ကွက်အမှတ် ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ် ၆၉၊ ဧရိယာ ၀ ဒသမ ၁၁၀၊ မြေအမျိုးအစား ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၆၉၊ ရွှေပင်လုံ ၂ လမ်း၊ (၂၇/ပင်လုံ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် ဦးတင်ဦး(ခ)ဦးထွေး ၁၂/တမန(နိုင်)၀၂၃၇၆၂ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၄င်းကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိသူ ဇနီးဒေါ်တင်အေး ၁၂/တမန(နိုင်)၀၁၁၁၁၉ထံမှ အရပ်ကတိ မြေကွက်အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ယဉ်မင်းမြင့် ၁၀/မလမ(နိုင်)၀၀၁၅၆၈ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုရှိလုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဦး — အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)
ဦးသန့်ဇော် — တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 5 Oct
9 - 12:00 (Sat + Sun) 11 Oct
10-11:30 (Mon ~ Thurs) 12 Oct
7:30 - 9 (Mon ~ Thurs) 19 Oct
1 - 2:30 (Mon ~ Thurs) 26 Oct
BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 5 Oct
10-11:30 (Mon ~ Thurs) 5,12 Oct
1 - 2:30 (Mon ~ Thurs) 5,19 Oct
7:30-10:30 (Sat + Sun) 10 Oct
3:30 - 5 (Mon ~ Thurs) 12,26 Oct
1 - 4:00 (Sat + Sun) 24 Oct
BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 28 Sep
1 -2:30 (Mon ~ Thurs) 12 Oct
PRE-INTERMEDIATE (4-SKILL ENGLISH)
9 - 12:00 (Sat + Sun) 11 Oct
10-11:30 (Mon ~ Thurs) 12 Oct
3:30 - 5 (Mon ~ Thurs) 2 Nov
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 5 Oct
1 - 2:30 (Mon ~ Thurs) 19 Oct
9 - 12:00 (Sat + Sun) 24 Oct
VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 5 Oct
10-11:30 (Mon ~ Thurs) 19 Oct
BASIC WRITING
10 - 11:30 (Mon ~ Thurs) 26 Oct
INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 19 Oct
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 5 Oct
6 - 7:30 (Mon ~ Thurs) 5 Oct
10-11:30 (Mon ~ Thurs) 12 Oct
1 - 2:30 (Mon ~ Thurs) 12 Oct
PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 5 Oct
7:30-10:30 (Sat + Sun) 24 Oct
4:30 - 7:30 (Sat + Sun) 24 Oct
BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 12 Oct
3:30 - 5 (Mon ~ Thurs) 12 Oct
10-11:30 (Mon ~ Thurs) 19 Oct
6 - 7:30 (Mon ~ Thurs) 19 Oct
IELTS (Preparation)
12:30-3:30 (Sat + Sun) 24 Oct
IELTS (Preparation)
1 - 4:30 (Sat + Sun) 10 Oct
1 - 3:30 (Mon ~ Thurs) 16 Nov
IELTS (Writing)
7:30 - 9 (Mon ~ Thurs) 19 Oct
7:30-10:30 (Sat + Sun) 31 Oct
IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 26 Oct
IELTS (Reading)
1 - 3:00 (Mon ~ Thurs) 19 Oct
IELTS (Grammar)
10-11:30 (Mon ~ Thurs) 16 Nov

# ကျန်းမာရေးဝန်ဆောင်မှုကောင်းအောင်

ခင်မောင်တင်(ဓာတ်ရောင်ခြည်)

**ဆေးရုံ၊ ဆေးပေးခန်းများတွင် နေ့တိုင်းတွေ့နေရသူများမှာ လူနာများ သာဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများ၏ Customer များလည်းဖြစ်သည်။ တစ်နည်းအားဖြင့် ကျန်းမာရေးဝန်ထမ်းတို့၏ ထမင်းရှင်လည်းဖြစ်သည်။**

ကျန်းမာရေးဝန်ထမ်းများတွင်မှု (၁) ဆရာဝန်၊ (၂) သူနာပြုဆရာမ၊ (၃) ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၊ (၄) ကျန်းမာရေးဝန်ဆောင်မှုဝန်ထမ်းများစသည်ဖြင့် ပါဝင်ပါသည်။

ကျန်းမာရေးဝန်ထမ်းများသည် လူနာများ၏ကျန်းမာရေးကို တာဝန်ယူဆောင်ရွက်ပေးနေရသည့်အလျောက် လူနာများ၏ စိတ်ချမ်းသာမှု၊ ကျေနပ်မှုများကို အပြည့်အဝပေးဆောင်ရန်လိုပါသည်။ Customer များ၏ ကျေနပ်မှု၊ ဆေးရုံသို့လာရောက်တက်နေစဉ် စိတ်ချမ်းမြေ့စွာ ကုသမှုခံယူနိုင်ရန်လည်းကောင်း သို့မဟုတ် ဆေးခန်းတွင် လာရောက်ပြသစဉ် စိတ်ချမ်းမြေ့စွာ ကုသမှုခံယူနိုင်ရန် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် အမြဲဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဝီလျံဂျိမ်းကလည်း လူတွေဟာ တစ်ပါးသူရဲ့ဂရုစိုက်မှုကို အလိုချင်ဆုံးပဲဟု ပြောဖူးပါသည်။ မှန်ပါ၏။ ဖောက်သည်ကို ဖောက်သည်အဖြစ်နှင့် အကူအညီ မပေးခင်မှာ သူ့ကို လူသားတစ်ဦးအနေဖြင့် ဆက်ဆံပြီး ဂရုစိုက်မှုပေးရန်လိုပါသည်။ ကျေနပ်မှုပေးရန်လိုပါသည်။ ကိုယ့်ကိုဂရုစိုက်သည်ဆိုလျှင် လူတိုင်းက အားရကျေနပ်ကြမည်သာ ဖြစ်ပေသည်။

ဆေးရုံဆေးခန်းဆိုသည်မှာ အပျော်သဘောလာခြင်းမဟုတ်၊ မိမိ၏ဝေဒနာ ကုသရန်သာလာခြင်းဖြစ်သည်။ မိမိတို့ထံလာသောလူနာများအား နွေးထွေးစွာ ကြိုဆိုရန်မှာ ကျန်းမာရေးဝန်ထမ်းများ၏ အဓိကတာဝန်သာ ဖြစ်ပေသည်။

ကျန်းမာရေးဝန်ထမ်းများသည် မိသားစုစိတ်ဓာတ်ဖြင့် Team Work အဖွဲ့အစည်းသဏ္ဍာန်ဖြင့် ကျရာတာဝန်များကို တာဝန်ကျေမဟုတ်ဘဲ စေတနာ၊ မေတ္တာ၊ ကရုဏာထားပြီး လုပ်ဆောင်ကြရမည်သာဖြစ်သည်။

အဖွဲ့အစည်းသဏ္ဍာန်ဟုပြောသည့်အခါ တစ်ခါတစ်ရံ အားလုံးစိတ်တူသဘောတူရှိချင်မှရှိမည်။ သို့သော် အများဆန္ဒကို အနည်းက လိုက်နာရသလို အနည်းဆန္ဒကိုလည်း လေးစားရမည်သာဖြစ်သည်။

လူနာအား ဝန်ဆောင်မှုပေးသည့်နေရာတွင် (၁) ရောဂါရှာဖွေမှု၊ (၂) ကုသမှု၊ (၃) ပြုစုယုယမှု၊ (၄) ပြန်လည်ထူထောင်ရေးအတွက် စိတ်ဓာတ်မြှင့်တင်မှုစသည်ဖြင့်ရှိသည့်အထဲတွင် ရောဂါရှာဖွေမှုတွင်ပါဝင်သော ကျန်းမာရေးဝန်ထမ်းများ၏ အခန်းကဏ္ဍကို အနည်းငယ်တင်ပြလိုပါသည်။

ဥပမာ။ ဓာတ်မှန်ရိုက်ပြီး လူနာ၏ရောဂါရှာဖွေ သရုပ်ဖော်ကြသည်ဆိုပါစို့။

ဆေးကုသသည့် ဆရာဝန်က ဓာတ်မှန်ရိုက်ရန် တောင်းခံလွှာပေးသည်။ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူက ဓာတ်မှန်ရိုက်သည်။ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်က ဓာတ်မှန်အဖြေကိုထုတ်ပေးပါသည်။ ဆေးကုသသော ဆရာဝန်မှ ဓာတ်မှန်အဖြေနှင့် အခြားစမ်းသပ်စစ်ဆေးမှုများ (Investigation) ၏အဖြေများအပေါ် ခြုံငုံသုံးသပ်ပြီး လူနာကို ဆေးကုသမှုပေးသည်။ ဤ Work flow မှာ ပြေပြစ်ချောမွေ့နေသော ဝန်ဆောင်မှုဖြစ်သည်။ ဤအခြေအနေအတိုင်း အမြဲဖြစ်နေလျှင် လူနာအတွက် ဝန်ဆောင်မှုလုပ်ငန်းမှာ အဆင့်မြင့်သော ဝန်ဆောင်မှုအဖြစ် သတ်မှတ်ရမည်သာ ဖြစ်သည်။

လူနာအား ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေမှုအတွက် ဆေးကုသသော ဆရာဝန်၊ ဓာတ်မှန်ဆရာဝန်၊ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူတို့၏ ဆက်ဆံရေးမှာ Harmony ဖြစ်ဖို့လိုသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုရှိဖို့လိုပါသည်။

လူနာတစ်ဦးအား ဓာတ်မှန်ရိုက်ရန်ကို ပုံမှန်အားဖြင့် ဆေးကုသသော ဆရာဝန်ထံက အစပျိုးရပါသည်။ ဆေးကုသသည့် ဆရာဝန်၏ လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ဓာတ်ရောင်ခြည် ကော်မရှင်၏ စာစောင်အမှတ် (၃၄) ၌ သုံးသပ်တင်ပြထားသည်မှာ ဆေးကုသသော ဆရာဝန်သည် လူနာမှတ်တမ်း၊ လူနာအား စမ်းသပ်ချက်နှင့် ဓာတ်ခွဲစစ်ဆေးမှုအဖြေများ အပေါ်မူတည်ပြီး လူနာကို ဓာတ်မှန်ရိုက်စမ်းသပ်ရန် စဉ်းစားခဲ့သည်။ ဤလူနာကို ဓာတ်မှန်ရိုက်စမ်းသပ်ခြင်းဖြင့် လူနာရရှိလာမည့် ဓာတ်ရောင်ခြည်အန္တရာယ်နှင့် ဆေးကုသရာမှာ အထောက်အကူဖြစ်မည့် အဖြေရရှိရေးအတွက် အကျိုးအမြတ်တို့ကို ချိန်ဆရမည်ဟု ဆိုထားသည်။ ဗြိတိသျှတော်ဝင်ဓာတ်ရောင်ခြည် အင်စတီကျု၏ အာဘော်မှာ ဆေးကုသသည့် ဆရာဝန်သည် ဓာတ်မှန်ရိုက်စမ်းသပ်မှုတစ်ခုပြုလုပ်ဖို့ တောင်းဆိုခဲ့လျှင် သူသည် လူနာကို ဓာတ်ရောင်ခြည် ထိမှု၊ အကျိုးသက်ရောက်မှုနှင့် ပတ်သက်ပြီး တာဝန်ယူရမည်ဟု ဆိုထား ပါသည်။ အခြားနိုင်ငံများတွင် လူနာတစ်ဦးသည် ဆေးကုသော ဆရာဝန်၊ ဆရာမ၊ ဆေးရုံ၊ ဆေးခန်းတို့ကို ဆေးကုသဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်၍ကျေနပ်မှုမရှိလျှင် တရားစွဲဆိုလျော်ကြေးတောင်းနိုင်သည်။ ထို့ကြောင့် အရာရာတိုင်းကို ချင့်ချိန်စဉ်းစားပြီးမှ လုပ်ဆောင်ကြသည်။

အလားတူပင် အမေရိကန်ဓာတ်ရောင်ခြည်ဆိုင်ရာ ကျန်းမာရေးဗျူရို (US-BRH)ကလည်း ဆေးကုသည့် ဆရာဝန်သည် ဓာတ်မှန်ရိုက်စမ်းသပ်မှုအတွက် လူနာကိုရွေးချယ်သည့်အခါ လူနာကိုဓာတ်ရောင်ခြည်ထိတွေ့မှုနှင့်ပတ်သက်ပြီး သဘောပေါက်နားလည်ရမည်ဟု ဆိုထားပါသည်။ ဆိုလိုရင်းမှာ ဓာတ်မှန်ရိုက်စမ်းသပ်ဖို့ စေလွှတ်သည့်အခါ ဆရာဝန်သည် လူနာအား ဓာတ်ရောင်ခြည်ထိတွေ့မှုနှင့်ပတ်သက်၍ ဆိုးကျိုးကောင်းကျိုးကို တာဝန်ယူရမည်။

သို့ပါ၍ လူနာများအကျိုး ရည်မျှော်ပြီး ဦးတည်ချက်ထားတာ ဆောင်ရွက်ကြသည့်နေရာမှာ ဆေးကုသသည့် ဆရာဝန်ကြီးနှင့် ဓာတ်မှန်ဌာနတို့ ပူးပေါင်းဆောင်ရွက်နိုင်မှသာအောင်မြင်နိုင်မည်။ လူနာအား ဓာတ်မှန်ဌာနသို့ မပို့မီ ဓာတ်မှန်ဆရာဝန်နှင့် ညှိနှိုင်းခြင်းအားဖြင့် လူနာအား ဓာတ်ရောင်ခြည် အန္တရာယ်လျော့နည်းစေနိုင်သလို မိမိသိလိုသော ရောဂါအခြေအနေကိုလည်း ဓာတ်မှန်ဌာနက ကူညီဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။



ဆေးကုသသည့် ဆရာဝန်များအနေဖြင့် ဓာတ်မှန်ရိုက်စမ်းသပ်မှုအတွက် တောင်းဆိုကြသည့်အခါ လူနာ၏ ဆေးကုသရေးဆိုင်ရာ ရောဂါစုလက္ခဏာ အကြောင်းအရာမှတ်တမ်းများကို လုံလောက်ပြီးပြည့်စုံအောင် ဖြည့်စွက်ပေးရန် လိုအပ်ပါသည်။ သို့မှသာ ဓာတ်မှန်ဆရာဝန်အနေဖြင့် မှန်ကန်သော စမ်းသပ်မှုအတွက် တောင်းဆိုခြင်း ဟုတ်/မဟုတ်ကို သိရှိနိုင်ပြီး မသင့်လျော်သော တောင်းဆိုမှုမျိုးကို တွေ့ရှိခဲ့လျှင် မည်သို့သော စမ်းသပ်မှုကို တောင်းဆိုသင့်ကြောင်း အကြံပြုနိုင်မည်ဖြစ်ပါသည်။

ဓာတ်မှန်ရိုက်ရန် တောင်းဆိုသည့်အခါ ဓာတ်မှန်ရိုက်ခံရမည့်လူနာသည် အမျိုးသမီးလူနာဖြစ်ပြီး ဓာတ်မှန်ရိုက်စမ်းသပ်မည့် နေရာသည် လူနာ၏ ဝမ်းဗိုက်အောက်ပိုင်းနှင့် တင်ဆုံစတဲ့အင်္ဂါအစိတ်အပိုင်းတွေ့ရပါမယ်ဆိုရင် ၄င်းအမျိုးသမီးအတွက် ကိုယ်ဝန်ဆောင် နိုင်စွမ်းရှိတဲ့အခြေအနေ အသက် ၁၂နှစ်မှ ၅၀အထိ သူမရဲ့ဓမ္မတာလာမှုဆိုင်ရာမှတ်တမ်းကို ဖော်ပြဖို့လိုပါမည်။ လူနာဟာ ကိုယ်ဝန်ရှိကြောင်းထင်ရှားရင်(သို့မဟုတ်) ကိုယ်ဝန်ရှိနေသည်ဟု သံသယရှိခဲ့လျှင် တောင်းဆိုပုံစံမှာ အကြောင်းအရာကိုဖော်ပြဖို့လို အပ်ပါမည်။ အကယ်၍ လူနာက ကိုယ်ဝန်ရှိကြောင်းငြင်းရင်လည်း ဖော်ပြရပါမည်။ သို့မှသာ သန္ဓေသားလောင်း၊ သန္ဓေသားကိုမတော်တဆ ဓာတ်ရောင်ခြည်ထိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

လူနာများအား ဓာတ်ရောင်ခြည်အန္တရာယ်ကင်းဝေးစေပြီး ကောင်းသည့်ဝန်ဆောင်မှုပေးရေးမှာ ဆေးကုသသောဆရာဝန်၊ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်နှင့် ဓာတ်မှန်ဘက်ဆိုင်ရာ နည်းပညာရှင်များတွင် တာဝန်အသီးသီး ရှိကြပါသည်။

အချို့လူနာများသည် ဓာတ်ရောင်ခြည်အန္တရာယ်ကို သိသင့်သလောက် သိထားကြ၍ အတတ်နိုင်ဆုံး ရှောင်ရှားကြသည်။ မိမိရောဂါအခြေအနေကြောင့် သော်လည်းကောင်း၊ ကျန်းမာရေး စစ်ဆေးမှု အရသော်လည်းကောင်း ဓာတ်မှန် ခဏ ခဏရိုက်ရသည်ကို မနှစ်သက်ကြပါ။ လူနာအား Benefit Vs Risk အန္တရာယ်နှင့်အကျိုးသက်ရောက်မှုကို ကွဲကွဲပြားပြားသိရှိအောင် ရှင်းလင်းပြောပြရန်မှာ အထက်တွင်ဖော်ပြသကဲ့သို့ ပညာရှင်များ၌ တာဝန်ရှိကြပါသည်။

ထို့ကြောင့် လူနာတစ်ဦးအား ရောဂါမှန်ကို သရုပ်ဖော်ပြနိုင်သော ဓာတ်မှန်ပုံရိပ်ကောင်းတစ်ခုရရေးမှာ ကျွမ်းကျင်သော နည်းပညာရှင်များ၏ တာဝန်သာဖြစ်ပါသည်။ နည်းပညာရှင်ဟုခေါ်ဆိုရာတွင် စာတွေ့လက်တွေ့ နှစ်ရပ်ပေါင်းကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သူကိုသာ ခေါ်ဆိုပါသည်။

ယခုမျက်မှောက်ဓာတ်မှန်လောကသည် ယခင်နှစ် ၅၀ လောက်က ဓာတ်မှန်လောကနှင့်မတူ၊ ယခင်က ဓာတ်မှန်ဖလင် တစ်ချပ် ရရေးအတွက် ပုံဖော်ဆေးရည်၊ ပုံချုပ်ဆေးရည်များကို အသုံးပြုရသော်လည်း ယခုပစ္စုပ္ပန်ကာလတွင်မူ ဒီဂျစ်တယ်စနစ် နည်းပညာများ ထွန်းကားလာပြီဖြစ်၍ ပုံဖော်ဆေးရည်နှင့် တွဲဖက်သုံးရသော ဖလင်စတစ်မှာလည်း ချုပ်ငြိမ်းစပြုလာပြီဖြစ်သည်။ ပုံရိပ်ဖော်ရာတွင် လေဆာနှင့်လည်းကောင်း၊ အပူ (Thermal) ဖြင့်လည်းကောင်း စနစ်သစ်များအသုံးပြုလာကြသည်။

ထို့ကြောင့်တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကျင့်ကြံအသုံးပြုတတ်ဖို့အရေးကြီးပါသည်။ ဒီဂျစ်တယ်စနစ်ကျွမ်းကျင်ရန်မှာ ဆေးဘက်ဆိုင်ရာ ရူပဗေဒကို အခြေခံအားဖြင့်သိရမည်။ ဒီဂျစ်တယ်ဓာတ်မှန်ရိုက်ကူးမှုမှာ ခလုတ်နှိပ်တတ်၍ရသော ပညာမဟုတ်။ မိမိအသုံးပြုလိုက်သော ဓာတ်မှန်ရောင်ခြည်သည် လုံလောက်သည့်ဖောက်ထွင်းမှုစွမ်းအားရှိ/ မရှိ၊ ကောင်းစွာ ပုံရိပ်ကောင်းတစ်ခုရနိုင်မှုရှိ/မရှိ၊ လူနာအား အန္တရာယ်ကင်းနိုင်မှုရှိ/ မရှိကို သိဖို့လိုသည်။ ဆေးဘက်ဆိုင်ရာ ရူပဗေဒပညာရပ်သည် ရူပဗေဒဘာသာရပ်တွင် အထူးပြုဘာသာရပ်တစ်ခုဖြစ်သည်။ ထို့အတူပင် အခြေခံခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ရောဂါဗေဒစသည်များကိုလည်း သိရှိရန်လိုသည်။ ထို့အတူ ပုံရိပ်ဖော်နည်းပညာများကိုလည်း ကျွမ်းကျွမ်းကျင်ကျင်တတ်ရန်လိုသည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဓာတ်ရောင်ခြည်ကာကွယ်ရေးကော်မရှင်၏ ICRP Publication 15 တွင် လူနာများအား ဓာတ်ရောင်ခြည်ကာကွယ်ရေးနှင့်ပတ်သက်၍ အကြံပြုချက်အပိုဒ် ၁၅၈ တွင် No person shall operate radiological equipment without adequate technical competence nor apply radiological procedures without adequate knowledge of the physical properties and harmful effect of ionizing radiation ဟုအကြံပြုဖော်ပြထားသည်။

သို့ပါ၍ပုံရိပ်ဖော်စက်ပစ္စည်းကိရိယာများကို ကိုင်တွယ်မည့်သူသည် နည်းပညာကျွမ်းကျင်မှု အရည်အချင်းပြည့်ဝဖို့လိုသည်။ ဤအရည်အချင်းရရန်မှာလည်း ပညာအခြေခံသည်အရေးကြီးသည်။ ထို့အပြင် အခြေခံဓာတ်ရောင်ခြည်ကာကွယ်ရေးသဘောတရားများကိုလည်း သိနားလည်ဖို့လိုပါသည်။

မြန်မာနိုင်ငံတွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များမှ ဓာတ်မှန်ဘက်ဆိုင်ရာကျွမ်းကျင်မှုနည်းပညာရှင်များ မွေးထုတ်ပေးသကဲ့သို့ အခြားသော အဆင့်သင်တန်းများကိုလည်း ဆေးရုံကြီးများတွင် သင်တန်းပို့ချနေသည်။ အခြားသော အဆင့်သင်တန်းများကိုလည်း အနည်းဆုံးပညာရေးအဆင့်သတ်မှတ်ချက်ကို ဆယ်တန်းအောင်သတ်မှတ်သင့်ပါသည်။ သို့မှသာ ပုံရိပ်ဖော်နည်းပညာသင်ကြားသည့်အခါ စာတွေ့လက်တွေ့ လိုက်နိုင်ရန်ဖြစ်ပါသည်။

လူနာများအန္တရာယ်ကင်းရန်အတွက် ကျွမ်းကျင်သောနည်းပညာရှင်များသာဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

## ကျေးရွာပြည်သူများထံသို့ မြေငှားဂရန်ပေးအပ်

**ကျောက်ကြီး အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မအူပင်ဆိပ်ကျေးရွာအုပ်စု ကျောက်ခဲကြီးကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလနောက်ဆုံးပတ်က ကျောက်ခဲကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနား၌ ကျေးရွာများတွင် မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ကျေးရွာမြေငှားဂရန်ပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး ကျေးရွာမြေငှားဂရန်များကို မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြေငှားဂရန် ၁၇၃ စောင်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မီးမီး(လှိုင်)**




## ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့နှင့်ဆုပေးပွဲ မွန်ပြည်နယ်၌ ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၄**

မွန်ပြည်နယ်၌ (၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့နှင့်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက ဖတ်ကြားသည်။

ဆက်လက်၍ ဆုရတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဆုပေးပွဲကျင်းပရာ မွန်ပြည်နယ် ၁၀ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုရတပ်ဖွဲ့ဝင် ၄၀ ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်သိပြည်သူ ၁၄ ဦး၊ အားကစားထူးချွန်ဆု ကိုးဦး၊ ပညာရည်ချွန်ထူးချွန်ဆု ၁၀ ဦး၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ၁၀ ဦးတို့အား ဆုများနှင့်ဂုဏ်ပြုလွှာများကိုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



# ဆက်သွယ်ရေးတာဝါတည်ဆောက်သူများအသင်း သတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန် အောက်တိုဘာ ၄

**တရားဝင်တင်ဒါအောင်မြင်ထားသော ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် တယ်လီနောနှင့် အော်ရီဒူး ကုမ္ပဏီများ၏ တာဝါများကို ဆောက်လုပ်ပေးနေသော မြန်မာလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာတာဝါတည်ဆောက်သူများအသင်း၏ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။**

မြန်မာနိုင်ငံ ပွင့်လင်းမြင်သာသော အခြေအနေတွင် ရရှိလာသည့်အခွင့်အလမ်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များနှင့် အလုပ်သမားများ ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိရန်၊ မြန်မာလုပ်ငန်းရှင်နှင့် လုပ်သားများလုပ်နိုင်သော အလုပ်အကိုင်များအား အပြည့်အဝလုပ်ကိုင်ခွင့်ရရှိရန် မြန်မာကန်ထရိုက်များနှင့် နိုင်ငံခြား ကုမ္ပဏီများအကြား ဖြစ်ပေါ်လာသော ပြဿနာများကို မျှတစွာ ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်၊ မြန်မာ လုပ်ငန်းရှင်များအကြား သတင်း၊ နည်းပညာအတွေ့အကြုံ ကာလပေါက်ဈေးနှင့် လုပ်သားလိုအပ်ချက်များကို လွယ်ကူစွာဖလှယ်နိုင်ရန်၊ တွေ့ကြုံလာသော အခက်အခဲများကို ပူးပေါင်းဖြေရှင်းနိုင်ရန်၊ နိုင်ငံခြားကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုရာတွင်လည်းကောင်း၊ တရားရင်ဆိုင် ဖြေရှင်းရာတွင်လည်းကောင်း၊ ဥပဒေရေးရာများ၊ အကြံပေးကူညီနိုင်ရန်၊ နိုင်ငံခြားကုမ္ပဏီများ၏ လုပ်ငန်းစဉ်များကို ပြည်တွင်းလုပ်ငန်းရှင်များက သိရှိနားလည်ပြီး သင့်တင့်မျှတသော ဈေးနှုန်းများ တောင်းဆိုနိုင်ရန်၊ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို စုစည်း၍ သက်ဆိုင်ရာ နိုင်ငံတော်အဆင့် အကြီးအကဲများအား အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန် မြန်မာတာဝါတည်ဆောက်သူများအသင်း၏ သတင်းစာရှင်းလင်းပွဲကိုပြုလုပ်ခြင်းဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးလှကြိုင်က ပြောကြားသည်။

"အရှိန်အဟုန်ကောင်းကောင်းနဲ့ တိုးတက်လာတဲ့ ဆက်သွယ်ရေးကဏ္ဍမှာပါဝင်တဲ့ တာဝါတည်ဆောက်တဲ့ ကုမ္ပဏီများရဲ့အခက်အခဲကို အသင်းကို လာရောက်တင်ပြကြတယ်၊ ဒါနဲ့ ပတ်သက်ပြီး ရှင်းလင်းပွဲမှာပြောချင်တာက အများကြီးပဲ၊ နိုင်ငံခြား အော်ပရေတာတွေ လာရောက်ပြီး ဆက်သွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါ သူတို့ရဲ့ဆက်သွယ်ရေးလုပ်ငန်းတွေ အောင်မြင်လာပေမယ့် ကျွန်တော်တို့ မြန်မာကန်ထရိုက်တာတွေမှာ နစ်နာမှုတွေ ရှိနေပါတယ်။ သူတို့ကတစ်ဆင့် တာဝါတည်ဆောက်ဖို့ ခေါ်လာတဲ့ ကုမ္ပဏီတွေရှိတယ်။ ဒီကုမ္ပဏီတွေက ကျွန်တော်တို့နဲ့ လုပ်ငန်းဆောင်ရွက်တဲ့အခါ ချုပ်ဆိုထားတဲ့စာချုပ်ရဲ့ ၁၀ ရာခိုင်နှုန်းကို ခြောက်လကြာရင်ပေးမယ်ဆိုပြီး ချုပ်ပေမယ့် တာဝါတိုင်တွေရဲ့ လုပ်ငန်းပိုင်းတွေပြီးစီးပြီး အလုပ်လုပ်နေချိန်မှာ တစ်နှစ်ခွဲကြာသည်အထိ မပေးတာတွေရှိနေတော့ ဒီက SME တာဝါတည်ဆောက်သူများအနေနဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ အများကြီးနစ်နာပါတယ်"ဟု အသင်းဥက္ကဋ္ဌက ဆိုသည်။

ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံသား တာဝါတည်ထောင်သူများအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေများစွာရှိကြောင်း၊ မြန်မာကန်ထရိုက်တာများနှင့် လုပ်သားများမှာ နိုင်ငံခြားသား ကန်ထရိုက်တာများ အဆင့်ဆင့်ကျော်ဖြတ်ပြီးမှသာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိကြကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင်လည်း မြန်မာများမှာ ၄၀ ရာခိုင်နှုန်းခန့်သာရှိကြပြီး အောက်ခြေအလုပ်များကို ရွေးခွင့်မရှိဘဲ ဆောင်ရွက်ကြရကြောင်း၊ ဈေးနှုန်းနည်းပါးစွာရရှိစေကာမူ အလုပ်အကိုင်ရှားပါးသော ယနေ့အခြေအနေတွင် အားတက်သရော လုပ်ဆောင်ကြသည်ကို တွေ့ရှိရကြောင်း၊ သို့သော် လုပ်ငန်းပြီးစီးချိန်တွင် အပိုင်းလိုက် အရစ်ကျလုပ်အားခငွေပေးချေခြင်းကို အကြောင်းအမျိုးမျိုးပြ၍ အချိန်ဆွဲထားပြီး ၎င်းတို့စိတ်ကြိုက် တစ်ဖက်သတ်ချုပ်ဆိုထားသော စာချုပ်များကိုပင် ချုပ်ဆိုသူများကိုယ်တိုင် ချိုးဖောက်နေကြကြောင်း၊ ဤကဲ့သို့သော အခြေအနေများ၌ တင်ဒါအောင်မြင်ထားသော တယ်လီနောနှင့် အော်ရီဒူးကဲ့သို့သော ဆက်သွယ်ရေး အော်ပရေတာများအနေဖြင့် လျစ်လျူရှုမထားသင့်ကြောင်း စသည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**သတင်း-မြတ်စန္ဒီသင်းဇော်၊**
**ဓာတ်ပုံ-မွန်မွန်**




## သတင်းတို

### သရက်မြို့စေတီတော်ထီးတော်အတွက် အလှူငွေများလှူဒါန်း

မကွေးတိုင်းဒေသကြီး သရက်မြို့ ဈေးရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်အသစ်တင်လှူရန်နှင့် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ်ငါးသိန်းကို စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း သရက်ဘိလပ်မြေစက်ရုံမှ စက်ရုံမှူးဦးအောင်စိုးမိုးနှင့် ဝန်ထမ်းများက ဘုရားဂေါပကအဖွဲ့ထံသို့ အောက်တိုဘာ ၂ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ပြန်/ဆက်နှင့် ရှန်တီနိုင်ငံတကာပရဟိတအဖွဲ့ ပူးပေါင်း၍ ကလေးစာဖတ်ခန်း ဖွင့်လှစ်

**အုတ်ဖို အောက်တိုဘာ ၄**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်၌ မျိုးဆက်သစ်ကလေးငယ်များ ငယ်စဉ်မှစ၍ စာဖတ်လိုစိတ် အလေ့အထကောင်းများရရှိစေရန်၊ ပညာရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် စာအုပ်စာတမ်းများကို ကလေးငယ်များ အလွယ်တကူ ရယူဖတ်ရှုနိုင်မည့် ကလေးစာဖတ်ခန်းကို အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ အောက်တိုဘာ ၂ရက်မှစ၍ ဖွင့်လှစ်ထားကြောင်း သိရသည်။



ကလေးစာဖတ်ခန်းကို အုတ်ဖိုမြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် ရှန်တီနိုင်ငံတကာပရဟိတအဖွဲ့ (VA)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်ညွန့်ညွန့်စိန်၊ မြို့နယ်လက်ထောက် ပညာရေးမှူး ဦးခင်မောင်ဝင်းနှင့် ရှန်တီနိုင်ငံတကာပရဟိတအဖွဲ့မှ ဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြန်/ဆက်ဦးစီးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကာ ရှန်တီနိုင်ငံတကာ ပရဟိတအဖွဲ့ ဒါရိုက်တာက ကလေးစာဖတ်ခန်း ဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖွင့်ပွဲသို့ တက်ရောက်လာသော ကလေးငယ်များအား စာကြည့်တိုက်မှူး ဒေါ်မြင့်မြင့်မိုးနှင့် ရှန်တီနိုင်ငံတကာ ပရဟိတအဖွဲ့မှ ဝန်ထမ်းများက ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ပုံပြောခြင်း၊ စာဖတ်ဝိုင်းများဖြင့် စာဖတ်စေခြင်းများ ပြုလုပ်ပေးခဲ့သည်။

ကလေးစာဖတ်ခန်းများကို ပြန်/ဆက်ဦးစီးဌာနနှင့် ရှန်တီနိုင်ငံတကာ ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ ပြည်ခရိုင်အတွင်း မြို့နယ်ခြောက်ခုတွင် ပြီးခဲ့သည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သည်။ ယခုနှစ်တွင် သာယာဝတီခရိုင်မှ မြို့နယ်ရှစ်ခုတွင် ဖွင့်လှစ်မည်ဖြစ်ရာ စက်တင်ဘာ ၂၈ ရက်တွင် သာယာဝတီနှင့် လက်ပံတန်းမြို့နယ်များ၊ အောက်တိုဘာ ၁ ရက်တွင် နတ်တလင်းနှင့် ဇီးကုန်းမြို့နယ်များ၌ ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် မင်းလှနှင့် မိုးညိုမြို့နယ်များ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

# မိုးရွာသွန်း၍ တံတားချဉ်းကပ်လမ်းပြိုကျမှု နေ့ချင်းပြီး ပြန်လည်ပြုပြင်နိုင်ခဲ့

**အောင်လံ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်၌ မိုးရွာသွန်းမှုများကြောင့် သမ္ဘူလ-ရွှေပန်းတော ခရိုင်ချင်းဆက်လမ်းပေါ် မိုင်တိုင်အမှတ်(၁၉၆/၂) တံခွန်တိုင်ကျေးရွာအနီးရှိ တံခွန်တိုင်သစ်သားတံတား၏ တောင်/မြောက် ချဉ်းကပ်လမ်းများသည် အောက်တိုဘာ ၁ ရက် နံနက် ၃ နာရီခန့်က ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ယာဉ်ငယ်များဖြတ်သန်းနိုင်ရန် အချိန်တိုအတွင်း ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၃၀ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းသောကြောင့် တံတား၏ မြောက်ဘက်ချဉ်းကပ်လမ်းအလျား ၆ ပေ၊ အကျယ်ပေ ၂၀ ၊ အနက် ၅ ပေခန့်နှင့် တောင်ဘက်ချဉ်းကပ်လမ်း အလျား ၅ ပေ၊ အကျယ် ၅ပေ၊ အနက် ၅ ပေခန့် ကတ္တရာနှင့် မြေသားလမ်းများကို ရေကျော်ဖြတ်စီးသဖြင့် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားပြိုကျပျက်စီးမှုအခြေအနေကို အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့က ချက်ချင်းလာရောက်ကြည့်ရှုပြီး ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးကြည်နှင့် ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးမြင့်ရှိန်တို့ကလည်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် ဝိုင်းဝန်း၍ ကြီးကြပ်ဆောင်ရွက်ခဲ့သဖြင့် ထိုနေ့ မွန်းတည့် ၁၂ နာရီခန့်မှစ၍ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



# တနသ်ာရီမြို့ ရွှေလိပ်ပြာလမ်းနှင့် ကျန်းမာရေးလမ်းများ အဆင့်မြှင့်တင်

**တနင်္သာရီ အောက်တိုဘာ ၄**

တနင်္သာရီမြို့၏ အဓိကလမ်းဖြစ်သည့် ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာလမ်းနှင့် တစ်ဆက်တည်းဖြစ်သော ကျန်းမာရေးလမ်းများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပံ့ပိုးငွေ ၁၀၉ သိန်းဖြင့် လမ်းသားတိုးချဲ့ ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရွှေလိပ်ပြာလမ်းသည် အရှည် ပေ ၅၀၀ နှင့် ကျန်းမာရေးလမ်းမှာ အရှည် ပေ ၇၀၀ ရှိကာ ယခင် လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအထိ မြေသားခြောက်ပေတိုးချဲ့ခြင်း၊ လမ်းအကွေ့ဖြောင့်ခြင်း၊ လမ်းတစ်လျှောက် ထုခြောက်လက်မ၊ အကျယ်ခြောက်ပေရှိ လမ်းသားတိုးချဲ့ကျောက်စီခြင်း၊ ရေမြောင်းကျောက်တန်းစီခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သက်ဦးက ကြီးကြပ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ၎င်းလမ်းတစ်လျှောက် လမ်းသားတိုးချဲ့ကျောက်စီခြင်းလုပ်ငန်း အချောသပ်ပြီးစီးပါက ဒေသခံများအတွက် ကုန်စည်ကူးသန်းမှုများ ပိုမိုအဆင်ပြေစေမည့်အပြင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု (Asia Environmental Enforcement Award-AEEA)

သတင်းဆောင်းပါး - ဒေါက်တာလပြည့်ခင်

**၂၀၁၅ခုနှစ်အတွက် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်တော့မည့် အာရှဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆုသည် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environmental Programme-UNEP) ၏ ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများအတွက် ဒေသအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးကွန်ရက် (Regional Environmental Enforcement Network for Chemicals and Waste-REN)နှင့် အိုဇုန်းဆိုင်ရာ လိုက်နာဆောင်ရွက်ရေး အကူအညီအစီအစဉ် (Ozone Action Compliance Assistance Programme) နှင့် Freeland Foundation တို့မှ ပူးပေါင်းဆောင်ရွက်သော ဆုတစ်မျိုးဖြစ်သည်။ ယင်းအာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆုကို ၂၀၁၄ ခုနှစ်တွင်စတင်ပြီး ပထမအကြိမ် အာရှ-ပစိဖိတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအာဏာပိုင်များနှင့် ဝန်ကြီးများဖိုရမ် (First Forum of Ministers and Environmental Authorities of Asia Pacific) ၏ အာရှ-ပစိဖိတ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများဆိုင်ရာ အစည်းအဝေးတွင် လူပုဂ္ဂိုလ်ဆိုင်ရာဆု ငါးဆုနှင့် အဖွဲ့အစည်းဆိုင်ရာဆု ရှစ်ဆုတို့ ပေးအပ်ခဲ့ပါသည်။ အနည်းဆုံး နောက်ထပ်နှစ်နှစ်ဖြစ်သည့် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွက်သာ ချီးမြှင့်သွားမည်ဖြစ်၍ မိမိတို့နိုင်ငံကလည်း အခွင့်အရေးကိုလက်လွှတ်မခံဘဲ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။**

အထက်ဖော်ပြပါ ဒေသအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးကွန်ရက် (Regional Enforcement Network-REN) စီမံကိန်းကို ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Swedish International Development Cooperation Agency -Sida) ၏ ပံ့ပိုးကူညီမှုဖြင့် အရှေ့မြောက်အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသရှိ နိုင်ငံ ၂၅ နိုင်ငံအတွင်း ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရာ၌ အကောက်ခွန်ဌာနများ၏ အာဏာသက်ရောက်စေရေးနှင့် လက်ရှိကွန်ရက်ကို ပိုမိုအားကောင်းစေရေးအတွက် ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့်တို့တွင် ထိရောက်သော ပတ်ဝန်းကျင်ဆိုင်ရာ တရားဥပဒေစိုးမိုးမှုရရှိရန် ရည်ရွယ်၍ ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများအတွက် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) မှ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်သည်။

အဆိုပါ အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆုတစ်ခုဖြစ်ပြီး အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းနှင့် ဓာတုပစ္စည်းများကို တရားမဝင်သယ်ဆောင်တင်သွင်းခြင်းများ တားဆီးကာကွယ်ခြင်း၊ တားမြစ်ထားသည့် မျိုးစိတ်များနှင့် အခြား တောရိုင်းတိရစ္ဆာန်များကို တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်း၊ အဏ္ဏဝါ သဘာဝနယ်မြေ တည်ထောင်ခြင်း၊ သဘာဝနယ်မြေတည်ထောင်ရန်အတွက် သင်တန်းများပေးခြင်း၊ တရားမဝင်ငါးဖမ်းခြင်းနှင့် အဏ္ဏဝါညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ဒေသခံပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရေးဆောင်ရွက်ခြင်း၊ သံသယရှိသူများအား ဖမ်းဆီးအရေးယူနိုင်သည့် သတင်းအချက်အလက်နှင့် ဖုန်းခေါ်ဆိုမှုများကို လက်ခံရယူခြင်း၊ တရားရုံး၌ အမှုဖွင့်လှစ်ခြင်း၊ အဆိုပါကိစ္စရပ်များအတွက် တရားရုံးက ဖမ်းဆီးအရေးယူအပြစ်ပေးမှုများကို စာရင်းနှင့်တကွ တင်ပြခြင်းဆိုင်ရာ သတင်းရယူခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ချိုးဖောက်မှုများ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများကို အရေးယူဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့၌ ထူးချွန်စွာ စွမ်းဆောင်နိုင်သူ သို့မဟုတ် အဖွဲ့အစည်းများအား ပေးအပ်သည့်ဆု ဖြစ်ပါသည်။

ထိုဆုကို အကောက်ခွန်ဌာန၊ ရဲတပ်ဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရဲဌာနများ၊ လူပုဂ္ဂိုလ်များအပါအဝင် အာရှဒေသရှိ အဖွဲ့အစည်းအသီးသီးနှင့် သီးခြားလူပုဂ္ဂိုလ်များအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် ကတိကဝတ်များ (Multilateral Environmental Agreements-MEAs) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများ ထိရောက်အောင်မြင်စေခြင်းနှင့် တောရိုင်းတိရစ္ဆာန်များ၊ စွန့်ပစ်ပစ္စည်းများ၊ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအပါအဝင် ဓာတုပစ္စည်းများ တရားမဝင်ကုန်သွယ်မှုတို့ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ခြင်း လုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိသူများအနေဖြင့် လျှောက်ထားနိုင်ပါသည်။

ချီးမြှင့်မည့် ဆုအမျိုးအစားမှာ သုံးမျိုးဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ဆိုင်ရာဆုနှင့် ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာဆုများကို အဖွဲ့အစည်းသုံးခုစီနှင့် လူပုဂ္ဂိုလ် သုံးဦးစီ၊ တောရိုင်းတိရစ္ဆာန်၊ ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာဆုကို အဖွဲ့အစည်းသုံးခုနှင့် လူပုဂ္ဂိုလ်တို့အား ချီးမြှင့်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းအတွက် ဆုသည် ယူနစ်တစ်ခု သို့မဟုတ် ယင်းထက်ပိုသည့် ဦးစီးဌာန၊ ဌာနခွဲ၊ ဌာနစိတ်၊ ရုံးနှင့် အစုအဖွဲ့တို့ဖြစ်ရန်နှင့် အထူးသဖြင့် ပတ်ဝန်းကျင်ထိခိုက်စေမှုကို တိုက်ဖျက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်သည့် စံနမူနာယူလောက်သော အာရှဒေသရှိ အဖွဲ့အစည်းအတွက် ဖြစ်ပါသည်။ ဆုအဆိုပြုရန်အတွက် ဖိတ်ခေါ်ထားသူများအနေဖြင့် အဆိုပြုနိုင်ပါသည်။

ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာ ဆုအမျိုးအစားအတွက် ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများအတွက် ဒေသအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးကွန်ရက် (Regional Environmental Enforcement Network for Chemicals and Waste-REN) အဖွဲ့ဝင် ၂၅ နိုင်ငံဖြစ်သည့် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်းဒါရုဆလမ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖီဂျီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ လာအို၊ မလေးရှား၊ မော်လဒိုက်၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ တီမောလိစ်တယ်၊ ဗီယက်နမ်နိုင်ငံနှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများ၊ အာရှနိုင်ငံများမှ အမျိုးသားအိုဇုန်းယူနစ်များကို ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။ ဖိတ်ခေါ်ခံရသည့် နိုင်ငံ/အဖွဲ့အစည်းတစ်ခုချင်းစီသည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား အဆိုပါဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် အဆိုပြုတင်ပြနိုင်ပါသည်။

တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဆုအမျိုးအစားအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ကန့်သတ်ထားပြီး ဖိတ်ကြားခံရသည့် နိုင်ငံ/အဖွဲ့အစည်းများအနေဖြင့် တစ်ဦးထက်ပို၍ အဆိုပြုတင်ပြနိုင်ကြောင်း သိရပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အား ကန့်သတ်ထားရခြင်းမှာ မျိုးတုံးပျောက်ကွယ်တော့မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ရှားပါးမျိုးစိတ်များ တရားမဝင်ရောင်းဝယ်မှုမှ တားဆီးကာကွယ်ရေး အာရှဒေသတွင်းအစီအစဉ် (Asia's Regional Response to Endangered Species Trafficking - ARRSET Program) က ငွေကြေးထောက်ပံ့ပေးထားသည့် United State Agency for International Development -USAID လက်အောက်ရှိ Freeland Foundation မှ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဆုအမျိုးအစားအတွက် အထောက်အပံ့ပေးထားပြီး ARRSET Program ၏ ပယ်ဖျက်ချက်စာရင်းတွင် ပါဝင်နေသောကြောင့် ဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဆုရွေးချယ်ရာတွင် ထင်ရှားသော စုံစမ်းစစ်ဆေးမှု၊ ထိန်းသိမ်းမှု၊ ဖမ်းဆီးမှု၊ စွဲချက်တင်မှု သို့မဟုတ် ပြစ်မှုထင်ရှားစီရင်နိုင်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်စေမှုများအား တိုက်ဖျက်ရာတွင် အဓိကကျသည့် ရလဒ်များရရှိအောင် စွမ်းဆောင်နိုင်သည့် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြင့်မှတ်တမ်းနှင့် ကတိကဝတ်များရရှိထားမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် လေးစားလိုက်နာရေးဆိုင်ရာ အရေးပါမှုများကို ပြည်သူလူထု သိရှိလိုက်နာစေရေး ဆောင်ရွက်ရာတွင် အောင်မြင်မှုများ စသည့်အချက်များပေါ်တွင် ရွေးချယ်သွားမည် ဖြစ်ပါသည်။

အဖွဲ့အစည်းနှင့် အသင်းအဖွဲ့များအား ရွေးချယ်ရာတွင် အခြားနိုင်ငံများ၊ ဒေသဆိုင်ရာများနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်သည့် အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်နှင့် အသိပညာများ မျှဝေရာ၌ အချိန်နှင့်တစ်ပြေးညီ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အရာရှိများ၏စွမ်းရည်နှင့် ကျွမ်းကျင်မှုများ မြင့်မားစေရေးဆောင်ရွက်ရာ၌ တက်ကြွစွာ စုစည်းပါဝင်စေရေး ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်စေမှုများအား တိုက်ဖျက်ရာတွင် အဖွဲ့အစည်းခိုင်မာတောင့်တင်းစေရန် ကြိုးစားအားထုတ်ခြင်း၊ အခြားအမျိုးသားအဆင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အေဂျင်စီများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ တရားဥပဒေစိုးမိုးစေသည့် ကြိုးပမ်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့အပေါ်မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

ပထမအဆင့် စစ်ဆေးမှုကို ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environmental Programme - UNEP) နှင့် Freeland Foundation တို့က ဦးစီးဆောင်ရွက်ပြီး ဆုရွေးချယ်ရေးအဖွဲ့သို့ အဆိုပြုလွှာများပေးအပ်ကာ စိစစ်ဆောင်ရွက်ခြင်း၊ ထောက်ခံခြင်းတို့ကို ဆုံးဖြတ်ရွေးချယ်ပါသည်။ ဆုံးဖြတ်ပေးမှု အဆင့်မြင့်ဆုံးရရှိသည့် လူပုဂ္ဂိုလ်သုံးဦးနှင့် အဖွဲ့အစည်း သုံးဖွဲ့စီကို အမျိုးအစားအလိုက် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ရာ REN အဖွဲ့ဝင်ဖြစ်သည့် မိမိတို့နိုင်ငံကလည်း ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု (AEEA Award) ရရှိရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် အဆိုပြုလွှာပေးပို့ထားပြီးဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် တောရိုင်းတိရစ္ဆာန်များ၊ ငါးဖမ်းခြင်း၊ တားမြစ်သစ်မျိုးစိတ်များနှင့် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ဖမ်းဆီးအရေးယူမှုများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ ဖမ်းဆီးအရေးယူမှုများ၊ ငါးလုပ်ငန်းဥပဒေပါ ဖမ်းဆီးအရေးယူမှုများနှင့် သက်ဆိုင်သည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ၂၀၁၄ ခုနှစ် အောက်တိုဘာလမှစတင်၍ သုံးလတစ်ကြိမ်နှုန်းဖြင့် ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပေးပို့ရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ တစ်နှစ်စာ စာရင်းစုစုပေါင်း စာရင်းချုပ်ကိုပေးပို့ပြီးနောက် ဦးစွာ REN အဖွဲ့သို့ တင်ပြစစ်ဆေးခံရမည်ဖြစ်ပြီး ယင်းမှ ဆုစိစစ်ရွေးချယ်ဆုံးဖြတ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရွေးချယ်စေမည် ဖြစ်ပါသည်။ AEEA ဆုရရှိရေးအတွက် ဦးစားပေးလုပ်ဆောင်ခြင်းဖြစ်ပေါ်သော်လည်း ဆက်လက်၍လည်း နှစ်စဉ်စာရင်းများ UNEP သို့ ပေးပို့တင်ပြသွားရန် လိုအပ်ပါသည်။ သို့မှသာ မိမိတို့နိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တစ်ကမ္ဘာလုံးမှသိရှိပြီး တစ်ဖက်တစ်လမ်းမှ နိုင်ငံဂုဏ်ကိုတက်စေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာကွန်ဗင်းရှင်းနှင့် ဥပဒေအရ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆိုင်ရာ အရေးယူမှုများကိုလည်းကောင်း၊ ကျွန်း၊ တမလန်းနှင့် ပိတောက် အပါအဝင် Rose Wood ခေါ် ရှားပါးသစ်မျိုးများနှင့် နိုင်ငံတကာကွန်ဗင်းရှင်းအရ ကာကွယ်ထားသည့် အပင်မျိုးစိတ်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ စုဆောင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆိုင်ရာ အရေးယူမှုများကို လည်းကောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ တရားမဝင်တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့်ပတ်သက်၍ အရေးယူမှုများကိုလည်းကောင်း၊ ဘေးအန္တရာယ်ရှိပစ္စည်းများ တရားမဝင် ကုန်သွယ်ခြင်းဆိုင်ရာ အရေးယူမှုများကိုလည်းကောင်း၊ ပင်လယ်ပြင်နှင့် ပြည်တွင်းငါးဖမ်းခြင်းလုပ်ငန်းဆိုင်ရာ အရေးယူမှုများကို လည်းကောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း သုံးလတစ်ကြိမ်နှင့် နှစ်ချုပ်ပြန်တမ်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့ဆောင်ရွက်သွားရပါမည်။ ထို့အတွက် အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု (Asia Environmental Enforcement Award-AEEA) တင်ပြရေးဆိုင်ရာ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုလည်း သက်ဆိုင်သူများပါဝင်၍ ၁၁ ဦးဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။ ထိုဆုစိစစ်ရွေးချယ်ရေးအဖွဲ့မှ ပုံမှန်အစည်းအဝေးများနှင့် လိုအပ်ပါက အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပသွားရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# မိုးပွင့်အထူးစီမံချက်(၂) ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၄**

မိုးပွင့်အထူးစီမံချက်အပိုင်း(၂) အရ နှစ်ချင်းအလိုက်အပြီးဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်အတွင်းရှိ စာသင်ကျောင်းများနှင့် ရပ်ကွက်များ၌ စက်တင်ဘာ ၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃ ရက်က ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဆိပ်ကြီး-ဦးမြ-ငါးစင်ရပ်ကွက်မှ ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လျှောက်ထားခြင်း၊ မွေး-တိုး-သေ-ပျက်လျှောက်ထားခြင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**



# (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ သွင်းကုန် ထုတ်ကုန်လုပ်ငန်းများ ပြန်သွက်လာ



**မူဆယ် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်ရှိ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် စက်တင်ဘာ တတိယပတ်အတွင်းမှစ၍ သွင်းကုန် ထုတ်ကုန်ကားအများအပြား ဝင်ရောက်လာမှုများကို မြင်တွေ့ရပြီး ကုန်သွယ်မှုများ ပိုသွက် လာကြောင်း သိရသည်။

(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်များအဖြစ် ဆန်၊ ပြောင်း၊ ပဲ၊ ရော်ဘာစသည့် ကုန်ပစ္စည်းအမျိုးမျိုးကို တင်ပို့ပြီး တစ်ရက်လျှင် ကားအစီးရေ ၄၀၀ ကျော်မှ ၆၀၀ ကျော်အထိ တင်ပို့မှုရှိကြောင်း၊ သွင်းကုန်များအနေဖြင့် မြေဆီ၊ ဘိလပ်မြေ၊ စက်ပစ္စည်းအမျိုးမျိုးနှင့် အခြားကုန်စည်များကို တင်သွင်းပြီး နေ့စဉ်ကားစီးရေ ၂၀၀ ကျော်မှ ၄၀၀ ခန့်အထိ ဝင်ရောက်လျက်ရှိကြောင်း၊ ပို့ကုန်များအနက် ဆန်ကားများက အများဆုံးဖြစ်ပြီး သွင်းကုန်များအနက် မြေဆီကားများက အများဆုံးဖြစ်ကြောင်း သိရသည်။ ယခုရက်ပိုင်းတွင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ပို့ကုန်သွင်းကုန်နှစ်မျိုးပေါင်းအနေဖြင့် ယာဉ်အစီးရေ ၇၀၀ ကျော်မှ ၉၀၀ ခန့်အထိ နေ့စဉ်ဝင်ရောက်မှုရှိနေသည်။

ကုန်တင်ယာဉ်များ၏ ကုန်တင်ခနှုန်းထားများမှာ အတက်ကားခ ကုန်ချိန် တစ်ပိဿာလျှင် ၇၀ ကျပ်မှ ၈၀ ကျပ်ကြားရှိပြီး အဆင်းကားခနှုန်းမှာ တစ်ပိဿာလျှင် ၃၂ ကျပ်ခန့်ရှိသည်။ အတက်ကားခနှုန်းမှာ ယခင်ကဈေးနှုန်းများအတိုင်းဖြစ်သော်လည်း အဆင်းကားခနှုန်းမှာ ယခင်က တစ်ပိဿာလျှင် ၄၈ ကျပ်၊ ၅၀ ကျပ်ခန့်နှုန်းမှာ လျှော့နည်းလာခဲ့ခြင်းဖြစ်သည်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ကုန်သွယ်မှုပမာဏအနေဖြင့် ဧပြီလမှ ဩဂုတ်လအထိ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၅၀၇ သန်းကျော်နှင့် သွင်းကုန်တန်ဖိုး ဒေါ်လာသန်း ၆၈၀ ကျော်ရှိခဲ့ပြီး ပို့ကုန်သွင်းကုန်စုစုပေါင်း ဒေါ်လာ ၂၁၈၈ သန်းကျော်ရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်က ဧပြီလမှ ဩဂုတ်လအထိ ပို့ကုန်တန်ဖိုးမှာ ၁၃၄၄ သန်းကျော်၊ သွင်းကုန်တန်ဖိုးမှာ ဒေါ်လာသန်း ၆၀၀ နီးပါးနှင့် ပို့ကုန်သွင်းကုန်စုစုပေါင်း ၁၉၄၃ ဒေါ်လာကျော်ရှိခဲ့သည်။ ထို့ကြောင့် နှိုင်းယှဉ်ချက်အရ ယခုနှစ်တွင် ပို့ကုန်အနေဖြင့် ဒေါ်လာ ၁၆၃ သန်းကျော် ပို၍ရရှိခဲ့ပြီး သွင်းကုန်အနေဖြင့် ဒေါ်လာ ၈၁ သန်းကျော် စုစုပေါင်း ဒေါ်လာ ၂၄၅ သန်းကျော် ပို၍ ရရှိခဲ့ကြောင်း သိရသည်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြီးအနီးတွင် လမ်းများကိုလည်း တိုးချဲ့ထားခြင်းကြောင့် ယာဉ်များဝင်ရောက်မှုများလာသော်လည်း ယာဉ်ကြောပိတ်ဆို့ခြင်းများမရှိကြောင်း၊ ကုန်သွယ်ရေးဇုန်ကြီးအတွင်း ကားများဝင်ထွက်သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက်လည်း ပြုပြင်သွားရန် လျာထားချက်ရှိကြောင်း ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(၁၀၅)မိုင်**

## အစားအသောက်နှင့် အာဟာရပညာဆိုင်ရာ မဟာဘွဲ့သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၄**

ဗြိတိန်အစိုးရတက္ကသိုလ်တစ်ခုဖြစ်သည့် University of Bedforshire, UK(UOB) နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Institute of Nutrition, Mahidol University တို့နှင့် STI Myanmar University (STIMU) တို့ ပူးပေါင်း၍ အစားအသောက်နှင့် အာဟာရပညာဆိုင်ရာ မဟာဘွဲ့သင်တန်းကို STIMU ၌ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ရောဂါများကုသရေး၊ ကာကွယ်ရေး၊ အာဟာရလွန်ကဲမှု၊ ချို့တဲ့မှုနှင့် ဆက်စပ်လျက်ရှိသည့်ရောဂါများ ထိန်းချုပ်နိုင်ရေးတို့အတွက် အစာအာဟာရပညာရှင်များ မွေးထုတ်ပေးရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ Mahidol တက္ကသိုလ်မှ ဝါရင့်ပါမောက္ခများ လာရောက်သင်ကြားပေးမည်ဖြစ်ကြောင်း၊ လက်တွေ့သင်ကြားရေးအပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆေးရုံများ၊ ရန်ကုန်မြို့ရှိ ဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးလေ့ကျင့်ရေးစင်တာများသို့ သွားရောက်ဆည်းပူးရမည်ဖြစ်ကြောင်း၊ သင်တန်းအောင်မြင်ပါက ဗြိတိန်နိုင်ငံ အစိုးရတက္ကသိုလ်ဖြစ်သည့် University of Bedforshire (UK) မှ ဘွဲ့ပေးအပ်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံ Association for Nutrition (AfN)တွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

အချိန်ပိုင်းသင်တန်းဖြစ်ပြီး သင်တန်းကာလ ၁၈ လ ကြာမြင့်မည်ဖြစ်ကာ ကျန်းမာရေးသိပ္ပံ၊ ဆေးသိပ္ပံနှင့် ဆက်စပ်ဘွဲ့ရရှိထားသူများ တိုက်ရိုက်လျှောက်ထားတက်ရောက်နိုင်သည်။

ထို့ပြင် အခြားသိပ္ပံနှင့် ဝိဇ္ဇာဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်ပြီး မဟာဘွဲ့သင်တန်းမစမီ ပေါင်းကူးသင်တန်းကို သုံးလခန့် တက်ရောက်ရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရန်လိုအပ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် လှိုင်တက္ကသိုလ်နယ်မြေရှိ STIMU သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**ဖိုးညီ**

## (၁၂)ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးညီလာခံကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ Panda Hotel ၌ ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အကြောအဆစ်ရောဂါအထူးကုဌာနတွင် စာရင်းပေးသွင်းပြီးတက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## လုပ်ငန်းခွင်အကြို ထွန်စက်နှင့်လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်နည်း ပညာပေး

**နေပြည်တော် အောက်တိုဘာ ၄**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းချိန် စက်မှုစွမ်းအားအကြောင်း သိရှိနားလည်စေရန် စိုက်ပျိုးရေးနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအား ထွန်စက်နှင့် လယ်ယာသုံး စက်ကိရိယာထိန်းသိမ်းမောင်းနှင်နည်းပညာပေးသင်တန်းကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခွဲက စိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

"စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်တဲ့နေရာမှာ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေချိန်မှာ လုပ်ငန်းခွင်ကို ဝင်ရောက်တော့မယ် စိုက်ပျိုးရေးကျောင်းသားတွေအတွက် လယ်ယာသုံး စက်ကိရိယာတွေအကြောင်း သိရှိဖို့လိုအပ်တဲ့အတွက် ဒီသင်တန်းကိုသင်ကြားရခြင်းဖြစ်ပါတယ်။ သင်တန်းမှာ စာတွေ့၊ လက်တွေ့အနေနဲ့ ထွန်စက်တွေကို ကိုယ်တိုင်ကိုင်တွယ်မောင်းနှင်နိုင်အောင်၊ စစ်ဆေးပြုပြင်နိုင်အောင် သင်ကြားပို့ချပေးသွားမှာပါ" ဟု စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ လုပ်ငန်းခွင်ဝင်တော့မည့် ကျောင်းသား ကျောင်းသူများသည် ထွန်စက်များကို စနစ်တကျကိုင်တွယ်မောင်းနှင်နိုင်၍ စစ်ဆေးပြုပြင်နိုင်မည့် အတွေ့အကြုံများ ရရှိစေနိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းများအောင် မြင်စွာဆောင်ရွက်နိုင်မည့် အတွေ့အကြုံများရရှိစေနိုင်ရန် ဖြစ်သည်။ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်နည်းအပြင် စိုက်ပျိုးရေးပညာရပ်များပါ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်ခြင်းကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၂၆ ဦး တက်ရောက်သင်ကြားကြောင်းသိရသည်။

"အခုသင်တန်းက လယ်ယာသုံးစက်ကိရိယာတွေကို ပြုပြင်နည်း၊ မောင်းနှင်နည်းတွေပါတယ်။ စိုက်ပျိုးရေးပညာရပ်၊ စိုက်ပျိုးစီးပွားရေးပညာရပ်တွေပါတယ်။ အရင်တုန်းက စာတွေ့မှာတော့ စပါးအခြောက်ခံစက်တွေ၊ လယ်ထွန်စက်တွေအကြောင်းကိုသိပြီးသားပါ။ အခု စာတွေ့နဲ့ လက်တွေ့မှာ ပြန်ပေါင်းတော့ တောင်သူလယ်သမားတွေနဲ့ လက်တွေ့တွေ့ရမှာဆိုတော့ ပိုပြီးတော့အကျိုးရှိပါတယ်။ တောင်သူတွေက မေးတာတွေကို ပြန်ဖြေနိုင်ဖို့ ကျွန်တော်တို့လေ့လာရပါတယ်။ လယ်ထွန်စက်တွေအကြောင်းအပြင် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အပင်ရောဂါကျရောက်တာတွေ၊ ပိုးမွှားတွေကြရောက်တဲ့ အကြောင်းကိုလည်း ပြောနိုင်အောင် လေ့လာရပါတယ်။ မြန်မာနိုင်ငံက လက်မှုလယ်ယာကနေ စက်မှုလယ်ယာဘက်ကို ကူးပြောင်းနေတဲ့ကာလမှာ ဒီသင်တန်းကနေ စက်ပစ္စည်းတွေအကြောင်းသိတယ်။ တောင်သူတွေကို စက်ပစ္စည်းတွေနဲ့ပတ်သက်ပြီးကူညီပေးနိုင်တော့မယ်ဆိုတော့ ပိုပြီးကောင်းပါတယ်"ဟု ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နောက်ဆုံးနှစ်မှ စိုက်ပျိုးစီပွားအထူးပြုကျောင်းသား ထွန်းဝင်းကျော်ကပြောသည်။

**ဓူလိုင်မိုး(မြန်မာ့အလင်း)**



## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်ကျင်းပ

**မင်းလှ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးမှူး၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်သက်ကြီးပူဇော်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့ပေါ်ရပ်ကွက်မှ အသက် ၈၅ နှစ် အထက်ချို့တဲ့ အဘိုးအဘွား ၁၆ ဦးကို မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ စုစုပေါင်းငွေကျပ်လေးသိန်းဖိုး ကန်တော့ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# စပိန်နဲ့ အီတလီတို့ နိုင်ပွဲကိုယ်စီရမယ့် ယူရို ယူ-၂၁ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်



ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ အောက်တိုဘာ ၇ ရက်နဲ့ ၈ ရက်တွေမှာ ယူရို ယူ-၂၁ ခြေစစ်ပွဲတွေယှဉ်ပြိုင်ဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ ဆားဘီးယားနဲ့ အင်ဒိုရာ၊ ဂျော်ဂျီယာနဲ့ စပိန်၊ ဆန်မာရီနိုနဲ့ ခရိုအေးရှား၊ ဆလိုဗေးနီးယားနဲ့ အီတလီ စတဲ့ပွဲကောင်းတွေကို အားပေးကြရဦးမှာဖြစ်ပါတယ်။ လူငယ်ကစားသမားတွေရဲ့ ခြေစွမ်းထက်မြက်မှုတွေကို အကဲခတ်ခွင့်ရမှာဖြစ်သလို နာမည်ကြီးအသင်းတွေ အခြေအနေကောင်းနိုင်မလားဆိုတာလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ဆားဘီးယားနှင့် အင်ဒိုရာ**

ပြီးခဲ့တဲ့ ပွဲစဉ်မှာ လစ်သူယေးနီးယားကို ငါးဂိုးပြတ်နဲ့ နိုင်ပွဲရထားတဲ့ ဆားဗီးယားတို့ အခုပွဲမှာ နိုင်ပွဲဆက်ဖို့ အားထုတ်ပါလိမ့်မယ်။ ဆားဘီးယားရဲ့အားနည်းချက်က တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်အတက်အကျရှိနေတာပဲဖြစ်ပါတယ်။ အင်ဒိုရာတို့က ပြီးခဲ့တဲ့ ပွဲစဉ်မှာ အိုင်ယာလန်ကို နှစ်ဂိုးပြတ်ရှုံးထားတာမို့ ဒီပွဲမှာ ဆားဘီးယားကို အပြင်းအထန်ခုခံကစားပါလိမ့်မယ်။ ဒါပေမယ့် ဆားဘီးယားတို့က နေရာစုံမှာ ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေရဲ့ ပံ့မှန်ခြေစွမ်းပြန်ရလာတာမို့ အခုပွဲမှာ ဆားဘီးယားတို့ အနိုင်ရဖို့များပါတယ်။

**ဂျော်ဂျီယာနှင့် စပိန်**

ဂျော်ဂျီယာတို့က ခရိုအေးရှားကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ စပိန်ကို ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပါတယ်။ စပိန်လူငယ်တွေက ပြီးခဲ့တဲ့ ပွဲစဉ်မှာ အက်စ်တိုးနီးယားကို နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာ ဂျော်ဂျီယာကို ဖိအားပေးကစားနိုင်ဖို့ ပြင်ဆင်လာပါလိမ့်မယ်။ စပိန်ရဲ့ ခြေစွမ်းကလည်း အားရစရာတော့မရှိပေမယ့် ဂျော်ဂျီယာရဲ့ တစ်ဦးချင်းစွမ်းရည်က စပိန်ကိုတော့ မယှဉ်နိုင်ပါဘူး။ စပိန်တို့ ရလဒ်မပြတ်နိုင်ပေမယ့် ကပ်ပြီးနိုင်သွားပါလိမ့်မယ်။

**ဆန်မာရီနိုနှင့် ခရိုအေးရှား**

ဂျော်ဂျီယာနဲ့ ဆွီဒင်ကိုရှုံးပြီး အက်စ်တိုးနီးယားကို သရေကစားထားတဲ့ ဆန်မာရီနိုတို့က ခြေစွမ်းပြန်ပြလာတဲ့ ခရိုအေးရှားကို ယှဉ်ပြိုင်နိုင်ဖို့ မလွယ်ပါဘူး။ အင်္ဂလန်ကို ရှုံးထားပေမယ့် ဂျော်ဂျီယာနဲ့ အက်တိုးနီးယားတို့ကို နိုင်ပွဲတွေရအောင် ကစားလာနိုင်တဲ့ ခရိုအေးရှားတို့က တိုက်စစ်အားကောင်းမွန်တာမို့ အခုပွဲမှာ ဆန်မာရီနိုတို့ အနိုင်ရလဒ်ကို မျှော်မှန်းလို့ မရနိုင်ပါဘူး။

**ဆလိုဗေးနီးယားနှင့် အီတလီ**

ပထမအကျော့ပွဲစဉ်မှာ အီတလီတို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာ ဆလိုဗေးနီးယားတို့ ခြေကုန်ထုတ်ဖို့ရှိနေပါတယ်။ လစ်သူယေးနီးယားနဲ့ အင်ဒိုရာအသင်းတွေကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့တဲ့ ဆလိုဗေးနီးယားတို့အတွက် အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားလာပါလိမ့်မယ်။ အီတလီတို့ကတော့ ပေါ်တူဂီ၊ အင်္ဂလန်နဲ့ ဟန်ဂေရီတို့ကို ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တာမို့ ခြေစွမ်းပုံမှန်ရနေပါတယ်။ အခုပွဲမှာ ကျစ်လျစ်သိပ်သည်းတဲ့ အီတလီခံစစ်ကြောင်းကို ဆလိုဗေးနီးယားတို့ ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။

**ယူကရိန်းနှင့် အိုက်စလန်**

ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေတဲ့ ယူကရိန်းဟာ အိုက်စလန်ကို ပွဲကျပ်အဖြစ်ကစားရပါလိမ့်မယ်။ မြောက်အိုင်ယာလန်၊ ပြင်သစ်၊ မက်ဆီဒိုးနီးယားနဲ့ ဒိန်းမတ်အသင်းတွေကို ရှုံးပွဲမရှိအောင်ကစားနိုင်ခဲ့တဲ့ အိုက်စလန်တို့က အခုပွဲမှာလည်းယူကရိန်းကို နိုင်ပွဲရအောင်ကြိုးစားမှာ သေချာပါတယ်။

**ဆလိုဗက်ကီးယားနှင့် ဆိုက်ပရပ်စ်**

ဘီလာရုစ်နဲ့ အီတလီအသင်းတွေကို ရှုံးပွဲကြုံထားတဲ့ ဆလိုဗက်ကီးယားတို့ဟာ သာမန်ခြေစွမ်းသာရှိတဲ့ ဆိုက်ပရပ်စ်ကို အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ ဆလိုဗက်ကီးယားရဲ့ ခြေစွမ်းက တိုက်စစ်ပိုင်းအားနည်းပေမယ့် ခံစစ်ပိုင်းအမှားအယွင်းနည်းပါတယ်။ ဆိုက်ပရပ်စ်အတွက် သရေရလဒ်ကိုတောင် ရရှိဖို့ ခက်ခဲမယ့် အနေအထားပါပဲ။

**နော်ဝေနှင့် ကာဇက်စတန်**

နော်ဝေအတွက် အခုပွဲဟာ နိုင်ပွဲပြန်ရှာဖွေမယ့် ပွဲဖြစ်ပါတယ်။ အင်္ဂလန်ကို ရှုံးခဲ့တဲ့အတွက် နော်ဝေဟာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည် တိုးမြင့်အောင် ပြင်ဆင်လာမှာမို့ အခုပွဲမှာ ကာဇက်စတန်တို့ သိပ်တော့မလွယ်ပါဘူး။ ကာဇက်စတန်တို့ကလည်း အသင်းလိုက် ကစားအားကောင်းပေမယ့် ဆွစ်ဇာလန်ကို ရှုံးထားတာမို့ အခုပွဲမှာ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။

## နည်းပြသက်တမ်း အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရတဲ့ မော်ရင်ဟို



မော်ရင်ဟိုက သူ့ရဲ့ နည်းပြဘဝ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဝန်ခံပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ လက်ရှိအချိန်မှာ အမှတ်ပေးဇယား ၁၄ နေရာမှာ ရပ်တည်လျက်ရှိပြီး ပရီမီယာလိဂ်ပြိုင်ပွဲ သုံးပွဲရှုံးနိမ့်ထားတဲ့အတွက် အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ သီတင်းပတ်က ချန်ပီယံလိဂ်မှာ ပေါ်တိုအသင်းကိုလည်း ရှုံးနိမ့်ခဲ့ပါတယ်။ ချယ်လ်ဆီးရဲ့ ယခုနှစ်ရာသီအစဟာ မော်ရင်ဟိုက သူ့ရဲ့ နည်းပြ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးလို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ယခုနှစ်ပရီမီယာလိဂ် ခုနစ်ပွဲကစားရာမှာ နှစ်ပွဲသာ အနိုင်ရခဲ့ပါတယ်။ ကျွန်တော်ရဲ့ အတွေ့အကြုံအရ ပြောမယ်ဆိုရင် ဒီရလဒ်က ကျွန်တော့်ရဲ့ နည်းပြသက်တမ်းတစ်လျှောက်မှာတော့ အဆိုးရွားဆုံးပါပဲလို့ နည်းပြမော်ရင်ဟိုက ဝန်ခံပြောဆို လိုက်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ယခုနှစ် ပရီမီယာလိဂ်မှာ မန်စီးတီး၊ ခရစ္စတယ်ပဲလေ့စ်နှင့် အဲဗာတန်တို့ကို ရှုံးနိမ့်ခဲ့ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်မှာ ပေါ်တိုအသင်းကို ရှုံးပြီး ကွန်မြူနတီဒိုင်းလှုပွဲမှာလည်း အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်

## စပါးနဲ့အတူ ခြေစွမ်းပြလာတဲ့ လာမီလာ

စပါးတောင်ပံတိုက်စစ်မှူး အဲရစ်လာမီလာဟာ ပရီမီယာလိဂ်မှာ စတင်ကစားခဲ့စဉ်က ကောင်းကောင်းကစားနိုင်ခဲ့သူ မဟုတ်ခဲ့ပါဘူး။ မြောက်လန်ဒန်ကလပ် စပါးအသင်းရဲ့ ပထမနှစ်နှစ်မှာတော့ ခြေစွမ်းပျောက်ခဲ့ပါတယ်။ ယခုအခါမှာတော့ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ လာမီလာဟာ ခြေစွမ်းပြကစားလာနိုင်ပြီလို့ နည်းပြ ပိုချက်တီနိုက ပြောဆိုလိုက်ပါတယ်။ တောင်ပံကစားသမား လာမီလာကို စပါးက ဂျူဗင်တပ်စ်အသင်းမှ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ပထမနှစ်နှစ်မှာ ခြေစွမ်းမပြနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ မန်စီးတီးကို စပါးကအနိုင်ရတဲ့ ပြိုင်ပွဲကစလို့ ခြေစွမ်းပြကစားလာတာ တွေ့ရပါတယ်။

လာမီလာဟာ စပါးရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဟယ်ရီကိန်းနဲ့အတူ တွဲဖက်ညီစွာ ခြေစွမ်းပြကစားလာတာတွေ့ရပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ စပါးအတွက် အဓိကခြိမ်းခြောက်ကစားပေးမယ့် ကစားသမားတွေထဲမှာ လာမီလာလည်း အပါအဝင်ဖြစ်လာပါတယ်။



## ဝက်စ်ဟမ်းကို မနိုင်ရင် နုတ်ထွက်မယ်ဆိုတဲ့ အက်ဗိုကတ်

ဆန်းဒါးလန်းနည်းပြ အက်ဗိုကတ်က သူ့အနေနဲ့ ဝက်စ်ဟမ်းအသင်းကို အနိုင်ကစားမပေးနိုင်ဘူးဆိုရင် နည်းပြအဖြစ်မှ နုတ်ထွက်ဖွယ်ရှိတယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒတ်ချ်လူမျိုး ဆန်းဒါးလန်းနည်းပြ အက်ဗိုကတ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဆန်းဒါးလန်းကို ကိုင်တွယ်ခဲ့တာ ခုနစ်လသာရှိပါသေးတယ်။ ကစားသမားတွေအနေနဲ့ ဝက်စ်ဟမ်းအသင်းကို အနိုင်ကစားမပေးနိုင်တော့ဘူးဆိုရင် ဟော်လန်ကိုပြန်ဖို့ စဉ်းစားထားတယ်လို့ အသက် ၆၈ နှစ်အရွယ်ရှိတဲ့ အက်ဗိုကတ်က ဆိုပါတယ်။ ဘန်လေနည်းပြ ဒိုင်ချီနဲ့ လက်စတာနည်းပြဟောင်း ပီယာဆင်တို့ဟာ ဆန်းဒါးလန်းအသင်းကို ကိုင်တွယ်ဖို့ အဆက်အသွယ်တွေပြုလုပ်နေကြပြီဖြစ်ပါတယ်။ အက်ဗိုကတ်က သူ့ရဲ့ နောက်ထပ်ပြောင်းရွှေ့မယ့် အသင်းရဲ့အမည်ကိုတော့ ထုတ်ဖော်ပြောဆိုခြင်းမရှိပါဘူး။ ဆန်းဒါးလန်းအသင်းဟာ ယခုနှစ် ပရီမီယာလိဂ်ရာသီအစမှာလည်း ကောင်းမွန်တဲ့ရလဒ်တွေနဲ့ ဝေးနေခဲ့ရတာကြောင့် နည်းပြ အက်ဗိုကတ်အတွက် ဖိအားတွေဖြစ်ခဲ့ရပါတယ်။ သို့သော်လည်း အောက်တိုဘာ ၃ ရက်က ယှဉ်ပြိုင်သည့် ဆန်းဒါးလန်းနှင့် ဝက်စ်ဟမ်းတို့ပွဲမှာ တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

**တာချီလိတ် အောက်တိုဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်က တာချီလိတ် သတ္တုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကုန်သွယ်ရေးစခန်း တာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်နှင့် သွင်းကုန် ကုန်သွယ်မှုပမာဏသည် စက်တင်ဘာလတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄၁ သန်း၊ သွင်းကုန် ဒေါ်လာ သန်း ၃ ဒသမ ၅၀၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၄ ဒသမ ၈၄၁ သန်း ရရှိခဲ့ကြောင်း၊ ယခုလ၏ ကုန်သွယ်မှုလျာထားချက်သည် ပို့ကုန် ဒေါ်လာ ၂ ဒသမ ၉၅၅ သန်း၊ သွင်းကုန် ဒေါ်လာ ၆ ဒသမ ၉၈၈ သန်း၊ ကုန်သွယ်မှုပမာဏ ၉ ဒသမ ၉၈၃ သန်း လျာထားခဲ့သည့်အတွက် ယခုလ၏ ဆောင်ရွက်မှုသည် လျာထားချက်အပေါ် ၄၈ ဒသမ ၄၉ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ပြည်ပဈေးကွက် ပျောက်ဆုံးသွားနိုင်ခြင်းမရှိစေရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှစ၍ ယခင်တင်ပို့နေသည့် လုပ်ထုံးလုပ်နည်းအတိုင်း ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် နယ်စပ်မှတင်ပို့ရာတွင် ဆန်လိုင်စင်တစ်စောင် တန် ၅၀၀ ခွင့်ပြုခြင်းကို အောက်တိုဘာ ၁၅ ရက်မှစ၍ ယခင်ကဲ့သို့ ဖြေလျှော့ပေးသွားမည်**

ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်သင့်သည့် အစီအမံများကို တက်ရောက်လာသော One Stop Services(OSS) အဖွဲ့ဝင်ဌာနများဖြစ်သည့် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) တို့မှ တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကုန်သွယ်လုပ်ငန်းရှင်များက ကုန်သွယ်မှုလုပ်ငန်းများမှ ITC သက်တမ်းကိစ္စ၊ တစ်ပတ်အတွင်းသာ သတ်မှတ်ဖြတ်သန်းခွင့်ပြုထားသည့် ID အဟောင်းများစုပုံပြီး ငွေသွင်းထားသည့် အခွန်အတွက် ဆုံးရှုံးနစ်နာမှုရှိသည့် ကိစ္စရပ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ရှိရသည့်လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးမှ ဆန်တင်ပို့မှုနှင့်ပတ်သက်၍ ဩဂုတ်လအတွင်းက ပြည်ပဆန်တင်ပို့မှုကို ခေတ္တရပ်ဆိုင်းခဲ့သော်လည်း ယခုအခါ ဆန်စပါးကဏ္ဍဆိုင်ရာ လေ့လာစိစစ်ချက်အရ ပြည်တွင်းလက်ကျန်အခြေအနေသည် စားသုံးမှုလုံလောက်မှုရှိပြီးဖြစ်သည့်အပြင် မကြာမီ စပါးအသစ်ထွက်ရှိမည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်သူများ အကျိုးဖြစ်ထွန်းစေရန်နှင့် ပြည်ပဈေးကွက် ပျောက်ဆုံးသွားနိုင်ခြင်းမရှိစေရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှစ၍ ယခင်တင်ပို့နေသည့် လုပ်ထုံးလုပ်နည်းအတိုင်း ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် နယ်စပ်မှတင်ပို့ရာတွင် ဆန်လိုင်စင်တစ်စောင် တန် ၅၀၀ ခွင့်ပြုခြင်းကို အောက်တိုဘာ ၁၅ ရက်မှစ၍ ယခင်ကဲ့သို့ ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း တာချီလိတ်ကုန်သွယ်ရေးစခန်းမှ သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



# ကျေးရွာမြေငှားဂရန်ပေးအပ်

**ဇေယျာသီရိ အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု ကျောက်ချက်ကျေးရွာ မြေငှားဂရန်ပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီကကျင်းပခဲ့ရာ ကျေးရွာမြေငှားဂရန်စာချုပ်များကို နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းတို့က ဂရန်လျှောက်ထားသူ ၂၂ ဦးတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**



# တိုင်းဒေသကြီးအစိုးရမှထောက်ပံ့သော ရေစုပ်စက်များ လွှဲပြောင်းပေးအပ်

**စစ်ကိုင်း အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ထောက်ပံ့သော ရေစုပ်စက်များမှ စစ်ကိုင်းခရိုင်အတွက် ရရှိသည့်ရေစုပ်စက်များ လွှဲပြောင်းပေးအပ်ပွဲကို စစ်ကိုင်းမြို့ရှိ ခရိုင်စက်မှုလယ်ယာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည်။

ရေစုပ်စက်များပေးအပ်ပွဲတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ခရိုင်လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မောင်မောင်က အမှာစကားပြောကြားပြီး စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်များအတွက်ရရှိသည့် ရေစုပ်စက်များကို ကျေးရွာမှတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ တိုင်းဒေသကြီးအစိုးရသည် လယ်ယာကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများအား ရေစုပ်စက်များ အခမဲ့ထောက်ပံ့ပေးခြင်း၊ ဒေါင်ဖန်းလက်တွန်းထွန်စက်များကို သက်သာသောအရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးထိန်မင်းက ပြောသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# ဖျာပုံပေါ်ဆန်းစိုက်ပျိုးမှုကို အထောက်အကူပြုမည့် လက်ပန်ရေတံခါး

**သပြေထွန်း**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ လက်ပန်ပင်ကျွန်းပတ်တာသည် နိုင်ငံ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေးစပါး (ဖျာပုံရွှေလက်ပန်ပေါ်ဆန်းမွှေး) ကို အဓိကစိုက်ပျိုးထုတ်လုပ်ပေးနေသော ဒေသတစ်ခုဖြစ်ပြီး အရှေ့ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ အနောက်ဘက်တွင် ကြက်ဖမွေးဇောင်းကျွန်းပတ်တာ၊ တောင်ဘက်တွင် ဇင်းဘောင်ကျွန်းပတ်တာ၊ မြောက်ဘက်တွင် ဒေးဒရဲကျွန်းပတ်တာများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

လက်ပန်ပင်ကျွန်းအတွင်း နေထိုင်သူများသည် စပါးစိုက်ပျိုးရေးအပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ကြသည်။ တာတမံအလျား မိုင် ၂၀ အရှည်ရှိသော လက်ပန်ပင်ကျွန်းပတ်တာတွင် ကာကွယ်ဧရိယာ ၁၁၃၀၀ ဧကရှိရာ အဆိုပါဧရိယာအတွင်း မိုးရာသီ ရေကြီးနစ်မြုပ်ခြင်း၊ နွေရာသီ ပင်လယ်ရေငန်ဝင်ရောက်ခြင်းများမှ ကာကွယ်နိုင်စေရေးအတွက် ကွန်ဒိုင်းကြီးရေတံခါး၊ ထိတန်ရေတံခါး၊ ကမာအောင်ရေတံခါးနှင့် ဘန့်ဒွေးရေတံခါးစသော ရေတံခါးလေးခုရှိသည်။ အဆိုပါရေတံခါးများကို စပါး(၁)စီမံကိန်းက ၁၉၈၂ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပါး(၁)စီမံကိန်းအပြီးတွင် စီမံကိန်းရေတံခါးလေးခုမှ နှစ်ကာလအတန်ကြာသည့်တိုင်အောင် ရေနုတ်အားကောင်းခဲ့သော်လည်း ယခု နှစ် ၃၀ ခန့် ကြာမြင့်လာသည့်အချိန်တွင် ကျွန်းပတ်တာအပြင်ဘက်ရှိ သဘာဝချောင်းများ၊ ရေနုတ်မြောင်းများအပေါ် နုန်းပို့ချမှုသည် လေးပေမှ ငါးပေခန့်အထိ မြင့်တက်လာရာ ကျွန်းအတွင်းမှ ပိုလျှံရေများကို ရေနုတ်နိုင်မှုအားနည်းလာသဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်း၊ မိုးစပါးထိခိုက်ပျက်စီးခြင်းနှင့် အထွက်နှုန်းလျော့ကျခြင်းများ ရှိလာခဲ့သဖြင့် ယခုကဲ့သို့ သဘာဝအခြေအနေနှင့် ဒေသအခြေအနေအရ လယ်သမားများတင်ပြချက်အပေါ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ဇော်က ရှင်းလင်းပြောကြားသည်။

ယခုအခါ လက်ပန်ရေတံခါးကိုလည်း ထပ်မံတည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ လက်ပန်ရေတံခါးကို ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ၍ ၂၀၁၄ ခုနှစ် ဧပြီလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။



"ကျွန်တော်တို့ အခုဆောက်ခဲ့တဲ့ရေတံခါးက ပေ (၄×၄)၊ လေးပေါက် RCC ကွန်ကရစ်ရေတံခါး အမျိုးအစား ဖြစ်ပါတယ်။ အရှည် ၉၇ ပေ ၆ လက်မနဲ့ အမြင့် ၁၃ ပေ ၆ လက်မ ဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဖြစ်တဲ့အတွက် အောက်ခံမြေသားရဲ့ အနေအထားအရ ရေရှည်တည်တံ့ခိုင်မြဲဖို့ အတွက် RCC Bearing Pile ရိုက်ခြင်းလုပ်ငန်းနဲ့ ရေစိမ့်တားသပ်ရိုက်ခြင်း လုပ်ငန်းတွေကိုလည်း ရေရှည်ခိုင်ခန့်အောင် စနစ်တကျ ဆောင်ရွက်ပေးထားပါတယ်။ တစ်ဆက်တည်းမှာပဲ ရေတံခါးအထွက် မြောင်း ၃၅၀ ပေနဲ့ အဝင်မြောင်း ၅၀၀ ပေမြေကြီး တူးတဲ့လုပ်ငန်းများလည်း ဆောင်ရွက်ပေးထားပြီးဖြစ်ပါ တယ်။ ဒီရေတံခါး ရာခိုင်နှုန်းပြည့် ပြီးစီးသွားရင်တော့ လက်ပန်ပင်ကျွန်းအတွင်းမှာရှိတဲ့ စိုက်ဧက ၃၀၇၀ ကို ရေကြီးနစ်မြုပ်မှုနဲ့ ရေငန်ဝင်ရောက်မှုကနေ ကာကွယ်ပေးနိုင်ပြီး အောင်ရေလည်း ထိန်းပေးနိုင်မှာဖြစ်ပါတယ်"ဟု ရေတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး လုပ်ငန်းစဉ်များတွင် ကျေးလက်နေတောင်သူများ၏ စိုက်ဧကများ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ မိုးစပါး အောင်ရေရရှိရေးနှင့် နွေရာသီ ပင်လယ်ရေငန်မဝင်ရောက်စေရေးတို့သည် အရေးပါသောအချက်များဖြစ်သည်။ အဆိုပါလက်ပန်ပင်ကျွန်းပတ်တာအတွင်း လွန်ခဲ့သောနှစ်များအတွင်းက ထူးကဲဒီရေနှင့် ထူးကဲ မိုးရွာသွန်းမှုများကြောင့် ကျွန်းတွင်းရှိ ပိုလျှံရေများထုတ်နုတ်ရာတွင် လက်ရှိရေတံခါးလေးခုမှ စီးထွက်သော အပြင်ချောင်းမကြီးများ တိမ်ကောလာသဖြင့် နိုင်နိုင်နင်းနင်း အချိန်မီထုတ်မပေးနိုင်သောကြောင့် ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ဒေသခံများက လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရသို့ တင်ပြတောင်းခံခဲ့ပြီး လက်ပန်ပင်ကျွန်းပတ်တာတွင် လက်ပန်ရေတံခါး ပေ(၄×၄) လေးပေါက်ကို ဆည်မြောင်းဦးစီးဌာနက လုပ်ငန်းလိုအပ်ချက်အရ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို ကျွန်တော်တို့ခရိုင်အတွင်းမှာ ဒေသအတွက် လိုအပ်ချက်တစ်ခုဖြစ်တဲ့ လက်ပန်ရေတံခါးကို တည်ဆောက်ပေးနိုင်ခဲ့တာဟာ တောင်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာပါပဲ။ ဒီနှစ်မိုးရာသီမှာ အပြီးတည်ဆောက်နိုင်ခဲ့သလို ဒီနှစ်မိုးတွင်းကာလမှာပဲ ကျွန်းတွင်း ပိုလျှံရေတွေကို လိုသလောက်ထုတ်ပေးနိုင်ခဲ့တဲ့အတွက်လည်း အကျိုးသက်ရောက်မှုရှိတယ်လို့ ပြောနိုင်ပါတယ်။ ကျေးရွာအုပ်စုသုံးစုမှာရှိတဲ့ ဘုန်းကြီး သောင်၊ ချောင်းဝ၊ ကွန်ဒိုင်းကြီး၊ ထိတန်ချောင်း ဖျား၊ ထိတန်၊ လက်ပန်နဲ့ စပေ စတဲ့ကျေးရွာတွေအတွက် စပါးတင်မက မွေးမြူ ရေးနဲ့ ဒေသစိမ်းလန်းစိုပြည် ရေးအတွက်ပါ အထောက် အကူပြုမှာ သေချာပါတယ်"ဟု ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့် က ပြောသည်။

ယခုအခါ လက်ပန်ရေတံခါးကို တည်ဆောက်ပြီးစီးပြီဖြစ်၍ လက်ပန်ကျေးရွာအုပ်စု အပါအဝင် ဒေးဒလူ၊ လက်ပန်၊ ကျုံကဒွန်း ကျေးရွာအုပ်စုများရှိ စိုက်ဧက လယ်မြေ ၃၀၇၀ ကို ရေကြီး နစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ လက်ပန် ရေတံခါးတည်ဆောက်ပြီးစီး ပြီဖြစ်သဖြင့် လက်ပန် ပင်ကျွန်းပတ်တာတွင် နိုင်ငံ့ဂုဏ်ဆောင် ဖျာပုံ လက်ပန် ပေါ်ဆန်းမွှေးစပါးများကို ကွင်းလုံးပြည့်လျှံအောင် တိုးပြီးစိုက်ပျိုးလာနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံတောင်သူလယ်သမားများ ပြောဆိုလျက်ရှိသည်။



## ကျေးရွာအလက(ခွဲ) စာသင်ဆောင် ပြုပြင်ပြီးစီး

**တပ်ကုန်း အောက်တိုဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဒရောက်ကူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ လူထုဗဟိုပြု စီမံကိန်းထောက်ပံ့ငွေဖြင့် စာသင်ဆောင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းလတ်က မြို့နယ်ပညာရေးမှူး ဦးတင်ဆင့်အား စာသင်ဆောင်ပြုပြင်မွမ်းမံခြင်းဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက ပြုပြင်မွမ်းမံပြီးဖြစ်သည့် စာသင်ဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒရောက်ကူးကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အလျားပေ ၈၀၊ အနံ ၂၈ ပေ၊ အမြင့်၁၂ပေရှိ စာသင်ဆောင်ကို လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေကျပ် ၁၄၇ သိန်းကျော်ဖြင့် ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ လေးရာကျော် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

## ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲ ကျင်းပ

**ကန့်ဘလူ အောက်တိုဘာ ၄**

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းတစ်ခုဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးပစ္စည်းများပြခန်း ခန်းမ၌ အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်မွေး/ကုဦးစီးမှူးက ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ကျေးရွာ ၁၂ ရွာမှသင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလတစ်လကြာဖွင့်လှစ်ကာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဝါးအခြေခံ လက်မှုထည်သင်တန်း ဖွင့်လှစ်ပို့ချ

**ပေါက် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရေးအတွက် ဝါးအခြေခံလက်မှုထည်သင်တန်း (၂/၂၀၁၅)ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်တင်ဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ရွာမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းတွင် ဝါးအခြေခံလက်မှုထည်များပြုလုပ်ခြင်းကို သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့ လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေးလုပ်ငန်းများ တိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## စားသောက်ဆိုင်များတွင် ဟင်းသီးဟင်းရွက်ရေဆေးစက်များ အသုံးများလာ

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးမြို့ရှိ ထမင်းဆိုင်များ၊ စားသောက်ဆိုင်များတွင် ဆန်နှင့်ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်ရာ၌ ဟင်းသီးဟင်းရွက် ရေဆေးစက်များကို အသုံးပြုမှုများလာပြီး အထူးသဖြင့် နေ့စဉ်ဟင်းလျာအများအပြား ချက်ပြုတ်ရောင်းချသော စားသောက်ဆိုင်ကြီးများတွင် ပို၍အသုံးများလာကြောင်း သိရသည်။

"ဆန်နဲ့အသီးအရွက်တွေကို သန့်စင်စက်နဲ့ဆေးလိုက်ရင် ကျွန်တော်တို့မမြင်ဖူးတဲ့ ချွဲကျိကျိ အဖြူဖတ်တွေ ထွက်လာတယ်။ ဥပမာ ကန်စွန်းရွက်ကို မသန့်စင်ဘဲ ဒီအတိုင်းကြော်ရင် ထွက်လာတဲ့အရေက အမဲရောင်တွေ၊ စက်နဲ့သန့်စင်ပြီး ကြော်ရင်တော့ ပင်ကိုအစိမ်းရောင်အရည်တွေပဲ ထွက်လာတယ်။ ရေဆေးစက်နဲ့ အနည်းဆုံး ၁၅ မိနစ်လောက် သန့်စင်လိုက်ရင် ထွက်လာတဲ့ ချွဲကျိကျိအဖတ်တွေနဲ့ ရေပေါ်မှာ အကွက်လိုက်ဝေ့နေတဲ့ ဆီတွေက ဓာတုဗေဒဆေးဝါးတွေလို့ ထင်မြင်ယူဆရတယ်။ ဒါကြောင့် ဆန်နဲ့ ချက်ပြုတ်မယ့် ဟင်းသီးဟင်းရွက်တွေကို မဖြစ်မနေ သန့်စင်ပြီးမှ ချက်ပြုတ်တာပါ"ဟု မန္တလေးမြို့ မန္တလေးတက္ကသိုလ်အနီးရှိ မြတ်မွန်ရှမ်းထမင်းဆိုင်မှ ဆိုင်ရှင်က ပြောသည်။

**"ဆန်နဲ့အသီးအရွက်တွေကို သန့်စင်စက်နဲ့ ဆေးလိုက်ရင် ကျွန်တော်တို့ မမြင်ဖူးတဲ့ ချွဲကျိကျိအဖြူဖတ်တွေ ထွက်လာတယ်။ ဥပမာ ကန်စွန်းရွက်ကို မသန့်စင်ဘဲ ဒီအတိုင်းကြော်ရင် ထွက်လာတဲ့အရေက အမဲရောင်တွေ၊ စက်နဲ့သန့်စင်ပြီးကြော်ရင်တော့ ပင်ကိုအစိမ်းရောင်အရည်တွေပဲ ထွက်လာတယ်. . ."**

ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို စိုက်ပျိုးရာတွင် ဓာတုဆေးဝါးများဖြစ်သော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ အပင်သန်ဆေး စသည်တို့ကို စိုက်ပျိုးရေးလုပ်ငန်းများက သုံးစွဲစိုက်ပျိုးကြရာ ရောင်းချပြီးနောက် စားသုံးသူများထံ ရောက်ရှိသည့်အချိန်တွင်လည်း ဆေးဝါးများမှာ လုံးဝကင်းစင်ခြင်းမရှိသေးသဖြင့် အထူးဂရုပြု၍ ဆေးကြောသင့်ကြောင်း သိရသည်။

"စက်တန်ဖိုးက တစ်သိန်းခုနစ်သောင်းရှိတယ်။ တစ်ရက်ကို တစ်နာရီအသုံးပြုရင် ဆယ်နှစ်အသုံးပြုရမယ်လို့ ပြောတယ်။ ကျွန်တော်ကတော့ ထမင်းဆိုင်ဆိုတော့ တစ်ရက်ကို သုံးနာရီလောက် အသုံးပြုရတယ်။ သုံးနှစ်လောက်သုံးရတယ်ဆိုရင် တန်နေပါပြီ"ဟု မြတ်မွန် ရှမ်းထမင်းဆိုင်မှ ဆိုင်ရှင်က ဆက်ပြောသည်။ ဆိုင်ရှင်များအနေဖြင့် ဟင်းသီးဟင်းရွက်ရေဆေးစက်များကို အသုံးပြုခြင်းဖြင့် ပို၍ ဘေးအန္တရာယ်ကင်းမည်ဟု ထင်မြင်ကြသဖြင့် စက်များကို ပိုမို အသုံးပြုလာကြခြင်းဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## အသက်အကြီးဆုံးအဘိုးအား ငွေကျပ်ဆယ်သိန်း ဂုဏ်ပြုထောက်ပံ့

**မန္တလေး အောက်တိုဘာ ၄**

မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး အမျိုးသားဖြစ်သည့် အသက် (၁၁၈) နှစ်အရွယ်ရှိ အဘိုး ဦးအိုက်ခမ်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးဗဟိုကော်မတီမှ ဂုဏ်ပြုချီးမြှင့်သည့် ကျပ်ငွေဆယ်သိန်းအား အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အိမ်တိုင်ရာရောက် ပေးအပ်ဂုဏ်ပြုခဲ့ကြသည်။

အဆိုပါအဘိုး ဦးအိုက်ခမ်းအား မြန်မာသက္ကရာဇ် ၁၂၅၉ ခုနှစ် နယုန်လဆန်း ၅ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မွေးဖွားခဲ့ရာ ယခုအခါ အသက် ၁၁၈ နှစ်ရှိပြီဖြစ်ပြီး တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်တွင် အငယ်ဆုံးသမီးဖြစ်သူ ဒေါ်နန်းရှုန်ဝမ်းနှင့်အတူ နေထိုင်လျက်ရှိကာ သားသမီး ခြောက်ဦး၊ မြေးမြစ် ၂၀ ကျော် တို့ဖြင့် ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းလျက်ရှိပေသည်။ ဇနီးဖြစ်သူ ဒေါ်နန်းနွတ်မှာမူ ၂၀၀၂ ခုနှစ် အသက်(၇၃)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ပြီး အဘိုး ဦးအိုက်ခမ်းမှာ နားအနည်းငယ်လေးသည်မှအပ ကျန်းမာစွာရှိ ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိသက်ကြီးရွယ်အိုများအား ဂုဏ်ပြုခံသက်ကြီးဝါကြီးများ



အဖြစ် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် အလေးအမြတ်ဂုဏ်ပြုလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ အဘွားဒေါ်မြကြီး (ခ)ဒေါ်မြကြည်မှာ အသက် ၁၂၄ ရှိပြီဖြစ်ကာ မြန်မာနိုင်ငံတော်၏ အသက်အကြီးဆုံး(အမျိုးသမီး)ဖြစ်ပြီး အဘိုးဦးအိုက်ခမ်းမှာ အသက်အကြီးဆုံး(အမျိုးသား) ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးက ၂၀၁၅ခုနှစ် လွတ်လပ်ရေးနေ့ အခါသမယတွင် အဘိုး ဦးအိုက်ခမ်းအား ဂုဏ်ပြုခံသက်ကြီးဝါကြီးပုဂ္ဂိုလ်အဖြစ် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေကျပ်နှစ်သိန်းအား ချီးမြှင့်ခဲ့ကာ ယခုထပ်မံ၍ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီမှ ကျပ်ငွေဆယ်သိန်း ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။

အဆိုပါချီးမြှင့်ငွေနှင့် အာဟာရဖြည့်အစားအသောက်များအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့် သတင်းမီဒီယာများမှ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် အိမ်တိုင်ရာရောက် သွားရောက် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရပါသည်။

**မောင်ယဉ်ကျေး**

## လင်းခေးမြို့နယ်၌ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲကျင်းပ

**လင်းခေး အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃၀ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ ယာဉ်ထိန်းတပ်ဖွဲ့စု အမှတ်(၁၁၄)မှ ဒုရဲအုပ်စိုင်းနေအောင်ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများအကြောင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဖောက်ဖျက်မှုကြောင့် ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ အသစ်ပြဋ္ဌာန်းလိုက်ပြီးဖြစ်သည့် မော်တော်ယာဉ်ဥပဒေနှင့် စပ်လျဉ်းသောပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောပြီး ယာဉ်စည်းကမ်းပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ လင်းခေးမြို့နယ်အတွင်းမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းဇော်လတ်(ပြန်/ဆက်)**

# ရွှေကျွန်းဈေးအဝေးပြေးဝင်းအတွင်း ယာဉ်ပြေးဆွဲမှုစနစ်ကျရေး ဆောင်ရွက်လျက်ရှိ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၌ စက်တင်ဘာ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့သော ရွှေကျွန်းဈေး အဝေးပြေးဝင်းသစ်အတွင်း၌ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေကျွန်းဈေး အဝေးပြေးကားဝင်းအတွင်း အဝေးပြေးယာဉ်လိုင်းများအဖြစ် မော်လမြိုင်ကျွန်း-ရန်ကုန်နှင့် မော်လမြိုင်ကျွန်း-ပုသိမ်ယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိပြီး မြို့နယ်အတွင်းယာဉ်လိုင်းအနေဖြင့် မော်လမြိုင်ကျွန်း-ကျိုက်ပိ-ကျော်ဇံ မော်တော်ယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိသည်။ အဆိုပါယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ကော်မတီဝင်များက အဝေးပြေးမော်တော်ယာဉ်များ အချိန်မှန်ပြေးဆွဲခြင်း ရှိမရှိ၊ ယာဉ်များထွက်ခွာချိန်တွင် ယာဉ်ကြံ့ခိုင်မှု ရှိမရှိ စစ်ဆေးခြင်းများကို နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေကျွန်းဈေး အဝေးပြေးကားဝင်းသစ်မှ မော်လမြိုင်ကျွန်း-ရန်ကုန်ခရီးစဉ်အတွက် အောင်ချမ်းသာ၊ ရွှေကိန္နရီ၊ မိုးစတားနှင့် ဒဂုန်မော်ယာဉ်လိုင်းများက နံနက် ၅ နာရီမှ ညနေ ၄ နာရီခွဲအထိ နာရီဝက်လျှင် တစ်စီးနှုန်းဖြင့် ထွက်ခွာပြေးဆွဲပေးနေပြီး မော်လမြိုင်ကျွန်း-ပုသိမ်ခရီးစဉ်အတွက် တစ်ရက်လျှင် နှစ်စီးထွက်ခွာပြေးဆွဲပေးလျက်ရှိသည်။ မော်လမြိုင်ကျွန်း-ကျိုက်ပိ-ကျော်ဇံခရီးစဉ်အတွက် နာရီဝက်တစ်စီးနှုန်း ထွက်ခွာပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**




# မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ သင်္ဂဇာချောင်း၌ ကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက် ချမ်းသာရထုံးကုံးရပ်ရှိ သမိုင်းဝင်ဆုတောင်းပြည့်ချမ်းသာရဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ထီးတော်အသစ်တင်လှူခြင်းနှင့် ချမ်းသာရတံတားပြန်လည်ပြုပြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်က သင်္ဂဇာချောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လှေပြိုင်ပွဲဖွင့်ပွဲအဖြစ် လောင်းလှေများ၊ တစ်ယောက်စီး လောင်းလှေများနှင့် ငှက်လှေများက အလှပြလှော်ခတ်ကြပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပထမနေ့ပွဲစဉ်တွင် အပျော်တမ်းပြိုင်ပွဲ၌ အောင်ဇေယျအသင်းက ရွှေမန်းလူငယ်အသင်းကို နှစ်လားတစ်လားဖြင့်နိုင်ပြီး အလွတ်တန်းပြိုင်ပွဲတွင် စိန်တုံး(က)အသင်းက ရွှေလေး (ခ)အသင်းကို နှစ်လားတစ်လား၊ မိုးကောင်း (ခ)အသင်းက ချမ်းမြသာစည်အသင်းကို နှစ်လားပြတ်၊ ရွှေလေး(က) အသင်းက စိန်တုံး(ခ)အသင်းကို နှစ်လားပြတ်ဖြင့် အနိုင်ရရှိကြသည်။

"ချမ်းသာရတံတားပြုပြင်ခြင်း အထိမ်းအမှတ်အဖြစ် လွန်ခဲ့သောနှစ်ပေါင်း ၂၆ နှစ်က ယခုကဲ့သို့ တစ်ကြိမ်လှေပြိုင်ပွဲကျင်းပခဲ့ဖူးပါတယ်။ အခုပြိုင်ပွဲမှာ တစ်သင်းနှင့်တစ်သင်း လက်ရည်မကွာဘဲ အကြိတ်အနယ်ရှိသဖြင့် ပရိသတ်တို့ စိတ်ဝင်စားခဲ့ပြီး တစ်ခဲနက်အားပေးခဲ့ကြပါတယ်။ အပျော်တမ်းပြိုင်ပွဲမှာ (က)အုပ်စုတွင် ရွှေမန်းလူငယ်(က)၊ အောင်ဇေယျ(က)၊ ပုညဝလုန(က) အသင်း၊ (ခ)အုပ်စုတွင် ရွှေမန်းလူငယ်(ခ)၊ အောင်ဇေယျ(ခ)၊ ပုညဝလုန(ခ) အသင်းတို့ ပါဝင်ခဲ့ကြပါတယ်။ အလွတ်တန်းပြိုင်ပွဲတွင် ရွှေလေး(က)၊ ရွှေလေး(ခ)၊ စိန်ရံ(က)၊ စိန်ရံ(ခ)၊ ချမ်းအေးသာစံမိုးကောင်း(က) ကွက်သစ်(ခ)၊ ရွှေပြည့်စုံအသင်း စသည့် စုစုပေါင်းပြိုင်ပွဲဝင် ၁၂ သင်း ပါဝင်ကစားခဲ့ကြပါတယ်။ ပြိုင်ပွဲက ငါးတက်အမျိုးသားပွဲစဉ်များဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တင်မောင်(မန်းကိုယ်စား)**

# ကျေးရွာဆေးကုသဆောင် ဖွင့်လှစ်

**နတ်မောက် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကြီးကုန်းကျေးရွာ၌ ရွှေသီရိအေးမေတ္တာ ဆေးကုသဆောင်ဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။ ရန်ကုန်မြို့နေ ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)နှင့် ဒေါ်မြင့်မြင့်သန်း(အဆာဟိ)မိသားစုတို့က မတည်လှူဒါန်းသည့် မြေ ၁ ဒသမ ၁ ဧကနှင့် အလျား ၃၆ ပေ၊ အနံ ၁၈ပေရှိ အာရ်စီတစ်ထပ်ဆေးကုသဆောင် အဆောက်အအုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ ရွှေဘုံသာကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များက ဖွင့်လှစ်ပေးခဲ့သည်။

အရှင်သိရိန္ဒာဘိဝံသ(ယောဆရာ)တော်ကလည်း အဆိုပါ ရွှေသီရိအေးမေတ္တာအခမဲ့ဆေးကုသခန်းအတွက် ဆေးပဒေသာပင် အလှူတော်ငွေ ကျပ်သိန်း ၅၀ ကို မတည်လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံဆရာတော် အရှင်သိရီကဥ္စနာဘိဝံသကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

KKH TAW WIN CENTRE

## တော်ဝင်စင်တာမိုးရာသီကံစမ်းမဲအစီအစဉ်ကံထူးရှင်များစာရင်း

| စဉ် | ဝေါက်ချ်မဲနံပါတ် | စဉ် | ဝေါက်ချ်မဲနံပါတ် | စဉ် | ဝေါက်ချ်မဲနံပါတ် | စဉ် | ဝေါက်ချ်မဲနံပါတ် | စဉ် | ဝေါက်ချ်မဲနံပါတ် | စဉ် | ဝေါက်ချ်မဲနံပါတ် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၀၂၀၀၂၅ | ၁၈ | ၀၃၀၂၄၅ | ၃၅ | ၀၁၈၁၄၀ | ၅၂ | ၀၀၂၆၁၁ | ၆၉ | ၀၂၈၆၂၂ | ၈၆ | ၀၂၅၂၈၈ |
| ၂ | ၀၀၄၆၉၁ | ၁၉ | ၀၂၆၆၆၉ | ၃၆ | ၀၅၆၂၈၅ | ၅၃ | ၀၂၁၇၇၂ | ၇၀ | ၀၄၂၀၈၂ | ၈၇ | ၀၀၆၁၂၃ |
| ၃ | ၀၅၄၉၄၁ | ၂၀ | ၀၀၁၅၇၇ | ၃၇ | ၀၃၆၉၄၃ | ၅၄ | ၀၄၁၉၄၅ | ၇၁ | ၀၀၅၄၈၉ | ၈၈ | ၀၀၄၄၈၈ |
| ၄ | ၀၀၀၇၄၇ | ၂၁ | ၀၃၄၁၀၇ | ၃၈ | ၀၂၅၂၂၇ | ၅၅ | ၀၆၁၈၂၀ | ၇၂ | ၀၃၈၅၃၉ | ၈၉ | ၀၂၀၇၄၅ |
| ၅ | ၀၁၂၉၈၃ | ၂၂ | ၀၀၇၉၃၃ | ၃၉ | ၀၄၇၈၇၆ | ၅၆ | ၀၂၆၆၈၄ | ၇၃ | ၀၃၁၀၈၉ | ၉၀ | ၀၁၅၈၇၁ |
| ၆ | ၀၃၀၄၄၁ | ၂၃ | ၀၃၃၉၈၀ | ၄၀ | ၀၀၂၀၁၇ | ၅၇ | ၀၄၄၃၂၃ | ၇၄ | ၀၀၄၃၆၁ | ၉၁ | ၀၅၁၆၆၅ |
| ၇ | ၀၅၉၃၁၄ | ၂၄ | ၀၄၈၀၆၉ | ၄၁ | ၀၂၅၃၄၁ | ၅၈ | ၀၁၈၈၀၁ | ၇၅ | ၀၀၆၉၂၈ | ၉၂ | ၀၃၅၆၃၈ |
| ၈ | ၀၀၀၀၅၈ | ၂၅ | ၀၀၅၈၄၇ | ၄၂ | ၀၆၁၆၀၂ | ၅၉ | ၀၁၂၄၉၉ | ၇၆ | ၀၁၀၅၀၉ | ၉၃ | ၀၁၉၀၄၄ |
| ၉ | ၀၃၇၁၂၃ | ၂၆ | ၀၁၆၅၉၇ | ၄၃ | ၀၄၆၂၃၄ | ၆၀ | ၀၂၂၆၅၄ | ၇၇ | ၀၅၈၀၂၆ | ၉၄ | ၀၀၅၇၄၈ |
| ၁၀ | ၀၀၅၃၆၀ | ၂၇ | ၀၂၈၁၈၂ | ၄၄ | ၀၀၇၃၉၃ | ၆၁ | ၀၄၇၆၆၂ | ၇၈ | ၀၂၆၇၀၂ | ၉၅ | ၀၃၉၃၀၄ |
| ၁၁ | ၀၆၁၅၀၇ | ၂၈ | ၀၀၅၇၃၆ | ၄၅ | ၀၁၈၄၈၇ | ၆၂ | ၀၀၄၁၂၃ | ၇၉ | ၀၀၂၉၈၆ | ၉၆ | ၀၂၆၃၆၁ |
| ၁၂ | ၀၃၈၅၂၉ | ၂၉ | ၀၂၇၅၉၄ | ၄၆ | ၀၄၁၉၈၂ | ၆၃ | ၀၁၂၈၀၀ | ၈၀ | ၀၀၁၃၉၇ | ၉၇ | ၀၂၂၁၃၉ |
| ၁၃ | ၀၄၆၁၈၉ | ၃၀ | ၀၀၃၈၇၀ | ၄၇ | ၀၃၀၆၇၄ | ၆၄ | ၀၅၇၁၉၈ | ၈၁ | ၀၂၇၁၂၅ | ၉၈ | ၀၀၃၁၅၈ |
| ၁၄ | ၀၃၃၇၁၆ | ၃၁ | ၀၀၂၁၀၂ | ၄၈ | ၀၂၄၃၄၉ | ၆၅ | ၀၃၇၈၀၆ | ၈၂ | ၀၅၈၄၆၆ | ၉၉ | ၀၄၄၃၇၈ |
| ၁၅ | ၀၀၄၃၈၁ | ၃၂ | ၀၁၃၄၃၈ | ၄၉ | ၀၅၉၂၀၅ | ၆၆ | ၀၄၆၁၃၉ | ၈၃ | ၀၀၂၉၈၀ | ၁၀၀ | ၀၃၄၈၃၃ |
| ၁၆ | ၀၄၆၆၅၆ | ၃၃ | ၀၄၇၀၀၂ | ၅၀ | ၀၁၃၇၃၂ | ၆၇ | ၀၃၆၅၇၄ | ၈၄ | ၀၁၈၉၀၄ | | |
| ၁၇ | ၀၂၅၄၈၈ | ၃၄ | ၀၁၇၁၁၄ | ၅၁ | ၀၁၀၉၈၂ | ၆၈ | ၀၅၇၁၀၇ | ၈၅ | ၀၂၆၂၈၀ | | |

၅.၁၀.၂၀၁၅ မှ ၁၁.၁၀.၂၀၁၅ အထိလာရောက်မဲနှိုက်ပေးပါရန်အကြောင်းကြားအပ်ပါသည်။ ဖုန်း - ၀၁-၈၆၀၀၁၁၁ လိုင်းခွဲ - ၂၂၂၂

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

## ရန်ကုန်ဘဏ်ခွဲ(၇၆)

# ရွှေသရဖီရိပ်မွန်ဘဏ်ခွဲ

အမှတ်(၃၈)၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေသရဖီရိပ်မွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၃၀၇၂၆/ ၂၇/ ၃၂၊ ဖက်စ်(၀၁)၅၃၀၇၂၄/ ၂၅

## ရန်ကုန်ဘဏ်ခွဲ(၇၇)

# အောင်ဆန်းကွင်းဘဏ်ခွဲ

အမှတ်(၂၀/ ၂၂)၊ အလံပြဘုရားလမ်းနှင့်ဂျိုးဖြူလမ်းကြား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၂၅၅၉၈၁/ ၈၂/ ၈၃/ ၈၄၊ ဖက်စ်(၀၁) ၂၅၅၉၈၆/ ၈၇/ ၈၉

## ရန်ကုန်ဘဏ်ခွဲ(၇၈)

# မြေနီကုန်း – ဒဂုံစင်တာဘဏ်ခွဲ

အမှတ်(၂)၊ Dagon Centre (II) မြေညီထပ်၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၂၃၁၆၁/ ၆၂၊ ဖက်စ်(၀၁)၅၂၃၁၅၇

**တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

# ခရီးစဉ်အသစ် တစ်ခု

## ရန်ကုန်မြို့ ✈ ဟိုချီမင်းမြို့ (ဗီယက်နမ်)

မြန်မာကျပ်ငွေ 0 (*) ကျပ်သာ

ပရိုမိုးရှင်း ကာလ - နေ့လည် ၁၁း၃၀ မှ ၁း၃၀ အထိ

www.vietjetair.com





ပျော်ရွှင်ချစ်ကြည်စွာ ပျံသန်းကြပါစို့။





ခေတ်သစ်လေကြောင်းလိုင်း တစ်ခုဖြစ်သော Vietjet သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပါပြီ။ Vietjet မှ လုပသော ဗီယက်နမ်မြို့၏ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် ကမ္ဘာ့ အကြီးဆုံးသဘာဝလိုဏ်ဂူ ဆွန်ဒွန်းဂူ (Son Doong),ဟာလောင်းဘေး (Ha Long Bay)သို့ မဟုတ် ဒါနန် (Da Nang), နာထရမ် (Nha Trang),ဖူးကျို့ (Phu Quoc) အစရှိသော ကမ်းခြေများ၏ အလှကို ခံစားနိုင်ရန် ယဉ်ကျေးပျူငှာသော အပြုံးများနှင့် နွေးထွေးစွာ ဖိတ်ခေါ်ချင်ပါသည်။

မင်္ဂလာပါမြန်မာ။ Vietjet ၏ လေကြောင်းလိုင်းစတင်ပျံသန်းခြင်း အထိမ်းအမှတ် အဖြစ် လေယာဉ်လက်မှတ် ထောင်ပေါင်းများစွာကို မြန်မာကျပ်ငွေ ဝ ကျပ်ဖြင့် စတင်ရောင်းချသွားမည် ဖြစ်ပါသည်။ ဤအထူးလက်မှတ်များကို ၂၀၁၅၊ အောက်တိုဘာ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ၃ ရက်သာ ရောင်းချသွားမည်ဖြစ်ပြီး www.vietjetair.com တွင် ဝယ်ယူနိုင်ပါသည်။ ပျံသန်းမည့်အချိန်မှာ ၂၀၁၅၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။ ရန်ကုန် - ဟိုချီမင်း (ဗီယက်နမ်) လက်မှတ်များကို ရယူဖို့ အချိန်သင့်နေပြီ ဖြစ်ပြီး ဗီယက်နမ် ပြည်တွင်းလေကြောင်း ခရီးစဉ်များကိုလည်း ဆက်လက်ခံစားနိုင်မည်ဖြစ်ပါသည်။

သင့်စိတ်ကြိုက်ဖြစ်စေမည့် နောက်ဆုံးပေါ် စိတ်အချရဆုံးသော လေယာဉ်များနှင့် ပျံသန်းနိုင်မည်ဖြစ်ပါသည်။ ဇိမ်ကျသော သရေထိုင်ခုံ များတွင်ထိုင်ပြီး ထူးခြားသော လေယာဉ်တွင်း ဖျော်ဖြေမှုများကို ခံစားရင်း Vietjet ၏ ဖော်ရွေသော လေယာဉ်မယ်လေးများ တည်ခင်းဧည့်ခံသည့် အကောင်းဆုံးသော အစားအသောက်များကို လည်း သုံးဆောင်နိုင်ပါသည်။

Vietjet ၏ ထူးခြားသောအစီအစဉ် ကို www.vietjetair.com တွင် နေ့စဉ် နေ့လည် ၁၁း၃၀ မှ ၁း၃၀ ထိ ရယူပြီး ပျံသန်းလိုက်ပါ။

**vietjetAir.com**

## လက်မှတ်အရောင်းဌာနများ

Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"

AVIAREPS Myanmar
အခန်း ၀၃-၀၃၊ တတိယထပ်၊ လပြည့်ဝန်းပလာဇာ၊
အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၉၅-၀၁၁-၂၂၃၁၂၇
ဖက်(စ်) - ၉၅ ၁ ၃၇၁ ၃၈၃

ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB

* Terms & conditions

ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ့ ✈ ဒါနန်း ✈ စပ် ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟန္နိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ဝမ် ✈ ကိုရီးယား ✈ ရန်







**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6A-9549 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/3559 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၁၃၇၇ခုနှစ် (၂၀၁၅ခုနှစ်) တောင်ကြီးမြို့၊ တန်ဆောင်တိုင်ပွဲတော်ကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လုပ်ကိုင်လိုသူများက အိတ်ဖွင့်တင်ဒါလျှောက်လွှာများ တင်သွင်းနိုင်ကြောင်း ကြေညာလိုက်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါဖြင့် အဆိုပြုရန်လုပ်ငန်းများ

**စဉ် လုပ်ငန်းအမည်**
(၁) ကုမ္ပဏီအပါအဝင်စားသောက်ကုန်၊ အလှကုန်၊ အိမ်အသုံးအဆောင်နှင့် ယမကာဆိုင်ခန်းလုပ်ငန်း
(၂) ယာဉ်ရပ်နားစခန်းနေရာလုပ်ငန်း
(၃) ပျံကျဈေးကောက်လုပ်ငန်း
(၄) အရောင်းပြခန်းကြော်ငြာလုပ်ငန်း (LED ဘုတ်အပါအဝင်)
(၅) ချားရဟတ်နှင့် ၁၂ ပွဲဈေးဆိုင်လုပ်ငန်း
(၆) ရေချိုးခန်း၊ သန့်စင်ခန်းလုပ်ငန်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အတွင်းရေးမှူး တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး၊ ဘဏ္ဍာရေးကော်မတီ(ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး) တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာရေးကော်မတီ**
**၂၀၁၅ ခုနှစ် တန်ဆောင်တိုင်ပွဲကျင်းပရေး**
**တောင်ကြီးမြို့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အိမ်ရာစီမံကိန်းတည်ဆောက်ရေးတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရန်ကင်းအိမ်ရာစခန်းမှ တိုက်ဟောင်းခြောက်လုံးဖျက်သိမ်းထားသော စီမံကိန်းမြေ(၃.၂၆၃)ဧကတွင် Mixed Use Development အိမ်ရာစီမံကိန်း ဆောင်ရွက်ရန်အတွက် Master Plan နှင့် ဗိသုကာဒီဇိုင်းပုံစံများရွေးချယ်သတ်မှတ်ထားပြီးဖြစ်ပါ၍ အိမ်ရာစီမံကိန်းကို အကျိုးတူစနစ်ဖြင့် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ရန် စိတ်ပါဝင်စားသော တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ဒါအဆိုပြုလွှာများ တင်သွင်း၍ ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်နေ့ရက်** - ၉-၁၀-၂၀၁၅ရက် (သောကြာနေ့)
(ခ) **တင်ဒါအဆိုပြုလွှာတင်သွင်းခြင်း ကိုလက်ခံမည့်နေ့ရက်** - ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ၁၆း၀၀နာရီနောက်ဆုံးထား၍
(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းရန်နေရာ** - ရုံးအမှတ် (၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်လေလံခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သထုံဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ အောက်ဖော်ပြပါ အဆောက်အအုံအဟောင်း ခုနစ်လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | စစ်တပ်ကင်းတဲ | (၁) လုံး |
| (ခ) | ဆီပန့်ရုံ | (၁) လုံး |
| (ဂ) | ရေအေးစင်အမှတ်(၁) | (၁) လုံး |
| (ဃ) | ရေအေးစင်အမှတ် (၂) | (၁) လုံး |
| (င) | ရေပန့်ရုံ | (၁) လုံး |
| (စ) | စွန့်ပစ်ဆီကန် | (၁) ကန် |
| (ဆ) | ဆီသိုလှောင်ကန် | (၃) လုံး |

၂။ လေလံဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၅ရက်မှ ၂၃-၁၀-၂၀၁၅ရက် အထိ
(ခ) **လေလံပုံစံရောင်းချမည့်နေရာ** - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇)၊ နေပြည်တော်
(ဂ) **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** - သထုံဓာတ်အားပေးစက်ရုံ၊ သထုံမြို့
အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**စီမံခန့်ခွဲရေးဌာန**
**ရုံးအမှတ် (၂၇)**
**ဖုန်း-၀၆၇-၄၁၀၃၉၂**

---

## ဖိတ်ကြားအပ်ပါသည်

**မြန်မာနိုင်ငံပယ်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**
**ဒုတိယအကြိမ်နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးအခမ်းအနား**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၏ နှစ်စဉ်ကျင်းပပြုလုပ်သော နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဒုတိယအကြိမ်အဖြစ် ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၀ ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း ရှိ Novotal Yangon Max Hotel (Pyay Conference Room) ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် (MSF) နှင့် မြန်မာနိုင်ငံသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF)တို့၏ Collecting Bargaining Agreement (CBA) သဘောတူညီမှုစာချုန်လွှာ လက်မှတ်ရေးထိုးမည်ဖြစ်သဖြင့် အခမ်းအနားသို့ တက်ရောက်လိုသော အဖွဲ့ချုပ်ဝင်သင်္ဘောသားများသည် ဖိတ်စာများကို ၇-၁၀-၂၀၁၅ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံး အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၁၅၉၂ တို့သို့ ဆက်သွယ်၍ ဖိတ်စာများကိုအခမဲ့ ထုတ်ယူတက်ရောက်နိုင်ကြပါသည်။

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ယဉ်ကျေးမှုဝန်ကြီးဌာန**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**
**အမှတ် (၃၅)၊ နေပြည်တော်**
**ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း**

## သင်တန်းသားများခေါ်ယူခြင်း

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ပူးပေါင်း၍ ပြည်မြို့ရှိ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

(က) **သင်တန်းအမည်** - ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း
(ခ) **သင်တန်းကာလ** - (၁)နှစ်
(ဂ) **ပညာအရည်အချင်း** - ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ဃ) **သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၅ခုနှစ် နိုဝင်ဘာလပထမပတ်
(င) **ပေးအပ်မည့်ဒီပလိုမာ** - ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာ Post Graduate Diploma in Applied Archaeology (P.G.D.A.A)
(စ) **သင်တန်းတည်နေရာ** - ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၁၀-၁၀- ၂၀၁၅ရက်မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ (နေပြည်တော်) ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ (ရန်ကုန်ဌာနခွဲ) ၃၂ဒီ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)၊ ၇၈လမ်း၊ ဦးပွားလမ်းနှင့် ၄၃လမ်းကြား၊ ပယ်ပုံတော်ကျောက်စာဝင်း၊ ချမ်းမြသာစည် မြို့နယ်၊ မန္တလေးမြို့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)ရန်ကုန်မြို့၊ ညွှန်ကြားရေးမှူးရုံး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီးနှင့် ရှေးဟောင်းသုတေ သနနည်းပညာသင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးတို့၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၅-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားကြရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၃၉၊ ၄၀၈၀၄၀၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၅၉၀၂၅၂၊ ရှေးဟောင်းသုတေ သနနည်းပညာသင်တန်းကျောင်း(ပြည်) ဖုန်း-၀၉-၄၃၀၀၆၇၈၆၊ ၀၉-၄၅၂၃၃၆၄၈၄၊ ၀၅၃-၂၄၆၈၈၊ ၀၅၃-၂၈၆၁၂၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၇၆၁၅၂၊ ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၂၁၃၆၊ ၅၁၂၁၃၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၁၆၀၇ Nissan Skyline FR 32၊ S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသန်းထက်အောင် ၉/ခအဇ(နိုင်)၀၀၅၃၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/1602 MAZDA Denio DY SW Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစောကျော်ကျော်မျိုး ၇/ပခန(နိုင်)၂၂၉၂၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာအုပ်စု၊ သူဌေးတန်းရပ်ကွက်နေ [ဦးပိုက်ထွေး(ခ)ဦးသံချောင်း] -ဒေါ်လုံးတုံး ၈/ပဖန(နိုင်)၀၂၅၇၄၅တို့၏သား ကိုကြည် (ခ)မျိုးကြည် ၈/ပဖန(နိုင်) ၀၈၅၈၇၂သည် မိခင်ကြီးနှင့် ညီအစ်ကိုမောင်နှမများအား ကြိမ်ဖန်များစွာ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့်ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်လုံးတုံး**
**၈/ပဖန(နိုင်)၀၂၅၇၄၅**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကျုံရဲကျေးရွာနေ ဦးသံလုံး ၇/ဝမန(နိုင်) ၀၄၄၇၉၂-ဒေါ်အေးတင်၇/ဝမန(နိုင်)၀၄၅၀၂၆ တို့၏ အငယ်ဆုံးသား မောင်ဇော်(ခ) မောင်အောင်ဇော်လင်းသည် မိမိ၏သဘောဆန္ဒတစ်ခုတည်းဖြင့် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးသံလုံး-ဒေါ်အေးတင်**

---

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်းကြေညာခြင်း

ကျွန်မ မခင်နှင်းနွယ်(ဘ) ဦးသိန်းလွင် ၇/ပခန(နိုင်)၂၅၀၀၉၆ နှင့် ကိုကံထူး(ဘ)ဦးကျော်ဝင်း ၇/ပခန(နိုင်)၂၆၃၃၀၃ တို့သည် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ရာ ယခုအခါ စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မခင်နှင်းနွယ်**

---

## အိတ်ဖွင့်တင်ဒါ(Open Tender)လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဆောက်လုပ်ရေးဝန်ကြီးဌာန (လမ်းဦးစီးဌာန) တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၃)နှင့် အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၃)၊ (နောက်ချန်အဖွဲ့) ကျိုင်းတုံမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ထပ်မံဆောင်ရွက်မည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(မိုင် ၂၈၃/၄-၃၆၅/၄=၈၂/၀) မိုင်အပိုင်း လုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသည်။
(က) ဘိလပ်မြေ(ဆင်တံဆိပ်)
(ခ) ခွဲကျောက်ရွယ်စုံ

၂။ လျှောက်လွှာပုံစံများအား ၆-၁၀-၂၀၁၅ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၃)၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ မိုင်းပြင်းမြို့တွင် ၁၉-၁၀-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံမြို့၊ ဖုန်း(၀၈၄-၂၁၆၂၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**တင်ဒါတင်သွင်းနိုင်သည့်ရက်** - ၆-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၆-၁၀-၂၀၁၅ ရက်

**အိတ်ဖွင့်တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**မိုင်းပြင်းမြို့**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၁၀-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၁၀-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မင်းဘူး-အမ်းလမ်းအပိုင်းတွင် မင်းဘူး-အမ်းလမ်း လုပ်ငန်းအမျိုးအစားတစ်ခု (Lot တစ်ခု)ကို ဆောင်ရွက်ရန်ရှိသည့်အတွက် ဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ရန်ရှိပါသည်။

၂။ ဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေနှင့် (Open Ten der)တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့တွင် ၇-၁၀-၂၀၁၅ရက် ဗုဒ္ဓဟူးနေ့မှ ၁၃-၁၀-၂၀၁၅ ရက်အင်္ဂါနေ့အထိ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**လျှောက်လွှာရောင်းချမည့်ရက်** - ၇-၁၀-၂၀၁၅ ရက်
**လျှောက်လွှာပိတ်မည့်ရက်** - ၁၃-၁၀-၂၀၁၅ ရက်
**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)
**အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** - လမ်းအထူးအဖွဲ့(၁၁)၊ အစည်းအဝေးခန်းမ၊ မင်းဘူးမြို့

**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)**
**မင်းဘူးမြို့**
**ဖုန်း-၀၉-၆၅၆၁၁၉၄၊ ၀၉-၄၀၁၅၅၃၄၁၇**

---

## ပျောက်ဆုံးကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တလင်းကြီးအုပ်စု၊ တလင်းကြီးကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဝင်း ၉/စကတ(နိုင်)၀၅၈၃၆၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဝင်း အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(လယ်ယာမြေပုံစံ-၇)များဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၈၄)၊ ဝဲကြီးဆင်ရွာ၊ ဦးပိုင်အမှတ် ၅၁ ဃ/၆၊ ဧရိယာဧက (၁ ဒသမ ၈၈)ဧကရှိ လယ်မြေ၊ ဦးပိုင်အမှတ် ၅၇ ဈ/၂၊ ဧရိယာဧက ၃ဒသမ၆၇ဧကရှိ လယ်မြေနှင့် ကွင်း/အကွက်အမှတ်နှင့် အမည် (၅၈၄)၊ တလင်းကြီးဦးပိုင်အမှတ် (၅၇ ဈ/၁)၊ ဧရိယာဧက ၁ဒသမ၀၂ဧကရှိ လယ်မြေတို့၏ မူရင်းစာရွက် စာတမ်းများမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၃၃၂၈၀၁၈သို့ အကြောင်းကြားပေးပါရန်နှင့် သက်ဆိုင်ရာရုံးဌာနများတွင် စာရွက်စာတမ်းများ ပျောက်ဆုံး ကြောင်း လျှောက်ထားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတိုးနိုင်လင်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၈၂၅၄)**
**ပေါက်ချောင်း(၂)ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၄၄၀၃၇၆၉၃**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဒေါ်ရွှေဝါ ၆/ကသန(နိုင်)၀၁၀၅၈၅နှင့် ဒေါ်လဲ့လဲ့ဝါ ၆/ပလန(နိုင်) ၀၀၀၆၈၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်သည်မှာ-

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာအတွင်းရှိ ကွင်းအမှတ် (၂၃/oss ၊ ကံပုံလာမတောင်)ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (N/၃၈/၂)ဧရိယာ (၀.၀၆)ဧကရှိ စက်ရုံမြေကွက်၊ (N/၃၈/၂)ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ စက်ရုံမြေ ကွက်နှင့် (N/၃၈/၅)ဧရိယာ (၁ဒသမ၀၅)ဧကရှိ စက်ရုံမြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေဝါမှလည်းကောင်း၊တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရွှေ ပြည်သာရပ်ကွက်၊ ကွင်းအမှတ် (၆၅-ရွှေပြည်သာ) မြေကွက်အမှတ် (၉၁/၂)၊ မြို့တွင်းမြေ၊ ဧရိယာ(၀ဒသမ၂၅၃)ဧကရှိ မြေကွက်အား ဒေါ်လဲ့လဲ့ဝါမှလည်းကောင်း စာချုပ်စာတမ်းမှတ်ပုံ တင်ရုံးတွင် တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်၍ လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များနှင့်ပတ်သက်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများအားလုံးသည် ပျောက်ဆုံးသွားသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ သက်ဆိုင်ရာဌာနများတွင်တရားဝင်ပြန်လည်လျှောက်ထား၍ မြေငှားဂရန်များဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ယခုသတင်းစာပါရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာလာမြိုင်(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၀၉၆)**
**ထွေ/အုပ်ဝန်ထမ်းအိမ်ရာ၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့**
**ဖုန်း-၀၉-၇၃၀၆၂၁၀၅၊ ၀၉-၄၂၂၂၁၂၄၀၆**

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်ထရီဇာစော

အသက်(၆၄)နှစ်

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တောင်သူကုန်းလမ်း၊ အမှတ် ၅၆နေ (ဦးဘစော-ဒေါ်နော်အယ်သယ်)တို့၏သမီး၊ ဦးဆွေလင်းအောင်-ဒေါ်နော်အဲလစ်ဇဘတ်စောတို့၏ညီမ၊ Rev.ဦးတင်ဦး-ဒေါ်နော်စူစင်စောတို့၏အစ်မ၊ ဦးစောလားဘာ၏ချစ်လှစွာသောဇနီး၊ စောအိုင်းဇက်-ဖြာဘိုးမီး၊ စောဂျိုးဇက်-ရှသ်ခင်အောင်၊ စောမိုးဇက်တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့) ၁၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် တောင်သူကုန်း ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအေးချို

အင်ဂျင်နီယာမှူး(မြို့ပြ)

အသက်(၅၄)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးအေးချိုသည် ၄-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

အထူးကျေးဇူးတင်ရှိခြင်း

## ဦးမြသွင်

အထက(၄)အလုံ

အသက်(၅၃)နှစ်

၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ဦးမြသွင် နာရေးမကျန်းစဉ် ဆေးကုသပေးသော အထူးကုဆရာဝန်ကြီးများအားလုံး၊ ဆရာ၊ ဆရာမများအားလုံး၊ ဝန်ထမ်းများအားလုံး၊ နာမကျန်းစဉ် လာရောက်ကူညီပေးသော လင်းလက်(ပရဟိတ စေတနာ့ဝန်ထမ်းသွေးလှူအဖွဲ့နှင့် ရဟန်းသံဃာ လူပုဂ္ဂိုလ်များ၊ ဦးဝင်းနိုင်၊ ဦးမြင့်သောင်း၊ ဦးလှဝင်း၊ ဦးကြည်၊ ဦးမြင့်ဝင်း၊ ဦးမြင့်ဦး၊ ကိုခင်မောင်အေးနှင့်ဇနီး၊ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## မွေးကင်းစကလေး ကျန်းမာဖွံ့ဖြိုးရေးအတွက် နှိုးဆော်ချက်

ကလေးများသည် မွေးကင်းစကပင် အသိဉာဏ်ရှိပါသည်။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူမှကလေးအား ဂရုတစိုက်ပြုံး၍ ချော့မြူခြင်း၊ စကားပြောခြင်း၊ ချစ်ခင်ကြင်နာသည့် အပြုအမူများပြုလုပ်ပေးခြင်းနှင့် ကလေးငယ်၏ တုံ့ပြန်မှုကို ဂရုပြုရန်လိုအပ်ပါသည်။ သို့မှသာ ကာယ၊ ဉာဏဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်သော ကလေးငယ်များဖြစ်လာနိုင်ပါသည်။

မွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်း

- ကလေးကို နွေးနွေးထွေးထွေးထားပါ။
- မွေးပြီးတစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးပါ။
- ကလေးငယ်အသက် (၆) လအထိ မိခင်နို့မှအပ ရေအပါအဝင် မည်သည့် အရည်မျှ မတိုက်ကျွေးပါနှင့်။
- ကလေးချက်ကို သန့်ရှင်းစွာထားပါ။ ချက်ကြွေပြီးမှ ရေချိုးပါ။
- ကလေး၏ ချက်ထဲသို့ 7.1 % Chlorhexidine digluconate ဆေးရည်မှအပ မည်သည့်အရာမျှ မထည့်မိရန် သတိပြုပါ။

မွေးကင်းစကလေးငယ်တွင် အောက်ပါအန္တရာယ်လက္ခဏာများဖြစ်ပေါ်လာပါက ဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့ နေ့ညမဆိုင်း ချက်ချင်းပြပါ။

- အသက်ရှူခက်ခဲနေလျှင်
- အသက်ရှူစဉ် ရင်ဘတ်အောင့်ချိုင့်ဝင်လျှင်
- တက်လျှင်
- နို့လုံးဝမဆို့လျှင်
- ဖျားလျှင် (သို့) ကိုယ်အေးစက်လျှင်
- ချက်မှသွေးထွက်လျှင်

မွေးကင်းစကလေးငယ်တွင် အောက်ပါအန္တရာယ်လက္ခဏာများဖြစ်ပေါ်လာပါက ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားပြပါ။

- ကလေးအလွန်သေးငယ်လျှင်
- နို့တိုက်ရ ခက်ခဲလျှင် (သို့) နှစ်ဆယ့်လေးနာရီအတွင်း နို့စို့မှု ငါးကြိမ်အောက် နည်းလျှင်
- အရေပြားပေါ် ပြည်ဖုပေါက်လျှင်
- ချက်တိုင်ငုတ် နီမြန်းနေလျှင်(သို့)ပြည်ထွက်နေလျှင်
- မျက်စိမှပြည်ထွက်လျှင်
- အသားဝါလျှင်
- ဖြူဖျော့လျှင်

**ကျန်းမာရေးဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်လေး

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၁လမ်း၊ အမှတ် ၁၂၆/၁၂၈နေ (ဦးထွန်းကျော်)၏ဇနီး၊ ဦးမျိုးအောင်-မမော်မော်အောင်တို့၏မိခင်သည် ၂-၁၀-၂၀၁၅ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် နံနက် ၁၁း၃၀နာရီတွင် ရေဝေးကောင်းတုံတရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [Block (၅၉)၊ အမှတ် ၁၈၊ ၁၁လမ်း၊ နဝဒေးအိမ်ရာ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်တင်ထွေး (ထွေးစန္ဒာ)

ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန

ကျောက်ဆည်မြို့နယ်အသင်း

အသက်(၇၉)နှစ်

စဉ့်ကိုင်မြို့နေ ဦးဘသာ-ဒေါ်အေးကွန့်တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၃နေ ဦးအောင်သောင်း(ပါမောက္ခ၊ ငြိမ်း၊ မြန်မာစာဌာန)၏ချစ်လှစွာသောဇနီး၊ ကိုသုဝေ-မယဉ်ပပအောင်(ဓေတ္တ-စင်ကာပူ)တို့၏ချစ်လှစွာသောမိခင်သည် ၃-၁၀-၂၀၁၅ရက် ည ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်မြင့် အသက်(၅၇)နှစ်

(CDC -10320)

**Chief Officer-Uniteam Shipmanagement Pte. Ltd**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)တိုးချဲ့ရပ်ကွက်၊ ဦးကြင်ဥလမ်း၊အမှတ် ၁၃၂နေ(ဦးထွန်းလင်း)-ဒေါ်ခင်ညွန့်တို့၏သား၊ (ဦးသိန်းနိုင်မြင့်)၏ညီ၊ ဦးလွင်ငွေး-ဒေါ်ဆွေဆွေဝင်း(ရှုဝံခြံ၊ကိုးမိုင်)တို့၏မောင်၊ဦးကျော်မိုး(စက်ရုံမှူးကြီး၊ အမှတ်-၂၊သံမဏိစက်ရုံ၊မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ဖြူဖြူမြင့်တို့၏အစ်ကို၊ တူ၊တူမ ငါးယောက်၊မြေးလေးယောက်တို့၏အဘိုးလေးသည် ၃-၁၀-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးချို

အင်ဂျင်နီယာမှူး(မြို့ပြ)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၆လမ်း၊ တိုက် ၂၂/၂၃၊ အခန်း ၁နေ (ဦးခင်မောင်)-ဒေါ်မြမြတို့၏သား၊ (ဦးဝင်းကြိုင်)-ဒေါ်ခင်ညွန့်တို့၏သားသမက်၊ ဒေါ်စန်းစန်းဝင်း၏ခင်ပွန်း၊ မထက်ဝင်းမြတ်၊ မောင်နိုင်ကောင်းမြတ်တို့၏ဖခင်သည် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၄၅နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံမှ နေပြည်တော်ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ပြည့်စုံဦး(ခ)ဂူဂူး အသက်(၂၁)နှစ်

**3rd year (Zoo) ဒဂုံတက္ကသိုလ်**

**California Unitec (Foundation)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၁၅၅နေ [ဗိုလ်မှူးမောင်ကြင်(ငြိမ်း)-ဒေါ်တင်တင်မြင့်]၊ ဦးရွှေလွန်း-ဒေါ်ကြင်လှတို့၏မြေး၊ ဒုတိယဗိုလ်မှူးကြီးသိန်းထိုက်ဦး(ငြိမ်း)-ဒေါ်သန်းသန်းဝေတို့၏သား၊ ဒေါ်သန်းသန်းရွှေ(ထ/၁၊ မ/၃)-(ဦးမြင့်သိန်းဦး)၊ ဒုတိယဗိုလ်မှူးကြီးအောင်ဆွေမြင့်(ငြိမ်း)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးအောင်ထွေးမြင့် - ဒေါ်ဝင်းဝင်းသန်းတို့၏တူ၊ မောင်ဖြိုးမင်းထွန်း (Multi-Gate Shipping Line)၏ညီငယ်သည် ၃-၁၀-၂၀၁၅ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်မြင့်

(CDC -10320)

**Chief Officer-Uniteam Shipmanagement Pte.Ltd**

အသက်(၅၇)နှစ်

ဦးဝင်းထွဋ်ဦး၊ ဒေါ်ဖြူဖြူလွင်ငွေး၊ ဦးမောင်မောင်လွင်ငွေး - ဒေါ်ခင်ခက်ခက်အောင်၊ ဦးပြည့်ဖြိုးဇော်-ဒေါ်ခင်စပယ်ဖြူ၊ ဒေါက်တာရဲမြတ်ကို(ဓေတ္တ-ဩစတြေးလျ)-ဒေါက်တာနော်သစ္စာမိုးမြင့်(ဓေတ္တ-ဩစတြေးလျ)၊ မဂျူးလိမ္မာလွင်ငွေးတို့၏ဦးလေး၊မတွယ်တာဝင်းထွဋ်(DSY)၊ မောင်တေဇပြည့်ဖြိုး (MISY)၊ မောင်ထွဋ်မြတ်လွင်ငွေး၊ မောင်သီဟဇော်တို့၏ အဘိုးလေးသည် ၃-၁၀-၂၀၁၅ရက် မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြသွင်

အထက(၄)အလုံ

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ အမှတ် ၇၅၊ စီ-၂၊ ပထမထပ်၊ သမိန်ဗရမ်းလမ်းနေ (ဦးစိန်-ဒေါ်မြစိန်)တို့၏သား၊(ဦးထွန်းသိန်း) - ဒေါ်သောင်းတင်တို့၏ သားသမက်၊ ဦးဇော်ဝင်း-ဒေါ်ကြင်ဆွေ၊ ဦးကြင်ပို-ဒေါ်တင်တင်လှ၊ ဦးလှမောင်-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ခင်မမ (တက်နေလင်း ပရိဘောဂ)တို့၏မောင်၊ ဦးမျိုးမြင့်၏အစ်ကို၊ ဒေါ်သိန်းသိန်းမော်၏ချစ်လှစွာသောခင်ပွန်းသည် ၃-၁၀-၂၀၁၅ရက်နံနက် ၈း၄၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၇၅၊ စီ-၂၊ပထမထပ်၊သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘိုးအို (မြိတ်)

ရဲအုပ်(ငြိမ်း)

အသက်(၉၀)

မြိတ်မြို့၊ဘုရားကိုးဆူရပ်၊(၁)လမ်းနေ (ဦးသိန်းခြုံ - ဒေါ်ကြီးမြင့်)တို့၏သား၊(ဦးဘချစ်-ဒေါ်ဘုတ်)တို့၏သားသမက်၊ ဒေါ်ထွေးရှင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးငွေဝင်း-ဒေါ်စန်းစန်းရင်၊ ဦးငွေလင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်ညိုညိုဝင်း၊(မောင်ကိုကိုနိုင်)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စောညွန့် (ရေနံချောင်း)

အသက်(၈၅)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ကျုံးပစ်ရပ်နေ (ဦးကံပေါ်-ဒေါ်တင်ပု)တို့၏သမီး၊ ရေနံချောင်းမြို့၊ တွင်းကြီးမင်းစုနေ (ဦးခင်မောင်-ဒေါ်ခင်မလေး)တို့၏သမီးချွေးမ၊ (ဦးလှိုင်သန်း)-ဒေါ်ခင်စောအေး၊ ဦးအောင်ကျော်-ဒေါ်ခင်သော်တာအေး(စက်မှု-၁၊ငြိမ်း)၊ဦးထင်အောင်ကျော်-ဒေါ်ခင်ဆွေအေး(လ/ထညွှန်မှူး၊ စိုက်ပျိုးရေးမကွေး)၊ ဦးမောင်မောင်ကျော် - ဒေါ်ရီရီမြင့် (J.A.T)၊ ဦးသိန်းပေါ်(Sunmaritime Shipping Co., Ltd.) - ဒေါ်သန်းသန်းထွေး (S.A.T)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွား၊ (ဦးခင်မောင်အေး)၏ ချစ်လှစွာသောဇနီးသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁း၃၅နာရီတွင် အမှတ် ၆၂၁၊ အခန်း ၂၀၂၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တောင်သာမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်တင်ထွေး

စာရေးဆရာမ ထွေးစန္ဒာ

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရတနာလမ်းအမှတ် ၁၃နေ အမှုဆောင်အဖွဲ့ဝင် ဦးအောင်သောင်း (မြန်မာစာ ပါမောက္ခ၊ ငြိမ်း)၏ဇနီးသည် ၃-၁၀-၂၀၁၅ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်နန်းထု

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ Delta Plaza၊ တိုက် D 1၊ အခန်း ၅၀၃နေ [Rev. Nhkum Zau Seng (အငြိမ်းစားတိုင်းမင်းကြီး)-ဒေါ်နန်းဆိုင်(ရန်ကုန်ကချင်နှစ်ခြင်းအသင်းတော်)]တို့၏သမီး၊ (ဦးအေးသောင်း)၏ဇနီး၊ လထော်ဇော်ဂမ်အောင်(ခ)ဦးစိုးထက်-ဒေါ်ခင်စန္ဒာစိုး(Lucky Twins Fashion)တို့၏မိခင်၊ ရဲရင့်စိုးထက်(ခ) Awng Awng၊ ရဲဝင့်စိုးထက်(ခ)Mai Mai တို့၏အဘွား၊ ဦးအင်ဇော်နော် (ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်)-ဒေါ်ခေါန်ထွယ်၊ ဒေါ်အင်ဂျာဘန်(အငြိမ်းစား ပါမောက္ခ)-သင်းထောက် ဖော်ယမ်ဘရန်တောင်၊ ဒေါ်နန်ဂရောင်၊ ဦးဇော်လ-ဒေါ်မရစ်ဆိုင်းရာ(USA) တို့၏ညီမ၊ ဦးအင်န်ဇော်ခွန် [Second Mate (F.G), Hyundai Merchont Marine Company]၊ ဦးအင်န်ဇော်မင်း၊ ဒေါ်အင်န်နန်းပန်၊ ဦးဖော်ယမ်ယုဇော်-ဒေါ်လနမ့်နန်ဆိုင်(USA)တို့၏အဒေါ်သည် ၃-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၀၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အမှတ် ၄၀/ဘီ၊ ရွှေပြည်အေးလမ်း၊ ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းနှင့် နေအိမ်(Delta Plaza)တို့မှကားများ နံနက် ၇း၃၀နာရီတွင်ထွက်ခွာပါမည်။][ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ အောက်မေ့ဖွယ် ဝတ်ပြုအစီအစဉ်ပြုလုပ်မည်ဖြစ်၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း(ဖောင်ကြီး) အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဖောင်ကြီးတာဆုံနေ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ (၂၆)ရပ်ကွက်၊ အမှတ် ၄၈၂နေ ဦးငွေဦး-ဒေါ်ခင်သန်းဆွေ(ဖောင်ကြီး ဝါးခနိဆိုင်)၊ ဒေါ်နီလာဦး (နီလာဦးစတိုး၊ ဖောင်ကြီး)တို့၏ဖခင်၊ ဗိုလ်ကြီးဝေဖြိုးအောင်-မအောင်မေဦးတို့၏အဘိုးသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အမှတ် ၄၈၂၊ (၂၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးသိန်းအောင်

ဒု-ဥက္ကဋ္ဌ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လမ်း ၅၀၊ အမှတ် ၁၁၉နေ (ဦးငြိမ်း-ဒေါ်အေးမြိုင်)တို့၏သား၊ (ဦးသိန်း-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်မြမြစိန်(ခ)ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နှစ်ဦးခင်၊ ဒေါ်ယဉ်မင်းအောင်၊ ဦးအောင်ထက်-ဒေါ်နန်းဖောင်းဖူးတို့၏ချစ်လှစွာသောဖခင်၊ မနန်းသီရိထက်၏အဘိုးသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဦး

အသေးစားချေးငွေဌာနရုံးချုပ်(မစဘ)

ဒု-ကြီးကြပ်ရေးမှူး(ငြိမ်း)

**St. Augustin** ကျောင်းသူဟောင်း

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၄၃နေ (ဦးကြည်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးဘသစ်-ဒေါ်ခင်ယု)တို့၏သမီးချွေးမ၊ ဦးမျိုးသစ်၏ဇနီး၊ ဦးစံမောင်၊ ဒေါ်မြသန်း၊ (ဦးဝေမင်း)-ဒေါ်မြကြည်၊ ဦးစိန်ရင်တို့၏ညီမ၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်ခင်စိန်(အမက-၂၊ ကမာရွတ်)တို့၏အစ်မ၊ မောင်ထက်အောင်သစ်-Ma Asami Ai (ခေတ္တ-ဂျပန်)၊ မနေနွယ်ဦး၊ မောင်ဖွဲ့သစ်ဦးတို့၏မိခင်သည် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရန်ကုန်တက္ကသိုလ်မြန်မာစာမိသားစု

## ပါမောက္ခ ဒေါ်တင်ထွေး

(ထွေးစန္ဒာ)(စာပေဗိမာန်စာမူဆုရှင်)

ဌာနမှူး(ငြိမ်း)

တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၃နေ ဆရာကြီး ဦးအောင်သောင်း(ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၏ ဇနီး၊ မြန်မာစာမိသားစု၏ သက်ကြီးအပူဇော်ခံ၊မော်လမြိုင်တက္ကသိုလ်၊မြန်မာစာပါမောက္ခ(ငြိမ်း) ဆရာမကြီး ဒေါ်တင်ထွေးသည် ၃-၁၀-၂၀၁၅ရက် ည ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။မြန်မာစာမိသားစုဝင်အားလုံး လိုက်ပါပို့ဆောင်ကြပါရန်။(တောင်ငူဆောင်ရှေ့မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

မြန်မာစာမိသားစု၊ရန်ကုန်တက္ကသိုလ်

## ဦးကျော်မြင့်(ရုံးအုပ်၊ ငြိမ်း)

ဒေးဒရဲမြို့

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၃၉နေ (ဦးထွန်းမောင်-ဒေါ်ခင်)တို့၏သား၊ ဒေါ်သန်းသန်းရွှေ (ငြိမ်း၊ မြို့/အိုး)၏ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်မြိုင်၊ (ဦးကျော်သိန်း)-ဒေါ်မြင့်မြင့်သန်း၊ ဦးသက်လင်း-ဒေါ်မြင့်ရီ၊ (ဦးဇော်မြင့်)၊ (ဦးနိုင်နိုင်ဝင်း)တို့၏အစ်ကိုကြီး၊ဦးကံထွန်း(Uniteam Co.,Ltd.)-ဒေါ်သီရိလင်း၊ ဦးကျော်စိုးလွင်(B.SM SHIPMANAGEMENT) - ဒေါ်တိုးတိုးခိုင် (မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)တို့၏ ဖခင်ကြီး၊ မလဲ့ဝတ်ရည်ဖူး(3rd yr Philo)၊ မောင်ဝေမင်းပိုင် (Grade-9, E၊ အထက-၅၊ဗိုလ်တထောင်)တို့၏အဘိုး၊ တူ၊ တူမ ၁၀ယောက်တို့၏ဘကြီးသည် ၄-၁၀-၂၀၁၅ရက် နံနက် ၅း၀၇နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရန်ကုန်တက္ကသိုလ်မြန်မာစာမိသားစု

ပါမောက္ခ

## ဒေါက်တာဒေါ်ခင်စန်း

(ခင်နှစ်ခင်)

ဌာနမှူး(ငြိမ်း)၊ မြန်မာစာဌာန

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ဘုရင့်နောင်လမ်း၊ အမှတ် ၃၆၆ (ပထပ်-ဝဲ)နေ ဦးတင်မောင်ဆွေ (တရားလွှတ်တော်ရှေ့နေ)၏ ဇနီး မြန်မာစာမိသားစု သက်ကြီးအပူဇော်ခံ၊ မြန်မာစာပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ဆရာမကြီး ဒေါ်ခင်စန်းသည် ၃-၁၀-၂၀၁၅ရက် နံနက် ၉း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ မြန်မာစာမိသားစုဝင်အားလုံး လိုက်ပါပို့ဆောင်ကြပါရန်။ (တောင်ငူဆောင်ရှေ့မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

မြန်မာစာမိသားစု၊ရန်ကုန်တက္ကသိုလ်

## ဦးကျော်မြင့်(ရုံးအုပ်၊ ငြိမ်း)

ဒေးဒရဲမြို့

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၃၉နေ (ဦးထွန်းမောင်-ဒေါ်ခင်)တို့၏သား၊ ဒေါ်သန်းသန်းရွှေ (ငြိမ်း၊ မြို့/အိုး)၏ခင်ပွန်း၊ (ဒေါ်အေးကြည်)၊ (ဦးမောင်မောင်အေး)-ဒေါ်ရီတို့၏မောင်၊ ဦးကျော်မြင့်-ဒေါ်စောကြည်၊ဦးမြင့်သိန်း-ဒေါ်စောရီ၊ ဦးအေးလွင်-ဒေါ်ငွေငွေရီ၊ ဦးကံညွန့်-ဒေါ်မမြတ်မော်၊ ဦးညီညီအောင်-ဒေါ်စန်းစန်းလွင်၊ဒေါက်တာသန်းထိုက်အောင်-(ဒေါက်တာစန္ဒာအေး)၊ Mar Wai Houng -ဒေါ်ခင်မျိုးတင့်တို့၏ဦးလေး၊ မြေး ၁၃ယောက်တို့၏ အဘိုးသည် ၄-၁၀-၂၀၁၅ရက် နံနက် ၅း၀၇နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# နောက်ကျဂိုးများဖြင့် ဟောင်ကောင်ကို မြန်မာအသင်း အနိုင်ယူ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၆ အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စု (G) စတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းက ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။**


မြန်မာနှင့် ဟောင်ကောင်တို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

ယခုပွဲကို မဖြစ်မနေအနိုင်ရမည်ဆိုသည့်စိတ်ကြောင့် စိုးရိမ်စိတ်များနေသည့် မြန်မာအသင်း ဂိုးကံခေပြန်သောကြောင့် အနိုင်ရရှိရန် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။မြန်မာအသင်းမှာ အနိုင်သုံးမှတ်ရယူနိုင်ခဲ့သော်လည်း ဗီယက်နမ်အသင်းမှာ သုံးပွဲစလုံး အနိုင်ရထားသောကြောင့် တိုက်ရိုက် ခြေစစ်အောင်မြင်ရန် နောက်ဆုံးပွဲကိုလည်း မဖြစ်မနေ အနိုင်ကစားရတော့မည် ဖြစ်သည်။ မြန်မာအသင်းမှာ နောက်ဆုံးရှစ်မိနစ်အတွင်းအရေးပါသည့် ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် တီမောအသင်းနှင့် ကစားခဲ့ရသည့် ပွဲထွက်လူစာရင်းမှ အောင်မိုးသူနေရာ၌ *စာမျက်နှာ ၁၂ ကော်လံ ၄* ❖

# မြန်မာ့လက်ရွေးစင်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

သတင်း-ရဲရင့်ရှိုင်း ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများယှဉ်ပြိုင်ကစားရန်အတွက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲများအဖြစ် အောက်တိုဘာ ၈ ရက်နှင့် ၁၃ ရက်တို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ထိုင်းနိုင်ငံ၌ ကြိုတင်သွားရောက်ကာ လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ကွင်းပိတ်ခံထားရသောကြောင့် အိမ်ကွင်းပွဲစဉ်များကို ထိုင်းနိုင်ငံ၌ ကစားနေရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၈ ရက်တွင် လက်ဘနွန်အသင်း၊ အောက်တိုဘာ ၁၃ ရက်တွင်လာအိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခု *စာမျက်နှာ ၁၄ ကော်လံ ၅* ■

## ယနေ့ ဖတ်စရာ

ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှု အရှိန်မြှင့်သွားမည်ဟု ရုရှားဆို စာ » ၄

ပန်းများပွင့်လာစေမည့် ငြိမ်းချမ်းရေးမှတ်တိုင်သစ်များ စာ » ၁၀

ရေဘေးပြန်လည်ထူထောင်ရေးရန်ပုံငွေ အမေရိကန်၊ ဂျပန်အဆိုတော်များ ဖျော်ဖြေ စာ » ၁၂

အသည်းမာပြီး ဇွဲပါပါယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည့် မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲ စာ » ၁၄

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟန်းချောင်းတံတားကျိုးကျမျောပါ

**ထီးလင်း အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ကျင်းကျေးရွာအနီး ဟန်းချောင်းတံတားသည် အောက်တိုဘာ ၄ ရက် နံနက် ၆ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းသဖြင့် တောင်ကျရေများ အရှိန်ဖြင့်ကျရောက်မှုကြောင့် တံတားရေလယ်တိုင်မျောပါ၍ ကျိုးကျပျက်စီးသွားကြောင်း ကျင်းကျေးရွာ ပုံတောင်ပုံညာလူမှုကူညီရေးအဖွဲ့ဝင် ဦးဇင်မိုး၏ ပြောပြချက်အရ သိရသည်။ ဟန်းချောင်းတံတားသည် ပခုက္ကူ-ပေါက်-ကျင်း-ထီးလင်း-ဂန့်ဂေါ ကားလမ်း မိုင်တိုင်အမှတ် ၇၄/၁ အနီးတွင်တည်ရှိပြီး အလျား ၅၅ ပေ၊ အနံ ၂၄ ပေ၊ ရေပြင်အထက်အမြင့် ၁၈ ပေခန့်ရှိသော အာရ်စီကွန်ကရစ်တံတားတစ်စင်းဖြစ်သည်။

အဆိုပါတံတားသည် အင်္ဂလိပ်ခေတ်ကာလတွင် ပခုက္ကူမှ အိန္ဒိယနိုင်ငံသို့ သွားလာရန် ဖောက်လုပ်ခဲ့သော ကားလမ်း၌တည်ရှိရာ ၁၉၆၉ ခုနှစ်က ပြုပြင်တည်ဆောက်ခဲ့သော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**






mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

## ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ








**ရွေးကောက်ပွဲကျင်းပရန်**


**၃၄**

**ရက်သာလိုတော့သည်။**













**မဲဆန္ဒရှင်တိုင်း**
**မဲပေးသင့်သည်**




# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်း

**လားရှိုး အောက်တိုဘာ ၄**

ရှမ်းပြည်နယ် လားရှိုးခရိုင် လားရှိုးမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင်လားရှိုးမြို့နယ် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ လားရှိုးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က တရားမျှတသော လွတ်လပ်သော ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဆင့်ဆင့်နှင့်အတူ ဌာနဆိုင်ရာများ၊ မဲဆန္ဒရှင်ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လားရှိုးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် လားရှိုးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲရုံမှူး၊ ဒုမဲရုံမှူး သင်တန်းပေးနိုင်ရေး ကြိုတင်မဲလက်မှတ်များနှင့်ပတ်သက်ပြီး ပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် လားရှိုးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ရဲမှူးတင်ဖေဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိမှု အထူးရဲခန့်အပ်ထားရှိမှု အခြေအနေများကို တင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက ၄င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၄

**စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီဒုတိယဥက္ကဋ္ဌ ဦးစောထွန်းကြည်က ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၄ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ပြည်ထောင်စုဖွားညီနောင်တိုင်းရင်းသား ပြည်သူများခင်ဗျာ-**

**အားလုံးမင်္ဂလာပါ။**

ကျွန်တော်ကတော့ ကရင်ပြည်နယ်မှ စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (K.U.D.P) ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းကြည်ဖြစ်ပါတယ်။

စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီရဲ့ရည်ရွယ်ချက်၊ သဘောထားများ၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြသွားပါမယ်။

(၁) စည်းလုံးညီညွတ်သော ကရင်ပြည်သူများအတွင်း တရားမျှတသော၊ လွတ်လပ်သော၊ ညီညွတ်သော၊ လောကပါလတရားများ ထွန်းကားစေ၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်မည်။

(၂) ကမ္ဘာ့ငြိမ်းချမ်းရေးကိုရည်စူးပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးဆောင်ရွက်၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲရေး၊ လူ့အခွင့်အရေးများကို စောင့်ထိန်းရန် ကြိုးပမ်းမည်။

(၃) နိုင်ငံအတွင်း အတူနေတိုင်းရင်းသားလူမျိုးတို့၏ စကား၊ စာပေအနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့ကို လေးစား၍ ကရင်လူမျိုးတို့၏စကား၊ စာပေ၊ စာပေအနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၄) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာများကို အများနှင့်အတူ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရာတွင် တရားသေဝါဒ ကျင့်သုံးစွဲကိုင်ထားမှုမရှိဘဲ ကရင်လူမျိုးများအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်။

(၅) လူမျိုးရေး တန်းတူညီမျှမှုကို ရယူလျက် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကိုခိုင်မြဲစွာ မွေးမြူ၍ ထာဝစဉ်စည်းလုံးညီညွတ်သော တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးကို နိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံးနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုတဲ့ သဘောထား (၅)ရပ်ထားရှိပြီး ရည်ရွယ်ချက်ကို ဆက်လက်တင်ပြသွားပါမယ်။

ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော ကရင်မျိုးနွယ်စုအားလုံး သွေးစည်းညီညွတ်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ကြီးထွားပြီး နိုင်ငံတော် အစွန့်ရှည်တည်တံ့ရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးအပြည့်အဝတန်းတူရရှိရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ထွန်းကားရေးတို့ကို အခြေခံ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရန်။

တိုင်းရင်းသားလူမျိုးများ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်း၊ အခြားဘာသာ၊ သာသနာကိုမထိခိုက်စေဘဲ ဥပဒေနှင့်အညီ မိမိတို့၏ ရှိပြီး စကား ၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာ၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာကိုးကွယ်ပြုစုပျိုးထောင်ဆောင်ရွက်နိုင်ပိုင်ခွင့်ရှိစေရန် ရည်ရွယ်ချက်ထားရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုဖွားညီနောင်တိုင်းရင်းသားများ ခင်ဗျား-**

ဆက်လက်ပြီး စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လယ်သမားနှင့် အလုပ်သမားအရေး၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအရေး၊ ဒီမိုကရေစီနှင့် တိုင်းရင်းသားပါတီများအရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ တပ်မတော်အခန်းကဏ္ဍများကို တင်ပြသွားပါမယ်။

နိုင်ငံရေးမူဝါဒအနေနဲ့ တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှမှု အခွင့်အရေးများကိုရယူပြီး ခိုင်မာသော၊ စည်းလုံးညီညွတ်သော၊ စစ်မှန်သော ပြည်ထောင်စုစနစ်ဆီသို့ ကူးပြောင်းသွားရန်။

စီးပွားရေးမူဝါဒကတော့ စစ်မှန်သောဈေးကွက်စီးပွားရေးစနစ်ကို လက်ခံ၍ လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားခြင်းကို နိုင်ငံတော်က သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ ကာကွယ်မည်။

ပညာရေးမူဝါဒ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးစနစ်ဖြစ်ပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သော ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်ရေးတို့အတွက် ဆောင်ရွက်မည်။

လယ်သမားနှင့် အလုပ်သမားအခွင့်အရေး လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိစေရမယ်၊ လယ်လုပ်သူ လယ်ပိုင်ခွင့်ရရှိစေရမယ်ဟူသော မူဝါဒနှင့် လုံးဝခြားနားသည့်အကြောင်းမှာ လယ်လုပ်သူလယ်ပိုင်ခွင့်ကြောင့် ကြေးရတတ်များကသာ လယ်ပိုင်ရှင်ဖြစ်သွားကြပြီး လယ်ယာလုပ်သားများက မြေမဲ့ယာမဲ့ဘဝ ရောက်ခဲ့ရသည့် သာဓကများရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံအတွက်လိုအပ်သော ဈေးကွက်ဝင်သီးနှံများကို တောင်သူလယ်သမားများက ထုတ်လုပ်စေပြီး ထုတ်လုပ်ရန်လိုအပ်သော စိုက်ပျိုးစရိတ်၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်ပေးမည့် လယ်လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့်ကို ဥပဒေနှင့်အညီ ခံစားနိုင်အောင် အာမခံမည်။ တောင်သူလယ်သမားများက လူမှုစီးပွားရေးဘဝ တိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့်စနစ်၊ ခေတ်မီတိုးတက်ရေးကို အားပေးကူညီသွားမည်။

အလုပ်သမားများ၏ အလုပ်လုပ်ပိုင်ခွင့်၊ အလုပ်ခွင်တည်မြဲနိုင်ခွင့်၊ အားလပ်ချိန် ရပိုင်ခွင့်၊ မီးဖွားခွင့်၊ လျော်ကြေးရပိုင်ခွင့် စသည့်ခံစားပိုင်ခွင့်များ အလုပ်သမားများ လူမှုဖူလုံရေးစနစ် ခံစားခွင့်ရရှိအောင် ဆောင်ရွက်သွားမည်။ အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်။ အနိမ့်ဆုံးလစာသတ်မှတ်ပြဋ္ဌာန်း၍ လူနေမှုစရိတ်နှင့်သဟဇာတ သင့်တင့်မျှတစွာ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်မည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအရေး နိုင်ငံတွင်းရှိ အခြားသော ညီနောင်တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ ယဉ်ကျေးမှုအမွေအနှစ် ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာ၍ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းကူညီဆောင်ရွက်သွားမည်။ ကရင်အမျိုးသားတို့၏ ရှေးဘိုးဘွားအစဉ်အဆက်မှ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

ဒီမိုကရေစီအင်အားနှင့် ပတ်သက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်မည့် ပြည်နယ်တွင်းရှိ ဒီမိုကရေစီအင်အားစုပါတီများနှင့် အပြုသဘောထိတွေ့ဆက်ဆံပြီး မတူခြားနားသည်များကို ဘေးဖယ်၍ ဦးတည်ချက်၊ ရည်ရွယ်ချက်တူညီမှုများရှိလျှင်လက်တွဲပြီး မတူညီမှုများရှိခဲ့လျှင် ခွဲခြားလုပ်ဆောင်သွားမည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ နိုင်ငံတော်ပိုင် ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက်၊ သယံဇာတများကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်မပျက်စီးအောင် ပြည်သူများနှင့်အတူ အားသွန်ခွန်စိုက် ဆောင်ရွက်မည်။

ဆက်လက်ပြီး တပ်မတော်အခန်းကဏ္ဍနှင့်ပတ်သက်လို့ တင်ပြသွားပါမယ်။ နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပရန် ကာကွယ်ရေး၊ နိုင်ငံတော်ကို အန္တရာယ်ပြုထိပါးလာနိုင်သည့် လုပ်ရပ်မှန်သမျှကို အဓိကကဏ္ဍ ဟန့်တားစေပြီး စည်းကမ်းပြည့်ဝသော " ဒီမိုကရေစီနိုင်ငံတော်" ဆီသို့ စိတ်ရင်းစေတနာကောင်းစွာဖြင့် ကူညီဆောင်ရွက်ပေးမည်။ တစ်ခုတည်းသော တပ်မတော်ကို လက်ခံသည်လို့ မူဝါဒလမ်းစဉ် (၇) ရပ် ချမှတ်ထားကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ပြည်ထောင်စုဖွားညီနောင်တိုင်းရင်းသား ပြည်သူများခင်ဗျာ-**



မြန်မာနိုင်ငံအတွင်း ပျံ့နှံ့စွာ မှီတင်းနေထိုင်ကြတဲ့ ကရင်လူမျိုးတွေဟာ မျိုးနွယ်စု များပြားလှပါတယ်။ မျိုးနွယ်စုများပြားလှတဲ့ ကရင်လူမျိုးတွေဟာ တစ်စုနှင့်တစ်စု မတူကွဲပြား ခြားနားကြပေမယ့်လည်း လူမျိုးအပေါ်မှာ၊ ပြည်နယ်အပေါ်မှာ၊ နိုင်ငံအပေါ်မှာထားကြတဲ့ စေတနာတွေကတော့ အတူတူပဲဖြစ်ပါတယ်။

ကျွန်တော်တို့ စည်းလုံးညီညွတ်သော ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသာမက နိုင်ငံသားတိုင်းရဲ့ ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကို ကျွန်တော်တို့ပါတီအနေနဲ့ အပြည့်အဝခံယူပါတယ်။

ဒါကြောင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားများအားလုံး လိုလားတောင့်တနေသော စစ်မှန်တဲ့ ဒီမိုကရေစီနှင့် စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ကသာ ခေတ်မီဖွံ့ဖြိုးသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ပါတီအနေနဲ့ အပြည့်အဝခံယူယုံကြည်ပြီး ပါတီရဲ့ရည်မှန်းချက်အဖြစ်လည်း ခံယူပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး လိုလားတောင့်တနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိစေပြီး အေးချမ်းသာယာတဲ့ လူ့ဘောင်လူ့လောက တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီအနေနဲ့ ကျရာကဏ္ဍမှ တတ်နိုင်သမျှ အပြည့်အဝပါဝင်ဆောင်ရွက်သွားမှာ ဖြစ်တယ်။

**ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားမဲဆန္ဒရှင်များ ခင်ဗျာ-**

ကျွန်တော်တို့ စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် နိုင်ငံနဲ့ ပြည်သူများ၊ ကရင်လူမျိုးများအတွက် ကောင်းအောင်ကြိုးစားမယ့် ကရင်လူမျိုးတွေပဲ ဖြစ်ကြပါတယ်။ လွတ်လပ်ပြီးမျှတတဲ့ ၂၀၁၅ ရွေးကောက်ပွဲကြီးဖြစ်အောင် ပြည်သူတွေနဲ့အတူ ပါဝင်ပြီး ဆန္ဒကို ပယောဂမပါဘဲ ဖော်ထုတ်ကြဖို့ မိမိပေးမယ့် **" မဲတစ်ပြား"** အကျိုးများအောင် ဆောင်ရွက်ပေးနိုင်မယ့် ပုဂ္ဂိုလ်ကို အလံမကြည့် ပါတီမကြည့်ဘဲ ရွေးချယ်သွားကြဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့ စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီကတော့ နိုင်ငံနှင့်လူမျိုးအတွက် အခြေအနေနဲ့ အချိန်အခါအပေါ်မူတည်ပြီး အမြင်တူ၊ ခံစားချက်တူ၊ ခံယူချက်တူသူများနဲ့ ပူးပေါင်းညှိနှိုင်းပြီး ကရင်လူမျိုးများနှင့် တိုင်းရင်းသားပေါင်းစုံတို့၏အရေးကို မနိုင်ဝန်မထမ်းဘဲ လက်လှမ်းမီသရွေ့ ကြိုးပမ်းလုပ်ဆောင်သွားမှာဖြစ်ကြောင်း ကတိပြုတင်ပြအပ်ပါတယ်။

နိုင်ငံရေးပါတီတိုင်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် တိုးတက်အောင်၊ ပြောင်းလဲပြုပြင်နိုင်အောင် ကောင်းတဲ့မူဝါဒ လုပ်ငန်းစဉ်များ၊ ရည်ရွယ်ချက်များထားရှိပြီး ခေတ်မီတိုးတက်စည်းကမ်းရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ဖို့ အာသီသ ပြင်းထန်ကြပါတယ်။ ဒါပေမယ့် အမှန်တကယ် လက်တွေ့ကျကျ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ လူတွေဖြစ်ဖို့ အရေးကြီးပါတယ်။

လူရိုးလူဖြောင့် လူကောင်းလူတော် သစ္စာသမာဓိရှိကြဖို့တော့ လိုပါတယ်။ ပါတီကိုကြည့် လူကိုလည်းကြည့်ပြီးတော့ တိုင်းပြည်နဲ့ လူမျိုးကို အမှန်တကယ်ချစ်တဲ့လူမျိုး ပုဂ္ဂိုလ်မျိုးကိုသာ ရွေးချယ်ကြဖို့ တိုက်တွန်းလိုပါတယ်။

ဒါကြောင့် တိုင်းပြည်အကျိုး ပြည်နယ်အကျိုး ကရင်လူမျိုးအကျိုးကို အပြောနှင့်အလုပ်ညီကြသည့် ပုဂ္ဂိုလ်မျိုး အရည်အချင်းပြည့်ဝသူများကို သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်ကာ ရွေးချယ်မဲပေးကြဖို့ ပန်ကြားရင်း နိဂုံးချုပ်အပ်ပါသည်။

**အားလုံးပြည့်စုံကြပါစေ။**

## ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပ

**ကလေး အောက်တိုဘာ ၄**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အနေဖြင့် နိုင်ငံရေးပါတီများ ပါဝင်ဖွဲ့စည်းထားသည့် ၂၇ ဦးပါဝင်သော ခရိုင်ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ခရိုင်ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်က ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများ၌ အထူးသတိထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးမြင့်စိုး(ခရိုင်ဥပဒေအရာရှိ)က ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်ခုနစ်ရပ်နှင့် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုခြောက်မျိုးကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများက သိရှိလိုသည်များကို မေးမြန်းပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်မည့်အစီအမံများရှင်းလင်း

**ဟားခါး အောက်တိုဘာ ၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းပွဲကို အောက်တိုဘာ ၁ ရက်က ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ရဲမှူးကြီးမြင့်နိုင်က ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အစီအမံများကို လည်းကောင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ အရာရှိ ဦးလင်းကျော်က ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အုပ်ချုပ်ရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီးနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီဝင်များက သိရှိလိုသည်များ မေးမြန်းကြရာ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၄

**လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ဦးဘီဟောင်းဇယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၄ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘလုပ်သားပြည်သူများခင်ဗျား-**

ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာထဲ ရှုမြင်နေကြသော မဲဆန္ဒရှင် မိဘလုပ်သားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်တောင်း မေတ္တာပို့သအပ်ပါသည်။ ကျွန်တော်ကတော့ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ဦးဘီဟောင်းဇယ်ဖြစ်ပါသည်။ ယခုလို လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ကိုယ်စား ဆွေးနွေးခွင့်ရရှိသည့်အတွက် စီစဉ်ပေးသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးတင်ပါသည်။ ကျွန်တော့်အနေဖြင့် လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို မိတ်ဆက်ပေးရင်း ပါတီ၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ပါတီ၏ဝါဒသဘောထားများကို တင်ပြဆွေးနွေးသွားမည်ဖြစ်ပါသည်။ လော်ဝေါ်လူမျိုးသည် မြန်မာနိုင်ငံမြောက်ဘက် မေခမြစ် (လောင်ဖြစ်)မြစ်ဖျား၊ လော်ခိုး၊ တထုံဂျင်၊ လော်ချိန်၊ လော်ဆော၊ ဖောင်းဂျော်၊ လကင်၊ ဝဆယ်၊ ဝမြစ်၊ ဂျောမောလောက်ကွမ်ဇော်၊ ချောဝေါတောင်တန်း၊ ချာယဉ်ဘမ်တောင်တန်း၊ ဘရဲ့ရှုတ်လော့၊ ဟန်းဝေါရော့တော်ဘမ်ဒေသမှအစပြု၍ ယခုဆော့လော်မြို့နယ်၊ ချီဖွေမြို့နယ်များတွင် BC-500-300 လောက်ကတည်းက အတည်တကျတောပိုင်၊ တောင်ပိုင်များအဖြစ် နေထိုင်လာခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်လျက်ရှိပါသည်။ ၁၈၂၄ ခုနှစ် မတိုင်ခင် လော်ဝေါ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ ဇမ်ဝေါ၊ ဂျီဝေါပွဲတော်များ အလွန်ထွန်းကားလာခဲ့ပါသည်။ အင်္ဂလိပ်အစိုးရမတိုင်ခင်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး အစိုးရလက်ထက်တစ်လျှောက်လုံး ၁၉၆၃ ခုနှစ်အထိ လော်ဝေါ်လူမျိုးများမြေရှင်ပဒေသရာဇ်တောပိုင်၊ တောင်ပိုင်များအဖြစ် ပိုင်ဆိုင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးခေတ်မှ ပါတီစုံဒီမိုကရေစီခေတ်သို့ ရောက်ရှိလို့လာခဲ့ပါသည်။ လော်ဝေါ်လူမျိုး လူဦးရေစာရင်းမှာ ၂၀၀၅ ခုနှစ် ခန့်မှန်းစာရင်းအရ ကချင်ပြည်နယ်တွင် ၁၈၄၆၄၈ ဦး၊ ရှမ်းပြည်နယ် ၁၅၈၈၃၀ ဦး၊ အခြားတိုင်းနှင့် ပြည်နယ်မှာ ၁၄၇၅၉ ဦး စုစုပေါင်း ၃၅၈၂၃၇ ဦးခန့် ရှိပါသည်။ ပါတီစုံဒီမိုကရေစီခေတ်တွင် လော်ဝေါ်အမျိုးသားများသည် စိတ်ဝင်စားစွာ အမျိုးသားနိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**လေးစားအပ်ပါသော မိဘလုပ်သားပြည်သူများခင်ဗျား-**

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရည်ရွယ်ချက်မှာ-
၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထိန်းသိမ်းမည်။ ၂။ လော်ဝေါ်လူမျိုးများသည် နိုင်ငံရေးအမြင်ပွင့်လင်းလာ၍ မြန်မာနိုင်ငံတိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးစွာရင်ပေါင်တန်း နိုင်ငံတော်တာဝန်များကို ထိရောက်စွာပါဝင်ထမ်းဆောင်နိုင်ရန်။ ၃။ လော်ဝေါ်လူမျိုးများစည်းလုံးညီညွတ်မှုရရှိပြီး နိုင်ငံတော်၏ခွန်အားဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရနှင့် လော်ဝေါ်အမျိုးသားအရေးကို ပွင့်လင်းမြင်သာစွာဆွေးနွေးတိုင်ပင်နိုင်ရန်။ ၄။ အမျိုးသားစာပေ၊ ဓလေ့ထုံးတမ်းစဉ်လာနှင့် အနုပညာကဏ္ဍ ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်။ ၅။ ဒေသခံလူထုဖြစ်သော လူမျိုးဘာသာ ကျား၊ မ မရွေး၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့်ကလေးလူငယ်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းဆောင်နိုင်ဆုံး ချမှတ်ဆောင်ရွက်သွားနိုင်ရန်။ ၆။ ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်ရေး၊ ဒေသအေးချမ်းသာယာရေးနှင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

**လေးစားအပ်ပါသောမိဘလုပ်သားပြည်သူများခင်ဗျား-**

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အခြေခံမူမှာ အောက်ပါအတိုင်းဖြစ်သည်။
၁။ နိုင်ငံရေးပါတီတည်တံ့နိုင်ရေးအတွက် လော်ဝေါ်လူမျိုး Nhae (16) Nhae, Lhaovo Ethnicgroup (16) နှင့် ပြည်သူလူထု၊ ပါတီဝင်အင်အားကို အခြေခံသည်။ ၂။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဒီမိုကရေစီကျင့်စဉ်ကို အခြေခံတည်ဆောက်သွားမည်။ ၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများကိုအခြေခံ၍ ဖွဲ့စည်းတည်ထောင်မည်။ ၄။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ခေတ်နှင့်အညီပြောင်းလဲနေသော ကမ္ဘာ့အခြေအနေနှင့်ဖြစ်ရပ်မှန်ပေါ် အခြေခံ၍ တိုးတက်မှုရှိသော မူဝါဒစနစ်ကို ကျင့်သုံးသွားမည်ဖြစ်သည်။ ၅။ ရွေးကောက်ပွဲ၏ အကျိုးရလဒ်ဖြစ်သော အာဏာရပါတီနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံတော်အစိုးရနှင့် သဘောထားကြီးစွာ ရပ်တည်သွားမည်ဖြစ်သည်။ ၆။ ပါတီသည် ပါတီအရေးနှင့် နိုင်ငံတော်အရေးယှဉ်လာရင် နိုင်ငံတော်အရေးကို ဦးစားပေးရမည်။ အလားတူပါတီသည် ပါတီအရေးနှင့် လုပ်သားပြည်သူများ၏ အရေးယှဉ်လာရင် လုပ်သားပြည်သူလူထုအရေးကို ဦးစားပေး လုပ်ဆောင်ရမည်။ ထိုနည်းတူ အမျိုးသားရေးနှင့် ပါတီအရေးယှဉ်လာရင် အမျိုးသားအရေးကို ဦးစားပေးရမည်။ ပါတီအကျိုးနှင့် မိမိအကျိုးယှဉ်လာရင် ပါတီအကျိုးကို ဦးစားပေးဆောင်ရွက်ရမည်။ ၇။ ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၏ ဩဇာခံမဖြစ်ရ။ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်သည်။

**လေးစားအပ်ပါသော မိဘလုပ်သားပြည်သူများခင်ဗျား-**

ပါတီ၏ ဝါဒသဘောထားမှာ အောက်ပါအတိုင်းဖြစ်သည်-
၁။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဒေသခံလူထုဖြစ်သော လုပ်သားပြည်သူ တစ်ရပ်လုံးကို ကိုယ်စားပြုသောနိုင်ငံရေးပါတီဖြစ်သည်။ လော်ဝေါ်နိုင်ငံရေးပါတီက အနစ်နာခံ၍ ဒေသခံလူထု(လူမျိုး၊ ဘာသာ၊ ကျား၊ မ မရွေး၊ ဒေသမရွေး)အတွက် ဖွံ့ဖြိုးရေး၊ မရှိဆင်းရဲခြင်းမှ လွတ်မြောက်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေး စသည်တို့ကို အဓိကထား ဆောင်ရွက်ရန်လိုအပ်သည်။ ၂။ နိုင်ငံတော်သည် တိုင်းရင်းသားပေါင်းစုံ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်ထု၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် ဖွဲ့စည်းထားသောနိုင်ငံတော်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံရေးသည် နိုင်ငံတော်၏ အရေးဖြစ်သလို ပြည်သူလူထုတစ်ရပ်လုံး၏ အရေးဖြစ်သည်။ ၃။ နိုင်ငံရေးပါတီများသည် နိုင်ငံရေးကိုဦးဆောင်သည်။ နိုင်ငံရေးသည် Policy မူဝါဒစနစ်ပေါ်အခြေခံဖွဲ့စည်းတည်ဆောက်သည်။ နိုင်ငံရေး Policy မူဝါဒစနစ်သည် လူအများစုဖြစ်သော လုပ်သားပြည်သူတစ်ရပ်လုံး၏ ဆန္ဒကိုဖော်ထုတ်ပေးရန် ပေါ်ပေါက်လာသောမူဝါဒစနစ်ဖြစ်သည်။ ၄။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ ကိုယ်စားလှယ်များဖြစ်သည်။ ပြည်သူလူထု၏ဆန္ဒကို အပြည့်အဝ ဖော်ဆောင်ပေးရန် တာဝန်ရှိသည်။ ၅။ နိုင်ငံတော်အာဏာသည် ပြည်သူလူထု၏ လက်ထဲတွင်ရှိသည်။ နိုင်ငံတော်၏ မူလပိုင်ရှင်မှာ ပြည်သူလူထုဖြစ်သည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ နိုင်ငံတော်ကိုဖွဲ့စည်းသည်။ ၆။ ပါတီသည် အခြားသော နိုင်ငံရေးပါတီများနှင့် နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်ရာတွင် မိတ်ဖက်အဖြစ် လက်တွဲဆောင်ရွက်သွားမည်။ ၇။ ပါတီသည်လူမျိုးဘာသာ၊ ကျား၊ မ မရွေး တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်၊ ပြည်သူလူထု တစ်ရပ်လုံး၏ နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကို လူထု၏လိုအပ်ချက်အရ ဒေသအလိုက်ဆောင်ရွက်သွားမည်။ ၈။ လူမျိုးစုငယ်များ၏ အမည်နာမဖော်ထုတ်ရေးကိုဆောင်ရွက်သွားမည်။ ၉။ ပါတီသည် အမျိုးသားနိုင်ငံရေးပါတီဖြစ်သည်နှင့်အညီ Democracy လမ်းကြောင်းပေါ်သို့ ကျင့်ကြံအားထုတ်နေရင်း အမျိုးသားအရေးကို ကြိုးပမ်းဆောင်ရွက်နေမည်။ ၁၀။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော်၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ ဘဝလုံခြုံရေးတွင်ပါဝင် ဆောင်ရွက်သွားမည်။ ၁၁။ သယံဇာတတူးဖော်ရေး၊ စက်ရုံအလုပ်ရုံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင်/ ကုမ္ပဏီပိုင်၊ နိုင်ငံတော်ပိုင်စသော စီးပွားရေးကဏ္ဍ၏ ပိုင်ဆိုင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတွင် Transparency ပွင့်လင်းမြင်သာမှုရှိရေးအတွက် အထောက်အကူပြု လုပ်ဆောင်သွားပါမည်။

**နိုင်ငံခြားရေးမူဝါဒ သဘောထား**

၁။ လွတ်လပ်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးမည်။ ၂။ နိုင်ငံတကာ ဆက်ဆံရေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုထိန်းသိမ်းကာကွယ်ရန်နှင့် ငြိမ်းချမ်းစွာအတူနေထိုင်ရေး မူကြီး (၅)ချက်ကို ကျင့်သုံးသွားမည်။ ၃။ ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်များကို လေးစားလိုက်နာဆောင်ရွက်သွားမည်။

**ဘာသာရေးဆိုင်ရာ သဘောထား**

၁။ တိုင်းရင်းသားတိုင်းသည် မိမိသက်ဝင်ယုံကြည်ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိသည်။ ၂။ ဘာသာသာသနာ ဂိုဏ်းအချင်းချင်း ထိခိုက်နစ်နာမှု မရှိစေဘဲ အခြေခံဥပဒနှင့်အညီ လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်ရှိအောင် ဖော်ဆောင်သွားမည်။ ၃။ နိုင်ငံတော်အတွင်းရှိ ဘာသာသာသနာဂိုဏ်းဂဏ အချင်းချင်း မေတ္တာရှေ့ထား၍ နားလည်မှု၊ သင့်မြတ်မှုအစဉ်ရှိနေရန် ဖော်ဆောင်သွားမည်။

**လေးစားအပ်ပါသော မိဘလုပ်သားပြည်သူများခင်ဗျား-**

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ကို တင်ပြသွားမည်ဖြစ်ဖြစ်သည်။

**နိုင်ငံရေးလုပ်ငန်းစဉ်-**

၁။ ပါတီစုံဒီမိုကရေစီထွန်းကားရေးမူဝါဒစနစ်ကို ချမှတ်၍ ပွင့်လင်းမြင်သာမှုရှိစွာ အစဉ်စောင့်ထိန်းကျင့်သုံးဆောင်ရွက်သွားရန်။ ၂။ နိုင်ငံတော်အတွင်း၌ သူတစ်ပါးအား ထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်စေဘဲ လွတ်လပ်စွာ ပြုမူဆောင်ရွက်လုပ်ကိုင်နေထိုင်ခြင်း၊ ဖွင့်ဟဖော်ထုတ်ပြောဆိုရေးသားခြင်း၊ ကြံဆတွေးတောခြင်း၊ သက်ဝင်ကိုးကွယ်ခြင်း၊ လွတ်လပ်စွာ တီထွင်ဖန်တီးခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ရင်း၊ လော်ဝေါ်တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုရရှိပြီး ဒေသခံလူထုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သွားရန်။

**စီးပွားရေးလုပ်ငန်းစဉ်များ-**

၁။ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန်။ ၂။ ဈေးကွက်စီးပွားရေးစနစ်တွင် တိုင်းရင်းသား၊ နိုင်ငံသား၊ လုပ်ငန်းရှင်များအား အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရန်။ ၃။ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်။ ၄။ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ကူညီဆောင်ရွက်သွားရန်။ ၅။ စိုက်ပျိုးရေးကိုအခြေခံ၍ လိုအပ်သော စက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်။ ၆။ ကျေးလက်ဒေသရှိ ဆင်းရဲမွဲတေမှုပြဿနာကို ပပျောက်အောင် လုပ်ဆောင်သွားရန်။

**ပညာရေးလုပ်ငန်းစဉ်များ-**

၁။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အစဉ်တွန်းအားပေးဆောင်ရွက်သွားရန်။ ၂။ နိုင်ငံတကာပညာရေးစနစ်နှင့် စံနှုန်းမီအောင် အားပေးဆောင်ရွက်သွားရန်။ ၃။ ပညာရည်ထူးချွန်သူများအား ဆုံးခန်းတိုင်အောင် ပညာသင်ကြားဆည်းပူးနိုင်ရေးအတွက် ကူညီပံ့ပိုးပေးရန်။ ၄။ မသင်မနေရအခမဲ့ ပညာရေးစနစ်ကို နိုင်ငံတကာပညာရေးအဆင့် ဖော်ဆောင်ပေးသွားရန်။ ၅။ ဒေသခံတိုင်းရင်းသားများ၏ စာပေပညာသင်ကြားရေးကို အစိုးရစာသင်ကျောင်းများ၌ မသင်မနေရစနစ်ဖြင့် ချမှတ်ဆောင်ရွက်သွားရန်။

**ကျန်းမာရေးလုပ်ငန်းစဉ်များ-**

၁။ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆေးရုံကြီးမှ ကျေးလက်ဒေသရှိ ဆေးပေးခန်းများတိုင်အောင် အခမဲ့ဆေးဝါးကုသခြင်းများ အပြည့်အဝခံစားနိုင်ရေးအတွက် ဆောင်ရွက်သွားရန်။ ၂။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ခေတ်မီနည်းပညာ၊ စက်ပစ္စည်းများ၊ ဆေးဝါးများနှင့် ကုသမှုပေးနိုင်ရန် ဆောင်ရွက်သွားမည်။ ၃။ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ တိုင်းရင်းဆေးပညာကဏ္ဍကို အဆင့်အတန်းမြင့်မားစွာ ပေါ်ထွက်လာအောင် ဆောင်ရွက်သွားရန်။ ၄။ မြို့ပြနှင့် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်မရှိရလေအောင် ဆောင်ရွက်သွားရန်။

**လူမှုရေး ယဉ်ကျေးမှုလုပ်ငန်းစဉ်များ-**

၁။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုစာပေ၊ အနုပညာတေးဂီတ တူရိယာများကိုဖော်ထုတ်မြှင့်တင်သွားရန်။ ၂။ တိုင်းရင်းသားတို့၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဥပဒေနှင့်အညီ လွတ်လပ်စွာ တောင်းဆိုခြင်း၊ ရွေးချယ်ပိုင်ခွင့်ရှိခြင်း၊ ယုံကြည်ကိုးကွယ်ခွင့်ရှိခြင်းများအတွက် အစဉ်ဆောင်ရွက်သွားမည်။ ၃။ တိုင်းရင်းသားများ၏ လူမှုကိစ္စအဝဝကို နိုင်ငံတော်၏အရေးကိစ္စကဲ့သို့ အလေးထား ဆောင်ရွက်သွားရန်။

**အမျိုးသားရေးလုပ်ငန်း-**

၁။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အမျိုးသားနိုင်ငံရေးပါတီဖြစ်သည်နှင့်အညီ တိုင်းရင်းသားမျိုးနွယ်စုများ၏ မူလအခွင့်အရေးများဖြစ်သော ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ ကြံစည်ဖန်တီးခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်ခွင့်များရရှိအောင် ဆောင်ရွက်သွားရန်။ ၂။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် ပါဝင်ဆောင်ရွက်ရန်။ ၃။ ဌာနီတိုင်းရင်းသားများ၏ နယ်မြေလုံခြုံရေး၊ ဘဝလုံခြုံရေး၊ သဘာဝသယံဇာတပစ္စည်း ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်သွားရန်။ ၄။ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားချမ်းသာရေး၊ ရိုးရာယဉ်ကျေးမှုအနုပညာထွန်းကားရေး၊ စာပေမြင့်မားရေး၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်လုပ်ဆောင်သွားရန်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘလုပ်သားပြည်သူအပေါင်းတို့နှင့်တကွ လော်ဝေါ်မျိုးနွယ်စုများခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် ဆွေးနွေးလိုသည်မှာ- လော်ဝေါ်လူမျိုး၏ အထိမ်းအမှတ်တံဆိပ်အကြောင်း မိတ်ဆက်ပေးလိုပါသည်။ တံဆိပ်-ကြက်ဖနှင့် အလံက ဓားလွယ်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ- ကြက်ဖသည် လူသားအပေါင်းတို့ကို အချိန်နာရီပေးပါသည်။ မိုးလင်း ၊ မိုးချုပ်၊ နေဝင်နေထွက် ၂၄ နာရီအချိန်ကို ကြက်တွန်သံဖြင့် အချက်ပေးနေပါသည်။ တစ်ဆက်တည်းမှာပဲ ကြက်အမျိုးသည် မိခင်ကြက်ဥထဲမှ ဖောက်ထွက်၍ လောကထဲသို့ရောက်ရှိလာပြီး မိခင်နို့တိုက်ကျွေးခြင်းမရှိဘဲ ကိုယ့်ဘာသာ ရှာဖွေစားသောက်ကာ အသက်ရှင်သောသတ္တဝါဖြစ်ပါသည်။ ဓားသည် လူသားများအတွက် ဘဝအသက်ရှင် လုပ်ကိုင်စားသောက်ရာတွင် မရှိမဖြစ်လိုအပ်သော အသက်မွေးဝမ်းကျောင်း လက်နက်ကိရိယာဖြစ်ပါသည်။ ဓားလွယ်သည် ရိုးရာယဉ်ကျေးမှုအရ အမြတ်တနိုးထားရှိသော ရိုးရာသုံးပစ္စည်းဖြစ်ပါသည်။ လော်ဝေါ်လူမျိုး၏ ရိုးသားမှုကိုဖော်ပြသော၊ ဘဝနေထိုင်ဆင်းသက် လာပုံကို ကြက်၊ ကြက်ဖနှင့် ဓား၊ ဓားလွယ်အထိမ်းအမှတ် တံဆိပ်၊ အလံဖြင့် အဓိပ္ပာယ်ဖော်ဆောင်ထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

လော်ဝေါ်လူမျိုးသည် မြန်မာနိုင်ငံခေတ်အဆက်ဆက်တွင် ကျော်ဖြတ်လာခဲ့ရာ မြန်မာနိုင်ငံရေးတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီခေတ်မှ ယနေ့တိုင်အောင် နိုင်ငံရေးပါတီများတွင်ပါဝင်ဆောင်ရွက်လာခဲ့ကြပါသည်။သို့သော် မိမိတို့ လော်ဝေါ်အမျိုးသားနိုင်ငံရေးပါတီအဖြစ် တည်ထောင်လာခဲ့ခြင်းမရှိခဲ့ပါ။ ယခု ၂၀၁၅ ခုနှစ်မှစ၍ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပထမဦးဆုံးဖွဲ့စည်းတည်ထောင်နိုင်သော နိုင်ငံရေးပါတီဖြစ်ပါသည်။ အခုလို နိုင်ငံရေးပါတီတည်ထောင်ခွင့် ရရှိသည့်အတွက်ကြောင့် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်မိဘလုပ်သားပြည်သူလူထုအပေါင်းတို့သည် အသည်းနှလုံးကြားထဲက မဲတစ်ပြားကို နိုင်ငံတော်အတွက် ဆန္ဒမဲပေးကြမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်လာအောင်၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရာတွင် လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီလည်း ပါဝင်ပါကြောင်း ဆွေးနွေးလိုပါသည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် မဲဆန္ဒရှင်ပြည်သူလူထု၏ အဆုံးအဖြတ်သည် အရေးကြီးပါသည်။ မဲဆန္ဒရှင်မိဘလုပ်သားပြည်သူများက ပါတီကိုရွေးချယ်တတ်ရန်၊ လူပုဂ္ဂိုလ်ကို ရွေးချယ်တတ်ရန် လိုအပ်လာပြီဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည် နိုင်ငံတော်ကို ပို၍ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရန် ပါတီ၏ရည်ရွယ်ချက်၊ မူဝါဒသဘောထားများကို ပါတီတိုင်းကိုယ်စီချမှတ်ကာ ရွေးကောက်ပွဲအတွက် တာစူနေကြပြီးဖြစ်ပါသည်။ ထိုသို့ ပါတီစုံဒီမိုကရေစနစ်၏ အကောင်းဘက်ကို အားပြိုင်လွန်ဆွဲခြင်း အကျိုးရလဒ်သည် နိုင်ငံတော်၏ အနာဂတ်ကို ဖော်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာစေရန် လိုအပ်ပါကြောင်း ဆန္ဒပြုဆွေးနွေးတင်ပြအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမိဘလုပ်သားပြည်သူအပေါင်းတို့ခင်ဗျား-**

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရည်ရွယ်ချက်၊ မူဝါဒသဘောထား၊ လုပ်ငန်းစဉ်များကို အတိုချုပ် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ရှုစားနားထောင် အားပေးကြသော မိဘလုပ်သားပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းရရှိပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။ ။

**(လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ဆန္ဒမဲပေးကြပါစို့)**

# ခေတ်သစ်ပြည်ထောင်စုပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၄

**ခေတ်သစ်ပြည်ထောင်စုပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၄ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်လူထုကြီးခင်ဗျား-**

ကျွန်တော်ကတော့ ခေတ်သစ်ပြည်ထောင်စု ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီသည် ဖက်ဒရယ်ဒီမိုကရေစီ မဟာမိတ် ၁၄ ပါတီ၏ ပါတီတစ်ပါတီဖြစ်ပါတယ်။ မိဘပြည်သူများ အားလုံးရင်ထဲမှာရှိနေတဲ့ ကိန်းအောင်းနေတဲ့ ဒီမိုကရေစီရေးပြင်းပြ ဆန္ဒပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျား-**

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေ မတင်ပြမီ အရေးကြီးတဲ့ အကြောင်းနှစ်ချက် တင်ပြပါမယ်။

**ပထမအချက်**

လာမည့် ၈-၁၁-၂၀၁၅ နေ့ ကျင်းပမယ့် ရွေးကောက်ပွဲကြီးဟာ ၁၉၄၈ မှ ၁၉၆၂ အတွင်း ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမျိုးတွေနဲ့လည်း မတူပါဘူး။ ၁၉၆၂ ခု၊ ၈၈ ခုအတွင်း ရွေးကောက်ပွဲမျိုးတွေလည်း မဟုတ်ပါဘူး။ ယခု ရွေးကောက်ပွဲဟာ ပါတီစုံစနစ်သို့ အမှန်အကန် ကူးပြောင်းရောက်ရှိရေး၊ စနစ်ပြောင်း၊ ခေတ်ပြောင်း ရွေးကောက်ပွဲကြီးဖြစ်ဖို့ ထူးခြားအရေးပါလှတဲ့ ရွေးကောက်ပွဲကြီးပဲလို့ ဆိုပါရစေ။ ယခု ရွေးကောက်ပွဲသည် လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော ပြည်သူ့ဆန္ဒပြပွဲကြီး ဖြစ်ပါသည်။

၁၉၆၂ ခုနှစ် ဒီမိုကရေစီစနစ် ပျက်သုဉ်းသွားပြီး ၂၀၀၈ ခုနှစ် ဒီမိုကရေစီစနစ် ပြန်လည်အစပျိုးခဲ့တဲ့အချိန်၊ ၂၀၁၀ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပခဲ့တဲ့အချိန်အထိ ဖြတ်သန်းလာခဲ့ရတဲ့အချိန်မှာ ပြည်သူလူထုတစ်ရပ်လုံး ရင်နင့်အောင် မည်သို့ခံစားခဲ့ရတယ်ဆိုတာ မြန်မာနိုင်ငံသားအားလုံး သိရှိခံစားရတဲ့ဘဝက လွတ်မြောက်အောင် လုပ်ဆောင်မယ့် အချိန်၊ ကြိုးစားရမယ့်အချိန် ယနေ့ရောက်ရှိလာပါပြီ။ ရင်နင့်အောင် ခံစားခဲ့ရလို့ ဖြစ်ချင်တဲ့ ဆန္ဒနိုင်ငံသားအားလုံးရဲ့ ရင်ထဲမှာ ကိန်းအောင်းနေပါတယ်။ အဲဒီ hidden desire ဆိုတဲ့ ရင်ထဲက ဆန္ဒကြီးကို ထုတ်ဖော်ပြသကြဖို့ အချိန် Turning Point တစ်ဆစ်ချိုး အကွေ့ရောက်နေပါပြီ။

တပ်မတော်အပိုင်းကို ပြောချင်ပါတယ်။ လူမှုရေး၊ ဘာသာရေး၊ သာသနာရေး၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကိုဆောင်ရွက်ကြတဲ့ အသက်စွန့်ပြီးတော့ နိုင်ငံအတွက် အလုပ်လုပ်ကြတဲ့ စစ်ခေါင်းဆောင်တွေ၊ တပ်မတော်သားတွေ အသက်စွန့်ပြီး ရှေ့တန်းတိုက်ပွဲ ဆင်နွဲနေကြတဲ့ တပ်မတော်သားတွေ၊ တပ်မတော်ခေါင်းဆောင်တွေ၊ သူတို့က ဟိုမှာတိုက်ပွဲဆင်နွဲနေတုန်း ဒီက တစ်ခါတစ်ခါ ဘာဖြစ်သွားမှန်းကို မသိဘူး။ စွန့်လွှတ်လိုက်ရတာတွေ ပြန်လာတော့ မရှိတော့ဘူး။ အဲဒါမျိုးတွေ အများကြီးပါ။ သူတို့ကိုယ်တိုင်လည်း အသက်စွန့်သွားလို့ ဒီက မုဆိုးမဖြစ်သွားပြီး ကျန်ရစ်တာတွေ၊ ခြေထောက်တွေဖြတ်၊ လက်တွေပြတ်၊ မျက်လုံးတွေကန်း နိုင်ငံအတွက် စွန့်လိုက်ရတာတွေ အားလုံးမြင်ကြသိကြပါတယ်။

ပြည်ထောင်စုကြီးကို ကာကွယ်နိုင်ရေးအတွက် ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ ကမ္ဘာ့အဆင့်အတန်းမီ တပ်မတော်၊ မြန်မာတပ်မတော်တစ်ခု မရှိမဖြစ်လိုအပ်တယ်လို့ ခေတ်သစ်ပြည်ထောင်စုပါတီမှ ခံယူပါတယ်။

**(An Army with profe standards)**

ယနေ့တပ်မတော်သည် မိဘပြည်သူများ၏ ရင်နှစ်သည်းချာသားသမီးများနှင့် ဖွဲ့စည်းထားတဲ့ တပ်မတော် (An Army with national pride) အမျိုးဂုဏ်ကို ချစ်မြတ်နိုးတဲ့ဂုဏ်၊ မာန်မာနရှိတဲ့ တပ်မတော် မြန်မာနိုင်ငံသားအားလုံးထဲက မြန်မာနိုင်ငံသားများ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သောနိုင်ငံဖြစ်ရေး၊ ဒီမိုကရေစီမြန်မာနိုင်ငံတော်ဖြစ်ရေး၊ ဒီမိုကရေစီစနစ်ဆီသို့ ချီတက်ကြရာမှာ ပြည်သူလူထု နိုင်ငံသားအားလုံးနှင့်အတူ ညီညီညွတ်ညွတ်အတူ ချီတက်ပြီး မြန်မာနိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သော၊ (Peace,Security and Unity)မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ကြဖို့ရာမှာ မြန်မာတပ်မတော်ကျန်နေလို့မဖြစ်၊ ချန်ထားလို့မရ မိဘပြည်သူနဲ့ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ လက်ရေတစ်ပြင်တည်း လက်တွဲလုပ်ဆောင်ကြဖို့လိုပါတယ်။

ခရိုနီလို့ အမည်တပ်ခံရသူများအနေဖြင့် ကိုယ်ကဘီလျံ (Billion)၊ မီလျံ (Million) လောက်ချမ်းသာနေမယ်၊ ကျောင်းမနေနိုင်တဲ့ ကလေးတွေ၊ ဆေးမကုနိုင်တဲ့ ပုဂ္ဂိုလ်တွေကို ဆေးလေး၊ ပညာရေးလေးတွေဝေပေးပါ။ (Share our posilion with the poor people poverty) နိုင်ငံသားတွေ အများကြီး poor ဖြစ်နေကြတယ်။ Poverty ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေများနေကြပါတယ်။ The possersor တွေဝေနိုင်မှ Tension တွေ လျော့လာမယ်။ fighting, confiction တွေ လျော့သွားမယ်။နာနာ လုပ်ပေးနိုင်ရင် အရာရာကို အောင်မြင်ပါတယ်။ Learning the beauty of giving ပေးကမ်းစွန့်ကြခြင်းနဲ့ပတ်သက်တဲ့ အလှအပတွေကို သင်ယူလေ့လာကြပါ။ လက်တွေ့ဆောင်ရွက်ကြပါ။ We Should pity on millions of people who are living under poverty line ဆင်းရဲမွဲတေနေကြတဲ့ နိုင်ငံသားတွေ လူတွေကို များများကြည့်ပြီးတော့ မီလျံနာတွေ၊ ဘီလျံနာတွေက ဝေငှနိုင်တဲ့ စိတ်ဓာတ်တွေ မွေးကြပါ။ And Suffering from diseases and ignorance ရလာတဲ့ mental disease ရောဂါအမျိုးမျိုးကြောင့် ရလာတဲ့ Physical disease အဲဒီ Disease နှစ်ပါးကို ခံနေရတဲ့ ပုဂ္ဂိုလ်တွေကို ကြည့်ပြီးသနားပြီး မေတ္တာထားပြီး များများကြီး ဝေတဲ့အလုပ် လက်တွေ့လုပ်ကြပါ။ ချစ်သော မျက်လုံးနဲ့ကြည့်ပြီးတော့ မေတ္တာရှေ့ထားလုပ်ကြပါလို့ တိုက်တွန်းပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ မူလတည်ထောင်စဉ်က ပါတီဖွဲ့စည်းရေးဆိုတာထက်၊ အမျိုးသားရေးအသွင်ဆောင်တဲ့ အဖွဲ့အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို အစွမ်းရှိသမျှ ဖြေရှင်းပေးခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာ ပြောင်းလဲသွားနိုင်ရေးအတွက် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲသာလျှင် တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ယုံကြည်သည့်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီက မဲပေးတာ အခြေခံဥပဒေရှိရုံနဲ့ မလုံလောက်ပါဘူး၊ လူတစ်ယောက်ရဲ့ အခြေခံအခွင့်အရေးတို့ကို အကာအကွယ်ပေးဖို့လိုပါတယ်။ ပုဂ္ဂလိက လွတ်လပ်ခွင့်မရှိသရွေ့ ဒီမိုကရေစီရှိတယ်လို့ မမြင်ပါဘူး။ ဒီမိုကရေစီတိုးတက်ဖို့ လူမှုအဖွဲ့အစည်းအမြင် ပြောင်းဖို့လိုပါတယ်။

လူထုကို အာဏာကို ဘယ်လိုပေးမလဲ၊ အစိုးရနဲ့ ဘယ်လိုဆက်ဆံမလဲ၊ မြန်မာ့ ဒီမိုကရေစီ ပြောင်းလဲရေးအတွက် မူဝါဒပြောင်းလဲမှုနဲ့ လူမှုအဖွဲ့အစည်းအမြင် ပြောင်းလဲခြင်းပါ။ မူဝါဒက လက်ရှိစပြီးပြောင်းလဲလာပြီ၊ အဲဒါကို ကြိုဆိုပါတယ်။ လူမှုအဖွဲ့အစည်းပြောင်းလဲဖို့ ဆက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းလို စစ်ရေးနဲ့နိုင်ငံရေးတွဲပြီး ကျင့်ဝတ်ပိုင်းအားကောင်းတဲ့ လူထုခေါင်းဆောင်နိုင်ငံရေးသမားမျိုး မြန်မာနိုင်ငံမှာလိုအပ်နေပါတယ်။

နိုင်ငံသားတိုင်းရဲ့အတွင်းနှလုံးသားမှာ ပြင်းပြတဲ့ဆန္ဒ (hidden desire)ရှိပါတယ်။ အဲဒီဆန္ဒကိုယနေ့ရဲရဲဝံ့ဝံ့ထုတ်ဖော်ကြပါ။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျား-**

မဲဆန္ဒရှင်လူထုကြီးကို အပိုင်း(၅) ပိုင်းခွဲပြီး ရှင်းလင်းတင်ဆက်ပါမယ်။

၁။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပေါ်ပေါက်လာပုံ၊

၂။ ကျွန်တော်တို့ ပါတီကိုင်စွဲထားတဲ့ ယုံကြည်ခံယူချက်၊ လမ်းစဉ်နဲ့ လုပ်ငန်းစဉ်၊

၃။ ကျွန်တော်တို့ ပါတီရဲ့ ရွေးကောက်ပွဲအပေါ် သဘောထားနှင့် ရွေးကောက်ပွဲတွင် ပါဝင်မှု၊

၄။ မဲဆန္ဒရှင် လူထုကြီးရဲ့ပိုင်ခွင့်၊

၅။ ခေတ်သစ်ပြည်ထောင်စုပါတီ ကိုယ်စားလှယ်လောင်းများအတွက် မေတ္တာမဲ ပန်ကြားတောင်းခံခြင်းတို့ဖြစ်ပါတယ်။

ခေတ်သစ်ပြည်ထောင်စုပါတီ ယခင်ရှိခဲ့တဲ့ ပြည်ထောင်စုပါတီ(ပ. ထ. စ)အဖွဲ့ကြီးရဲ့သဘောထားခံယူချက်များဆက်လက်၍ ခေတ်နှင့်အညီဆောင်ရွက်သွားရန် ဖွဲ့စည်းလိုက်တဲ့ပါတီဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ခေတ်သစ်ပြည်ထောင်စုပါတီခံယူထားတဲ့ဝါဒက မေတ္တာဝါဒဖြစ်ပါတယ်။

ကမ္ဘာလူသားတို့အကြိုက်တူဝါဒတစ်ခုကို စတင်တည်ထောင်ခဲ့ကြရာမှာ ကိုယ်ချင်းစာမေတ္တာဝါဒ၊ ကမ္ဘာဦးဝါဒ၊ ကမ္ဘာသစ် တည်ထောင်သောဝါဒဖြစ်ပါတယ်။ မေတ္တာဝါဒကိုစွဲကိုင်ပြီးကျင့်သုံးကြမယ်ဆိုရင် အရာရာအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား-**

ကျွန်တော်တို့ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအတိုင်းချမှတ်ထားပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ပြဿနာတွေကိုအစွမ်းရှိသမျှ ဖြေရှင်းပေးရန်၊ ဒီနေ့ ကျွန်တော်တို့ပြည်ထောင်စုမှာ မဖြေရှင်းရင် မဖြစ်တဲ့ပြဿနာဟာ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာပါ။ ငြိမ်းချမ်းရေးရှိမှသာ ဒီမိုကရေစီအဓိပ္ပာယ်ပြည့်စုံပြီး ဝပြောသာယာတဲ့ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မှာပါ။ ဒါကြောင့်ပြည်တွင်းလက်နက်ကိုင်အဖွဲ့မှာပါဝင်နေတဲ့ အင်အားစုများအားလုံး ကြိုတင်စည်းကမ်းချက်များ မထားဘဲ တွေ့ဆုံဆွေးနွေးပြီးငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြမှသာရေရှည်တည်တံ့ကျယ်ပြန့်ခိုင်မာတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ခေတ်သစ်ပြည်ထောင်စု ပါတီကမမိုတ်မသုန်ယုံကြည်ပါတယ်။ ယနေ့ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှတစ်ဆင့် ငြိမ်းချမ်းသောလုံခြုံရေး၊ ညီညွတ်သော (Peace,Security and Unity)မြန်မာနိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်အောင်ကြိုးပမ်းကြဖို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျား-**

နိုင်ငံ့ဝန်ထမ်းများနှင့် စတင်ဝင်ရောက်တဲ့အဆင့်မှ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိ ခံစားခွင့်နှင့်အငြိမ်းစားဝန်ထမ်းများအတွက် ခေတ်နှင့်လျော်ညီသော လစာရိက္ခာများရရှိအောင် ဆောင်ရွက်ပါမယ်။

**စီးပွားရေး**

မှန်ကန်သော ကမ္ဘာ့အဆင့်မီ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်တဲ့ စီးပွားရေးစနစ် " Free and competative Trade Policy" စနစ်ကို ချမှတ်ဆောင်ရွက်ရန် ဖြစ်ပါတယ်။ နိုင်ငံတော်က စွက်ဖက်ကြိုးကိုင်မှုကင်းသော လွတ်လပ်စွာယှဉ်ပြိုင်ထုတ်လုပ်ရောင်းချသည့် စီးပွားရေးစနစ်တစ်ရပ်ကို တည်ထောင် အကောင်အထည်ဖော်ခြင်းဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ (L.D.C) တစ်နိုင်ငံဘဝ လွတ်မြောက်စေပါမယ်။ ဒီစနစ်ဖြင့် ကုန်ပစ္စည်းပေါများရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေးပြုလုပ်ရန် ရည်ရွယ်ပါတယ်။ မြန်မာငွေရဲ့တန်ဖိုးကို နိုင်ငံခြားငွေများနဲ့ ကွာဟချက် နည်းနိုင်သမျှနည်းအောင် စီမံမှုတွေချမှတ်ထားပါမယ်။ ပြည်တွင်းသုံးငွေကိုလည်း အာမခံချက်ရရှိရေးအတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းပေးမယ်။

**လူထုကျန်းမာရေး**

လက်ရှိကျန်းမာရေးစနစ်ဟာ ၇၀ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်တဲ့ ကျေးရွာနှင့်ဝေးလံခေါင်းပါးသောဒေသရှိ ပြည်သူများအတွက် လက်လှမ်းမီနိုင်မှု အနေအထားများ များစွာလိုအပ်ဆဲဖြစ်ပါတယ်။

ဤကိစ္စကိုအဖြေရှာနိုင်ရန် ပြည်သူတစ်ရပ်လုံးလွှမ်းခြုံသော သာမျှညီကျန်းမာရေးစောင့်ရှောက်မှု စနစ် (Universal Health Coverage) ကို တစိုက်မတ်မတ်အားထည့်ဆောင်ရွက်မည်ဖြစ်သည်။

**ပညာရေး**

အနာဂတ်မြန်မာနိုင်ငံတော်ကလေးသူငယ်များအရေး၊ ကျန်းမာရေး၊ ပညာရေး အပိုင်းတွင် နိုင်ငံတော် ဘတ်ဂျက်မှ သီးခြားခေါင်းစဉ်ဖြင့် ခွင့်ပြုသုံးစွဲနိုင်ရေး ဆောင်ရွက်မည်။

ကမ္ဘာ့အဆင့်မီပညာရေးစနစ်ကို အကောင်အထည်ဖော်သွားပါမယ်။ ကျောင်းသားသမဂ္ဂ၊ ဆရာများ သမဂ္ဂမှာ ဖွဲ့စည်းခွင့် ရရှိရေးဆောင်ရွက်မယ်။ အမျိုးသားပညာရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းရာ၌ အနာဂတ်အတွက်နှင့် ယနေ့ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို ပြုပြင်ပြောင်းလဲပြီးနိုင်ငံတကာ စံချိန်မီအောင် ပညာရေးစနစ်ဖြစ်ပေါ်ရေးဆောင်ရွက်မည်။

**အလုပ်သမား**

အလုပ်သမားတွေနဲ့ပတ်သက်ရင် အလုပ်သမားတွေ၊ အရာထမ်း၊ အမှုထမ်းတွေ မနစ်နာရအောင် ကာကွယ်ပေးမယ့် စည်းမျဉ်းဥပဒေတွေ ပြဋ္ဌာန်းပေးသွားမယ်။

**လယ်သမား**

လယ်သမားများနှင့်ပတ်သက်ပြီး လယ်ရှင်မြေရှင်ကြီးများ ပေါ်ပေါက်စေတဲ့ ဥပဒေဖျက်သိမ်းရေးဆောင်ရွက်မည်။

**နိုင်ငံခြားရေး**

လွတ်လပ်ပြီးဘက်မလိုက်တဲ့ နိုင်ငံခြားရေးဝါဒကိုကျင့်သုံးမှာဖြစ်ပါတယ်။

**တရားစီရင်ရေး**

ဥပဒေနှင့်အညီ တရားစီရင်သော တရားစီရင်ရေးဆိုင်ရာ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းပြီး လူထုအားလုံးအားကိုးလေးစားသော တရားစီရင်ရေးပေါ်ပေါက်အောင်ဆောင်ရွက်မည်။

**အလံနှင့် တံဆိပ်**

ခေတ်သစ်ပြည်ထောင်စု၏ အလံနှင့်တံဆိပ်အဓိပ္ပာယ်ဖော်ညွှန်းမှုမှာ-ပါတီအလံနောက်ခံအပြာရောင်မှာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးစုများအားလုံး အေးအတူပူအမျှ ဥမကွဲ၊ သိုက်မပျက် အတူတကွနေမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

အဖြူရောင်ကြယ် ၁၄ ခု စက်ဝိုင်းတည်ဆောက်ထားခြင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့နဲ့ တိုင်းရင်းသားလူမျိုးစုများ အားလုံးတို့ရဲ့ သဘောသဘာဝကို ဖော်ညွှန်းထားပါတယ်။

ခေတ်သစ်ပြည်ထောင်စု ပါတီစာလုံးအဝါရောင်မှာ " သီလ သမာဓိနှင့် နည်းပညာ" တို့ကို ဖော်ညွှန်းပါတယ်။

NEU မှာ New Era Union Party ၏ အတိုကောက်စာလုံးဖြစ်ပြီး အစိမ်းရောင်မှာ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ညွှန်းပါတယ်။

ယနေ့ ရွေးကောက်ပွဲဟာ လူ့လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော ပြည်သူ့ဆန္ဒပြပွဲကြီး ဖြစ်ပါတယ်။ လွှတ်တော်တွင် ဥပဒေရေးရာ ဆွေးနွေးအကြံပြုနိုင်သူများ များများရောက်ရှိရေးဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား. . . ။

**လူသစ်စိတ်သစ်ဖြင့် နိုင်ငံတော်သစ်တည်ဆောက်ကြပါစို့။**

## ရွေးကောက်ပွဲ လုံခြုံရေးအတွက် ပြင်ဆင်

ဖျာပုံ အောက်တိုဘာ ၄

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖျာပုံခရိုင်ရွေးကောက်ပွဲစော့စပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဝင်များ၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ လွှတ်တော်ကိုယ်စား လှယ်လောင်းများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၅၀ ကျော် တက်ရောက်ဆွေးနွေးခဲ့သည်။ ဖျာပုံခရိုင်အတွင်းရှိ မဲရုံပေါင်း ၁၀၄၉ ရုံအတွက် အထူးရဲ ၁၀၄၉ ဦးကိုလည်း ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**